www.burmeseclassic.com

ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

အချစ်ဘယ်ကဝ

( အချစ်လုံးချင်းဝတ္ထု၊ သစ် )



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၄၊ ဩဂုတ်။
ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချေး - ၁၄၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

မိုးစက်ပွင့် ၈၉၅.၈၃
အချစ် ဘယ်ကစ /မိုးစက်ပွင့်။ - ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၁၄ ။
၃၀၈ - စာ ၊ ၁၂.၃ × ၁၈ စင်တီ ။
(၁) အချစ် ဘယ်ကစ

# မိုးစက်ပွင့်

# အချစ် ဘယ်ကစ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ဆေးတက္ကသိုလ်(၁) မှာ 'ဝက်ပါ'ဆိုတဲ့နာမည်ကို မသိတဲ့သူ မရှိသလောက်ကို ရှားပါသည်။ သူနဲ့အတူတွဲနေသည့် သူ့သူငယ်ချင်းတွေကိုလည်း ဒီအတိုင်းပါပဲ။ သူ့အစွမ်းအစနဲ့သူ ထင်ပေါ်ကြတာ သူ့အရောင်အဝါဟပ်ပြီး စိန်နားကပ်အရောင်နှင့် ပါးပြောင်ကြတာမဟုတ်ပေ။

ဒါပေမဲ့ . . .

သူငယ်ချင်းလေးယောက်ကို နှစ်ယောက်က ပိုပြီး ထူးထူးခြားခြားထင်ပေါ်နေလို့ ကျန်နှစ်ယောက်ပါ တွဲဖက်အဖြစ် ထင်ပေါ်သည်ဟုလည်း ပြောကြ၏။ ဟုတ်ချင်လည်း ဟုတ်နိုင်တာပဲလေ။

ရွှေဝဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ . . . သူက စောစောရောက်နှင့်နေသူမို့ ကော်ရစ်တာမှာ ဟိုငေးဒီကြည့်နှင့်ပဲ သူငယ်ချင်းတွေအလာကို စောင့်နေသည်။ ဦးစွာရောက်သူက ဒီနေရာမှာ စောင့်နေပြီး လူစုံမှ သွားလိုရာကို သွားတတ်ကြသူတွေ။

"ဝက်ပါ ပါဆိုမှတော့ အကြွေအကောက်များတာပေါ့ဟာ။ သူ့လမ်းကြောင်းထဲမှာ မျက်စိလည်လမ်းမှားနေကြတာ ဘယ်နှယောက်ရှိပြီလဲ မရေတွက်နိုင်တော့ဘူး။ သိသိနဲ့ကို ဖွတ်ဝင်တိုးနေကြတာ"

"အင်း . . . အခု ကျန်ခဲ့ရတဲ့ဖူးဖူးလည်း အထိနာနေပြီ။ ပစ်မှတ်အသစ်က ဘယ်သူဖြစ်ဦးမလဲမသိဘူး"

"နင်တို့ငါတို့လည်း မတန်မှန်းသိလို့ မမှန်းရဲတာပါဟယ်။ သူကသာ လာငြိရင် သိသိနဲ့ အသည်းကွဲခံချစ်မှာ"

ခပ်တိုးတိုးပြောတာပေမယ့် ဝက်ပါ ကြားနေပါသည်။ ဖူးဖူးကို အဆက်ဖြတ်လိုက်တာအတွက် သို့လောသို့လောတွေ ပြောနေကြဦးမှာ သိသားပဲ။ ဝက်ပါ ရည်းစားများတယ်၊ ဘယ်မိန်းကလေးကိုမှ နှစ်ရှည်မပြောနဲ့၊ လရှည်စီမံကိန်းတောင် ဆွဲပြီး မတွဲဘူးဆိုတာသိသိနဲ့ သူတို့ဘက်က လာထိလို့ ကိုယ်ပြန်ငြိတာဘာဖြစ်လဲ။





ရွှေမင်းသမီးနဲ့မောင်ရွှေရိုးလို့ ကိုယ်ကကြိတ်ပိုးပြီး လိုက်ကပ်နေစရာမှမလိုတာ။ မစီးတဲ့ရေကို စီးစေလိုလို့ မြောင်းဖောက်ပေးကြမှတော့ ရေကလည်း စီးမှာပေါ့။

"ဟယ် ! ဟိုမှာ ဝက်ပါတော့"

"တစ်ယောက်တည်းပါလား"

"လူမစုံသေးလို့ စောင့်နေတာထင်တယ်"

"အဖော်သွားလုပ်ပေးရအောင်ဟာ"

"ဟင့်အင်း . . . ငါ့အသည်းက ဆတ်ဆတ်ကလေး ထိလွယ်ရှလွယ်လို့ပါ။ မတွဲခင်က ကွဲချင်နေတာဟ"

အဲဒီလိုကြိုတင်သတိပေးသံနှင့် ကိုယ့်ကိုယ်ကိုယ် သံပတ်ပေးပြီး အဝေးကြည့်အချစ်နဲ့ပဲ လွမ်းနေမယ်ဆိုတာမျိုးနှင့် ဝက်အူရစ်တင်းထားသူတွေလည်း ရှိသည်။

"ဝက်ပါတစ်ယောက်တည်းလား၊ လူမစုံသေးဘူးထင်တယ်"

"တစ်ယောက်တည်းမြင်ရင် တစ်ယောက်တည်းပဲပေါ့"

အမြဲတမ်းပြုံးနေသူမို့ သူ့ကို အပြုံးမင်းသားဟူ၍လည်း ကင်ပွန်းတပ်ကြသေးသည်။ ယောက်ျားလေးချင်းကလည်း ခုလို သူ့ကိုမြင်တာနှင့် ခေါ်ကြပြောကြ နှုတ်ဆက်ကြတာတွေရှိပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ရင်းရင်းနှီးနှီးတော့ မနေပေ။

"မင်းကိုတော့ အားကျတယ် ဝက်ပါ၊ မိန်းကလေးတွေရဲ့ပါးစပ်ဖျားမှာ King ဘွဲ့နဲ့ ရေပန်းစားနေတာ၊ အားမကျတဲ့ကောင်ရှိရင် မနာလိုလို့ပဲဖြစ်မှာကွ"

"ဟော ! ဟိုမှာ မင်းရဲ့ဘော်ဘော်တွေ လာပြီ၊ တို့သွားတော့မယ်"

သူတို့ဘာသာပြော သူတို့ဘာသာနှုတ်ဆက်ပြီး ထွက်သွားကြသည်။ သူရိယနှင့် ဘုန်းမြတ်သူက ရှိုးစမိုးအပြည့်နှင့် သူ့ဆီကိုလျှောက်လာတာ အနားမရောက်ခင်ဘဲ သူရိယက . . .

"ဟိုကောင်ရော"

"ဒီနေ့ မတက်ဘူး"

"ဘာဖြစ်လို့လဲ"

"ခြေမ ခေါင်းကိုက်နေလို့"

"ဒီက အကောင်းမေးတာကို"

"ငါကလည်း အဆိုးဖြေနေလို့လား. . . မင်းပထွေးက သောက်စားတွေ နှင်းကန်စားပြီး ဝမ်းတွေသွားနေလို့တဲ့"

"ပထွေးတော့ မလုပ်ပါနဲ့ကွာ၊ ကံထိုက်နေမှာစိုးလို့။ ယောက်ဖဆို တော်သေး။ ညီမလေးတစ်ယောက် စစ်စစ်ပေါက်





ပေါက်ကို သူရိယက ပေးချင်နေတာ"

ဘုန်းမြတ်က သူရိယကို ပခုံးချင်းတိုက်၍ စလေတော့

"သမား ယူမယ်ဆို ပေးမယ်၊ ဘာဖြစ်လဲ။ မင်းနဲ့လွတ်ရင် ပြီးရော"

သူတို့က အဲဒီလိုပါ။ မတည့်အတူနေဆိုသလို မမြင်ရတော့လည်း မနေနိုင်၊ တွေ့ကြပြန်တော့လည်း စကားနိုင်လုကြ၊ စကြနှင့် စိတ်ဆိုးတယ်ဆိုတာလည်းမရှိ။ သူတို့လေးယောက်မှာ ဝက်ပါ၊ သမားတော်၊ သူရိယ၊ ဘုန်းမြတ်သူဆိုပြီး တွဲမိကြတာ ဒီဆေးတက္ကသိုလ်နယ်မြေကိုရောက်မှပါ။

သမားနဲ့အပါက ခြံချင်းကပ်ဖြစ်ပြီး သူရိယနဲ့ ဘုန်းမြတ်သူကလည်း တစ်ကျောင်းတည်းမှာ ဆယ်တန်းအောင်ခဲ့ကြသူတွေ။ နှစ်ယောက် နှစ်ယောက်ချင်း ပေါင်းမိပြီး လေးယောက်ဖြစ်လာတာ ဘာကြာသေးလို့လဲ။

"ကဲ ! ဘယ်ကိုသွားပြီး ဘာလုပ်ကြမလဲ။ ပြော"

ဝက်ပါက မေးလေတော့ ဘုန်းမြတ်က ဘောင်းဘီအိတ်ထဲ ထည့်ထားတဲ့လက်တစ်ဖက်ကိုနှုတ်ပြီး ဝက်ပါ့ပခုံးကိုဖက်ကာ

"ကန်တင်းပဲ သွားကြတာပေါ့"

"ရောက်လာတာနဲ့ စားဖို့သောက်ဖို့ပဲ တန်းပြောတော့



www.burmeseclassic.com

www.burmeseclassic.com



တာပဲ''

''သိတယ်မို့လား၊ အအိပ်နဲ့အစား သိန်းအစိတ် ပေးတောင် မငှားဘူး''

ဝက်ပါက ခြေလှမ်းစလှမ်းရင်း . . .

''အအိပ်ပုပ် အစားပုပ်လို့ ဖက်တီးမင်းသားဖြစ်ရင် သူများ အငေးခံရတဲ့အထဲမှာ မင်းမပါဖြစ်လိမ့်မယ်''

''မိန်းမမရခင်အထိတော့ ထိန်းသိမ်းထားရမှာပဲ။ ရပြီးရင်တော့ ဖက်တီးဖြစ်ဖြစ် စည်ပိုင်းဖြစ်ဖြစ်''

''ဒါဆို မင်းက ကိုယ့်ကိုယ်ကိုယ် ရောင်းကုန်လို့ သတ်မှတ်ထားတာပေါ့''

''ဒါပေါ့၊ ကိုယ်က လန်းနေမှ လန်းတာလေး ပြန်ရမှာ''

''တော်တော်ကြီးမားတဲ့ ရည်ရွယ်ချက်''

သုံးယောက်သား ပခုံးချင်းယှဉ်လျှောက်လာတဲ့အထဲမှာ ဝက်ပါက King ဘွဲ့ရထားသူပီပီ အချောဆုံး အဖြောင့်ဆုံးပါ။ အရပ်က ကျန်နှစ်ယောက်ထက် မသိမသာလေး ပိုမြင့်နေပြီး ဗလကျစ်ကျစ်နှင့် ဗိုက်ကလည်း အဆီပိုတွေဘာတွေမရှိဘဲ လမ်းလျှောက်ပုံကအစ ကြည့်လို့ကောင်းသူ။

မျက်ခုံးထူထူနှစ်ဖက်က လခြမ်းသဏ္ဍာန်ရှိနေပြီး မျက်





ဝန်းတွေက အမြဲတမ်းတောက်ပနေသည်။ နှာတံပေါ်ပြီး နှုတ်ခမ်းအစုံက အပေါ်ထက် အောက်ဖက်က တွဲနေသယောက်နှင့် အပေါ်က မထူမပါးပေမယ့် အောက်နှုတ်ခမ်းက ထူသလိုရှိနေပုံက တစ်မျိုးကြည့်ကောင်းသည်။ မျက်နှာက ဝိုင်းမလိုရှိပြီးမှ ပါးဖောင်းသလိုလိုနဲ့ အောက်ကျမှသွယ်ပြီး မေးစေ့ချွန်နေသဖြင့် ဝိုင်းခြင်းလည်းမဟုတ်၊ သွယ်လည်းမသွယ်။ နှုတ်ခမ်းမွှေးရော ပါးမြိုင်းရော စိမ်းစိမ်းလေးတွေက ယောက်ျားပီသမှုကို ဆောင်ကြဉ်း၍ ဝက်ပါဆိုတာ ယောက်ျားပီပီ ချောမောခြင်းနှင့် ထင်ပေါ်ခဲ့သူ။

''သူများသားတွေများ ကံကောင်းလိုက်တာ၊ မြင်သမျှလူ မကြည့်ချင်ဘူးဆိုပြီး မျက်နှာလွှဲသွားတဲ့လူကို မရှိတာ''

ဘုန်းမြတ်က ခပ်မဲ့မဲ့လုပ်ပြီးပြောလေတော့ ရှေ့ကိုကျော်သွားပြီဖြစ်တဲ့ သူရိယက ပြန်လှည့်ကြည့်ပြီး . . .

''သူ့ကုသိုလ်နဲ့သူလေ၊ မင်းကရော . . . ဝက်ပါလောက်မဟုတ်ပေမယ့် ခွေးပေးလို့ ဝက်မစား၊ ကြမ်းကြား လေကြားရုပ်လား''

''ဘာကိုပြောတာလဲ''

''မင်းက ဘာကိုမေးတာလဲ''

''ကြမ်းကြား လေကြားဆိုတာ''



www.burmeseclassic.com

www.burmeseclassic.com



သူရိယ ပွန်ခနဲရယ်၍ . . .

"ကြမ်းကြားမှာ ဘာကောင်နေလဲ"

"ပုရွက်ဆိတ်"

"သေပါလား၊ ကြမ်းကြားမှာနေမှတော့ ကြမ်းပိုးပေါ့။ လေကြားမှာလွင့်တာ အမှိုက်"

ဘုန်းမြတ် ရယ်ကျဲကျဲနှင့် ခေါင်းကုတ်လေ၏။ သူရိယ ပြောတာလည်း မှားတော့မမှားပေ။ ဗီဒီယိုထဲမှာဆိုရင် ဝက်ပါက မင်းသားဆိုလျှင် ဘုန်းမြတ်နှင့်သူရိယကတော့ အရံမင်းသားရုပ် မျိုးတွေပါ။ ဘုန်းမြတ်က မျက်လုံးလေး မှေးသလိုရှိပေမယ့် ရယ် လိုက်လျှင် ပါးချိုင့်လေးနဲ့ ချောတာမဟုတ်တောင် ကလေးလို ချစ်ဖို့ကောင်းတာဟု ပြောတဲ့သူတွေရှိသလို . . .

သူရိယကျတော့ အသားလတ်ရုံမျှနှင့် ခပ်သွယ်သွယ် ရှိပြီး မျက်လုံးမျက်ခုံးတို့က အိန္ဒိယဆန်ဆန်နှင့်ချောသူတဲ့။ ပြော မှာပေါ့၊ ဒီကောင့်မျက်လုံးက ယောကျ်ားဖြစ်ပြီး မျက်တောင်တွေ ရှည်ပြီး ကော့နေတာလေ။ အားလုံးထဲမှာ ဝက်ပါလိုမဟုတ်ဘဲ ဝက်ပါနှင့်တန်းတူ ထူးခြားစွာ ထင်ပေါ်သူက 'သမား'လေ။ ဝက်ပါ နှင့်ဆန့်ကျင်ဘက် စည်းခြားပြီး ရပ်နေကြည့်လိုက်။

ဝက်ပါ့ဘက်ကို ဆယ်ယောက်ပြေးလာကပ်လျှင် သမား





ဘက်မှာလည်း ဆယ်ယောက် အားဖြည့်ကူညီချင်သူတွေနှင့်ပါ။ ဘုန်းမြတ်က ဝက်ပါကိုအားကျပြီး ဂုဏ်ယူသလို သူရိယက သမား ကို လေးစား အတုယူချင်သူ။

. . . မင်းနော်"

"သိတယ်၊ အကြွေးရှိရင် ပြန်ဆပ်ရမယ်ဆိုတာ"

"အကြွေးလို့တော့ မသတ်မှတ်ပါနဲ့ကွာ၊ အလှည့်ကျလို့ ပဲပြောပါ။ မင်းသတ်မှတ်တာကြီးက အကျည်းတန်လို့"

သူရိယကပြောရင်း ရှေ့ဆုံးမှဝင်လေသည်။

"အယ်! ဝက်ပါတို့လာတယ်"

သူတို့ဝင်လာတာနှင့် မိန်းကလေးတွေအချင်းချင်း လက် တို့ကုန်ကြသည်။ သူတို့ကတော့ ဘယ်သူ့ကိုမှဂရုမစိုက်ဘဲ သူ တို့သုံးယောက်တည်းပဲ ရှိနေသလိုပါ။

"ဝက်ပါတို့လာတာ ဘာလုပ်ရမှာလဲ၊ ခြေထောက်ရှိလို့ လာတာကို ဘုန်းကြီးကြွလာသလို ခြေထောက်ကို ဆီးကြို ဖုန် သုတ်ပေးရမှာလား"

"လုပ်ခွင့်ရရင် လုပ်ပေးချင်တာ"

"ရှူးမနေနဲ့၊ နှင့်နှလုံးသားကို လက်ထိပ်ခတ်ပြီး အချုပ် ထဲထည့်ထားလိုက်။ အဲဒါ ကာကွယ်ဆေးကောင်းပဲ။ မဟုတ်လို့



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးရင် မျက်စိလည်လမ်းမှားပြီး ဂွမ်းသွားမယ်''

ဝက်ပါ သူ့ဖုန်းကိုထုတ်ပြီး တစ်ဖက်ပိုင်းက ကောင်မလေးတွေဘက်သို့ လှည့်ပေးလိုက်လျှင် သူဘာလုပ်တော့မည်ဆိုတာ သူငယ်ချင်းတွေ သိလိုက်၏။

''ငါကတော့ အိန္ဒိယမင်းသားလေးလောက်ရရင် တော်ပါပြီ။ သူ့မျက်လုံးလေးတွေက ရင်ခုန်လို့အကောင်းဆုံးပဲ''

သုံးယောက်ထိုင်နေတာ သုံးပေါက်ထွက်နေ၏။ ဝက်ပါကို ဂရုမစိုက်သလိုပြောတဲ့တစ်ယောက်က သူကိုယ်တိုင်လည်း အလုပ်ပေးဖြစ်နေတာကို။ သူ့လေသံက ဝက်ပါ့ကို စိန်ခေါ်လိုက်ခြင်းပါပဲ။ ဝက်ပါရဲ့ပစ်မှတ်အသစ်က ထိုမိန်းကလေးဖြစ်ဖို့ ရာနှုန်းရှစ်ဆယ်။

ဝက်ပါ ကောင်မလေးပုံကို ဖုန်းထဲမှာ အရယူလိုက်၏။ ဒါကိုမြင်သွားတော့ . . .

''ဟိတ်! အဲဒါ ဘာလုပ်တာလဲ''

''မင်းပုံလေးကို ရင်ဘတ်ထဲ ထည့်ကြည့်မလို့''

''ဘာ . . .''

ကောင်မလေးဆီကို ဝက်ပါ လျှောက်သွားလိုက်ပြီး . . .

''ဒီတစ်ခါ တကယ်အတည်ဖြစ်ချင်ဖြစ်သွားနိုင်တယ်ကွ။





တို့ကစတာ ဒါပထမဆုံးအကြိမ်ပဲ။ မင်းကံကောင်းပါတယ်။ တို့အကြောင်းကို မင်းသိမှာပါ။ တို့ကအရင် မိန်းကလေးတွေကို စရောတဲ့ရာဇဝင် ကွင်းစကွင်းပိတ် ဘယ်မှာကိုမှ မရှိခဲ့သေးတာ''

ကောင်မလေး တွေခနဲဖြစ်သွားတာကိုမြင်လိုက်ရတော့ ဝက်ပါ ဆက်ပြော၏။

''တို့ကို ရည်းစားများတယ်လို့ နာမည်ကြီးနေတာ၊ အဲဒါတမင်ရှုပ်တာမဟုတ်ဘူး။ အချစ်စစ်ကို ရင်ဘတ်ချင်းငြိမှ သိမှာမို့လို့ လက်တွဲဖော်အစစ် ရွေးနေတာပါ။ စင်ဒရဲလားပုံပြင်ထဲကလို ရွှေဖိနပ်တစ်ဖက်နဲ့ခြေရာခံပြီး လိုက်ရှာဖို့ကျတော့ စိတ်မရှည်လို့''

''အဟွန်း . . . အပြောကလည်း ကောင်းသားပဲ''

''နာမည်ဘယ်လိုခေါ်လဲ''

''ယမင်းသဇင်''

ဖြေလိုက်တာက နာမည်ပိုင်ရှင်မဟုတ်ဘဲ ဆံပင်ရွှေရောင်နှင့်ကောင်မလေးပါ။

''ယမင်းလို့ပဲခေါ်မယ်နော်၊ ကိုယ့်ရင်ဘတ်ထဲက ယမင်းရုပ်အစစ်ကလေး ဖြစ်ချင်ဖြစ်နေမှာ။ နောက်ထပ်ဆုံဖို့ တို့ကပဲ ကြိုးစားပါ့မယ်။ သွားခွင့်ပြုပါဦး''



www.burmeseclassic.com

www.burmeseclassic.com



ယမင်း ဘာမှပြန်မပြောနိုင်ခင်ဘဲ ဝက်ပါပြန်ထွက်သွားပြီး သူ့သူငယ်ချင်းတွေပါ ဆိုင်ထဲမှထွက်သွားကြ၏။ သူ့ကိုယုံရမှာလား မယုံရဘူးလား ချိတုံချတုံဖြစ်နေတဲ့ယမင်း၊ တကယ်တမ်း စိတ်ဝင်စားတာက သမားကို။ သမားက ဝက်ပါလို ကိုယ်က စငြိလည်း တုံ့ပြန်မှုမှ မရနိုင်တာ။

"ယမင်း"

"ဟင်"

"ဝက်ပါ လာငြိတာပဲဟာ၊ စဉ်းစားမနေနဲ့။ တွဲဖူးတယ်ရှိလည်း နည်းတာမှတ်လို့ . . . ဟဲဟဲ"

"သူနဲ့တွဲပြီး နင် ထင်ပေါ်သွားမယ်လေ"

"အဲဒီလိုတော့ မပြောပါနဲ့၊ တို့ယမင်းကလည်း အလှထိပ်ခေါင်တင်ပဲဟာ။ ဝက်ပါ တကယ်ထိသွားတာလည်း ဖြစ်နိုင်တယ်"

"ဆုတောင်းပေးပါတယ်"

ယမင်း လှလှပပလေး ပြုံးလိုက်၏။ ငါးမရလို့ ရေချိုးပြန်တဲ့အဖြစ်မျိုးနဲ့ ကြုံရဦးမည်ထင်ပါရဲ့။ ဘာပဲဖြစ်ဖြစ် ဝက်ပါက ထပ်ဆုံဖို့ တကယ်ကြိုးစားလာမည်ဆိုလျှင် စိတ်ခိုင်ခိုင်ထားပြီး အလိုက်သင့် ပြန်တုံ့ပြန်မှုပေးလိုက်မည်။ မမြဲလို့ ကွဲသွား





လည်း ကိုယ့်ကုသိုလ်ပေါ့။

"နင် ဘယ်လိုသဘောရလဲ ယမင်း"

"မဆိုးပါဘူး . . . သိသိနဲ့ အသည်းကွဲခံတွဲတဲ့လူတွေတောင် ရှိနေတာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ဘိုဘိုရေ . . . ဘိုဘို"

အသံလေးစာစာနှင့် ခေါ်လိုက်တာ လူကိုမဟုတ်ပေ။ အယ်လ်ဖေးရှင်းခွေးလေးရဲ့နာမည်။ နိုးနိုး ဘိုဘို့ကိုမတွေ့သဖြင့် လိုက်ရှာနေတာပါ။ ဘိုဘိုက သူမရဲ့အဖော်လေ။ ဒီအိမ်မှာ နိုးနိုးရယ်၊ သူမဖေဖေ ဦးသာထက်ရယ်ပဲ မိသားစုဝင်ရှိနေတာဖြစ်ပြီး ကျန်တာက အလုပ်သမားတွေပဲရှိသည်။

အဖေတစ်ခု သမီးတစ်ခုဘဝမှာ ဖေဖေဆိုသူက သူ နောက်ကွယ်မပြုမီ သမီးဘဝရှေ့ရေးအတွက် ဘာတစ်ခုမှ လိုလေသေးမရှိအောင် ရှာဖွေ စုဆောင်းခဲ့ချင်သည်ဟုဆိုကာ စီးပွားရေး စီးပွားရေးဖြစ်နေပြီး တစ်ဖက်မှာလည်း ရတဲ့အချိန်လေးမှာ တစ်



www.burmeseclassic.com

www.burmeseclassic.com



နာရီ တစ်စက္ကန့်ဖြစ်ဖြစ် သမီးကို ဂရုစိုက်လွန်းသူ။

"ဘိုဘို. . . ဘိုဘိုရေ"

"သမီး. . . ဘိုဘို ဒီမှာ"

ဦးသာထက် ရေကူးကန်ဘေးမှာ ထိုင်နေရင်းမှ သမီးကိုလှမ်းခေါ်လိုက်သည်။ ဘိုဘိုက ဦးသာထက်ခြေထောက်အနားမှာ လျှာလေး ပြွတ်တွတ်နှင့်ပါ။ နိုးနိုးက ပြေးလာပြီး. . .

"ဘိုဘိုက ဖေဖေနဲ့လိုက်လာတာကို။ ဘိုဘို လာခဲ့"

"သမီး"

"ရှင်. . . ဖေဖေ"

နိုးနိုးက ခွေးလေးကိုပွေ့ယူမလိုလုပ်ပြီးမှ မော့ကြည့်၏။

"အိမ်ထဲပြန်ဝင်တော့မလို့လား"

"ဟုတ်"

"ဒီမှာ ဖေဖေတစ်ယောက်တည်းထိုင်ပြီး ပျင်းနေတာ၊ တို့သားအဖ စကားပြောကြမယ်လေ"

"စကားပြောတာထက် စစ်တုရင်ကစားရင် ပိုကောင်းတယ်"

"အမယ်! သမီးက ဖေဖေ့ကိုစိန်ခေါ်တာလား"

"ခြေရာတိုင်းတာတော့ မဟုတ်ဘူးနော် ဖေဖေ။ ဉာဏ်





ရည်စမ်းတာ။ သမီးဘယ်လောက်တော်လာမလဲ သိချင်လို့"

"ကဲ! ဟုတ်ပါပြီ၊ ကစားကြတာပေါ့"

သူတို့သားအဖက အဲဒီလိုပါ။ ငယ်ငယ်လေးကတည်းက သမီးကို စစ်တုရင်ကစားနည်း သင်ပေးထားပြီး၊ ပျင်းလာပြီဆို အဖော်ရှာစရာမလိုဘဲ သားအဖတွေ ကစားကြသည်သာ။ အမိမဲ့သမီးလေးမို့ လိုသမျှဖြည့်ဆည်းပေးခဲ့သလို သမီးကလည်း လိမ္မာသည်။ ဖအေက ဒီလမ်းမသွားနဲ့ဆို ဘယ်သူငယ်ချင်းကပဲ ဆွဲခေါ်ခေါ် ဘယ်ကိုမှမသွားပေ။

အခြားနေရာမှာ ရောက်နေလျှင်တောင် ဖုန်းဆက်ခွင့်တောင်းပြီးမှ လိုရာခရီးကိုသွားတတ်သူလေးပါ။ ဖအေလုပ်သူကလည်း နေရာတကာ မပိတ်ပင်မတားဆီးပေ။ လူငယ်တွေရဲ့ လွတ်လပ်ခွင့်ကို မပိတ်ပင်ဘဲ နားလည်ပေးနိုင်စွမ်းရှိသူမို့ သားအဖက မောင်နှမလို သူငယ်ချင်းလို ရင်းနှီးနေကြသည်လေ။

"ဟာ! သွားပြီ. . . ဖေဖေရှုံးသွားပြီ"

နိုင်တာကို မပြုံးဘဲ နိုးနိုး ဖခင်ကို မျက်လွှာပင့်ကြည့်ကာ. . .

"ဖေဖေ သမီးကို တမင်အရှုံးပေးတာမဟုတ်လား။ အဲဒီလိုမလုပ်နဲ့လေ၊ သမီးက ကိုယ့်အရည်အချင်းစစ်ကို သိချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"No! . . . ဖေဖေ တကယ်ရှုံးပြီး သမီး တကယ်နိုင်တာပါ သမီးရယ်။ ကိုယ့်သမီးမို့ ဖေဖေက အရှုံးပေးမယ်ထင်လို့လား။ ဝေးသေးတယ်။ ကစားတာနဲ့ပတ်သက်လာရင် သမီးက သမီးပဲ၊ တမင်အရှုံးမပေးဘူး"

"ဖေဖေ တကယ်ပြောတာလား"

"တကယ်ဗျာ"

"Ok! ... ဒါဆို နောက်တစ်ပွဲ လောင်းကြေးနဲ့ကစားမယ်"

"ဟေ!"

လောင်းကြေးနဲ့ သမီးက စိန်ခေါ်နေသဖြင့် ဦးသာထက် ရယ်လေ၏။ ဒါ ယုံကြည်မှုတစ်ခုပဲလေ။ သူလိုချင်တာလည်း ဒါမျိုးပါပဲ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတဲ့လူက ကျရှုံးခဲ့လျှင်တောင် ခွေးလိုပစ်စလက်ခတ် မကျဘဲ၊ ကြောင်လို ခပ်သာသာ ပေါ့ပေါ့လေးပဲ ကျမှာပါ။

"ဘယ်လိုလဲ ဖေဖေ"

"စိန်လိုက်လေ၊ ဘာကြေးလောင်းမလဲပြော"

နိုးနိုး နားထင်ကို လက်ညှိုးလေးထောက်၍ စဉ်းစားလိုက်ကာ. . .





"သမီးနိုင်ရင် ဖေဖေကိုယ်တိုင် သမီးကို ရုပ်ရှင်လိုက်ပြရမယ်။ ပြီးရင် . . ."

"တစ်ခုပဲလေ သမီးရဲ့"

"ကဲ! ထားပါတော့၊ ဖေဖေ နိုင်ခဲ့ရင်ကော"

ဦးသာထက်က စဉ်းစားထားပြီးသားမို့. . .

"ဖေဖေ့ကို ဆရာခေါ်ပြီး. . ."

"တစ်ခုပဲလေ"

နိုးနိုး လက်ညှိုးလေးတစ်ချောင်း ထောင်ပြလေ၏။ ပြီးရဲ့ နောက်တစ်ခုမည်တာမို့။

"ဟုတ်ပြီဗျာ၊ စလိုက်ကြရအောင်"

သားအဖနှစ်ယောက် နောက်တစ်ဝိုင်း ကစားကြတော့ ဦးသာထက် နိုင်သွားလျက်. . .

"ဟေး. . . ဒါမှ ငါကွ"

ဟု ထအော်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"နှိုးနှိုး"

"ဟင်!"

လှည့်ကြည့်လိုက်တော့ အောင်ကျော်မိုးပါ။ နာမည်က အောင်ကျော်မိုးပေမယ့် နှိုးနှိုးကတော့ မိုးမိုးလို့ပဲခေါ်ကြပါသည်။ ယောက်ျားဖြစ်ပြီး နုနွဲ့နေလို့လေ။ သူပေါင်းတော့လည်း ယောက်ျားလေးချင်းမဟုတ်တဲ့ နှိုးနှိုးတို့အဖွဲ့နှင့်မို့ သူ့ကို အခြောက်ဟူ၍လည်း စကြသေးတာကို သူက မနာပေ။

"ဘာလဲ မိုးမိုး"

"နှင့်ကိုတွေ့ချင်လို့တဲ့၊ ကော်ရစ်တာမှာ လူတစ်ယောက်စောင့်နေတယ်။ ငါ့ကိုမေးတာလေ၊ အမြွက်တနိုးကို သိလားတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

"အင်း . . . ငါအခုပဲ နိုးနိုးကိုလွှတ်လိုက်ပါမယ်လို့ ပြောခဲ့တယ်။ သွားလိုက်ဦး"

"ဘယ်သူများပါလိမ့်"

"မသိဘူးလေ၊ အသားဖြူဖြူနဲ့"

"နှင့်ဟာကလည်း နားကပ်နဲ့အဝေါ်ကြီး အကြွေးဝယ်သွားတာဆိုတာမျိုး ဖြစ်နေပြီ။ အသားဖြူတဲ့လူတွေ အများကြီး"

ရွှေ စကားပြောမှ မိုးမိုးရယ်လိုက်ကာ . . .

"ဟုတ်သားပဲ၊ ဒါဆိုမှတ်မိလွယ်တာ ပြောမယ်။ သူ့နှုတ်ခမ်းထောင့်မှာ မှဲ့ကလေးနဲ့"

"ဟယ်! ဒါဆို ကိုကြီးပေါ့"

နိုးနိုး ဝမ်းသာအားရပုံလေးဖြစ်လျက် ချက်ချင်းထွက်သွားတာ ဘယ်သူ့ကိုမှ လိုက်ခဲ့ပါလည်းမပြော၊ နေခဲ့ပါလည်း မဆို။

ကိုကြီးဆိုတာက နိုးနိုးရဲ့အစ်ကိုတစ်ဝမ်းကွဲ ရာဇာပါ။ ရာဇာ့မေမေနဲ့ နိုးနိုးရဲ့မေမေက ညီအစ်မအရင်းလေ။ ကိုကြီးက သင်္ဘောသားမို့ ပြန်ရောက်တာနှင့် နိုးနိုးဆီ လာတာပဲဖြစ်မှာပေါ့။

"အင့်!"





"အမေ့!"

"ဟာ!"

အကွေ့မှာမို့ ကိုယ်ကလည်းမမြင်၊ သူကလည်း မမြင် ဝင်တိုက်မိရာ နိုးနိုးလက်ထဲမှစာအုပ်တွေ ပြုတ်ကျကုန်၏။ နိုးနိုး ဝင်တိုက်မိသူကို တောင်းပန်ဖို့မော့ကြည့်လိုက်တော့ . . .

"ဝက်ပါ"

ဝက်ပါက နိုးနိုးကို မျက်မှောင်ကြုတ်ကြည့်လိုက်ပြီးမှ

"ဘယ်လိုဖြစ်တာလဲ၊ ရှောင်လိုက်ဘာတောင် တိုက်ဖြစ်အောင်တိုက်သေးတယ်။ မင်းခြေထောက် ငါးချောင်းအပြင် ပို ထွက်လာမယ်မှတ်လို့ ငုံ့ကြည့်လာတာလား"

"ဆော . . . ဆောရီးပါ။ တို့တောင်းပန်ပါတယ် ဝက်ပါ"

နိုးနိုးစကားပင် မဆုံး၊ ဝက်ပါက ထွက်သွားပြီ။ နိုးနိုးကတော့ သူ့ကိုလိုက်ကြည့်မိသေး၏။ သူများတွေလို ကိုယ်က လိုက်ရေပြီး အသည်းကွဲခံ ချစ်တာမဟုတ်ပေမယ့် နိုးနိုး ဘယ်နေရာမှာမဆို ဝက်ပါကို လိုက်ငေးကြည့်နေရသည်သာ။ မတွဲဘဲနှင့် အသည်းကွဲတယ်လို့ပြောရမလား။

ဝက်ပါ ဘယ်မိန်းကလေးနဲ့တွဲနေပြန်ပြီ၊ ကွဲသွားပြီဆိုတာတွေ ကြားရတိုင်း နိုးနိုးရင်ထဲမှာ ကျိတ်ခံစားရကာ ဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com



မှမသိပေ။

"ဟင်!"

နိုးနိုး စာအုပ်တွေကို ငုံ့ကောက်လိုက်စဉ် ဝက်ပါပုံစံလေးနှင့် သော့ချိတ်ကလေးကို မြင်လိုက်ရ၏။ နောက်မှာ တစ်ဖက်က သမားတော်ရဲ့ပုံ။ သော့မပါဘဲ ဒါလေးတင် တွေ့ရပုံထောက်တော့ သော့က သူ့လက်ထဲမှာ ပါသွားပြီး ချိတ်ကလေးတင် ပြုတ်ကျန်ခဲ့တာဖြစ်မှာပေါ့။ နိုးနိုး သော့ချိတ်ကလေးကိုကောက်ယူပြီး စာအုပ်တွေပါပိုက်လျက် ဆက်လျှောက်လာခဲ့၏။

"နိုးနိုး . . . ညီမလေး"

"ကိုကြီး"

တွေ့တာနှင့် မောင်နှမတွေ ပြေးဖက်ကြသည်။ ရာဇာ တစ်ခါ သင်္ဘောထွက်သွားပြီဆို တော်တော်နှင့်ပြန်လာတာမှမဟုတ်တာ။

"ကိုကြီး ဘယ်တုန်းက ပြန်ရောက်တာလဲ"

"မနေ့ကလေ၊ ငါ့ညီမကိုတွေ့ချင်လို့ အိမ်တောင်မသွားဘူး။ ကျောင်းကိုတန်းလာတာ"

"ဟင်! နိုးနိုးသာ ကျောင်းမတက်ရင် လွဲပြီပေါ့"

"မလွဲအောင် အန်ကယ့်ဆီ ဖုန်းဆက်ပြီး မေးတာပေါ့။





ညည်းဖုန်းကို မဆက်တာက Surprise လေ"

နိုးနိုးက ဆံပင်ပျော့လေးများ လှုပ်ယမ်းသွားအောင် ခေါင်းလေးငဲ့လျက် . . .

"နိုးနိုးအတွက် ဘာလက်ဆောင်တွေပါလဲ"

"မပါဘဲနေပါ့မလား။ ညနေကျ လိုက်ယူလေ"

"ဟင်! ကိုကြီးကလည်း၊ တစ်ခါတည်းယူခဲ့ရင် ဘာဖြစ်မှာမို့လို့လဲ"

"အဲဒါလည်း Surprise... ပဲလေ"

နိုးနိုးတို့စကားပြောနေကြစဉ် ဝက်ပါတို့သူငယ်ချင်းတစ်စုမှာလည်း . . .

"ဝက်ပါ"

"ဘာလဲ"

"မင်းရဲ့ကားသော့အမြီး ဘယ်ပြုတ်ကျန်ခဲ့လဲ"

သူရိယက ဝက်ပါ့လက်ထဲမှာကိုင်ထားတဲ့ ကားသော့ကို သတိထားမိသွားပြီးပြောလေမှ ဝက်ပါ ကြည့်မိလျက် . . .

"အဲ . . . ဟုတ်သားပဲ၊ ဘယ်မှာ ပြုတ်ကျန်ခဲ့တယ်မသိဘူး"

"အင်း . . . ကောက်ရတဲ့သူက မိန်းကလေးဆိုရင် မင်း



www.burmeseclassic.com

www.burmeseclassic.com



ပုံကို နှမ်းနေမလား၊ သမားပုံကို နှမ်းနေမလားပဲ''

''ပွဲပါသွားတာမှမဟုတ်တာ၊ ငါသာဆို လိုက်တောင် ဝေပေးလိုက်ချင်သေးတယ်''

ဘုန်းမြတ်ပြောတော့ ဝက်ပါက ဘုန်းမြတ်ပခုံးကို ဖက်လိုက်ကာ . . .

''မင်းကိုစိတ်ဝင်စားတဲ့ ကောင်မလေးတွေလည်း ရှိတာပဲဥစ္စာ။ မင်းပုံနဲ့ သော့ချိတ်လုပ်ပြီး လိုက်ဝေလိုက်ပါလား''

ဘုန်းမြတ်က ပျော်တတ်လို့ နောက်တာကလွဲရင် ဘယ်မိန်းကလေးကိုမှ ချစ်ဖို့ကြိုက်ဖို့မကြိုးစားပေ။ ပါးစပ်က ပြောတာရှိပေမယ့် လက်တွေ့မှာ စိတ်မဝင်စားတာ သူ့မိဘတွေ ရိုက်တဲ့ပုံစံခွက်ထဲမှာ တုပ်မိချုပ်မိဖြစ်နေလို့ပါ။ သူနဲ့ရည်ရွယ်ထားတဲ့ မိန်းကလေးက ပြင်ဦးလွင်မှာ ရှိပြီးသားတဲ့။

မိဘစကားကို နားထောင်သည့်သားဖြစ်ဖို့ နှလုံးသားကို အသေသော့ခတ်ထားသူပါ။

''နေပါစေ နေရင်းထိုင်ရင်း အသည်းကွဲဖာတ်လမ်းတွေ ဖြစ်နေဦးမယ်''

''ငပေါ''

''ပြောချင်သလိုသာပြော၊ ငါက အပျော်ကနေ အချက်





တွေဖြစ်မှာ ကြောက်တယ်။ သူများကိုလည်း ဒုက္ခမပေးချင်ဘူး''

''မင်းပြောပုံအရဆို ငါက ကောင်မလေးတွေကို လိုက်ဒုက္ခပေးနေတဲ့ကောင်ပေါ့''

''မင်းဘာပဲလုပ်လုပ် ငါမဝေဖန်ဘူး ဝက်ပါ။ မင်းလည်း မင်းသမိုင်းကို မင်းရေးနေတာ။ မင်းကိုအားကျပေမယ့် ငါ့မှာ အဲဒီလိုလုပ်ခွင့်မရှိဘူး''

''သနားပါတယ် . . . ကျွတ်! ကျွတ်! ''

သူရိယက မှဲ့သည်။ ဘုန်းမြတ်က ဝက်ပါ့ကို အားကျပေမယ့် လုပ်ခွင့်မရှိတာက တကယ်လေ။ သူဘာပဲလုပ်လုပ် သူလုပ်သမျှသတင်းက သူ့အရင် အိမ်ကိုရောက်နေတတ်တာပါ။

သူရိယက ဝါသနာကိုမပါတာ။ သမားဆိုရင် အမြဲတမ်းတည်တည်ကြည်ကြည်နေသူ။ မိန်းကလေးတွေ ချောတာလှတာ စိတ်မဝင်စားသလို သူများလုပ်သမျှကိုလည်း အပြစ်လို့မပြောဘူး။ သမားစိတ်ဝင်စားတာက စာနှင့်အားကစားသာ။ ချမ်းသာကြတာချင်း တူပေမယ့် လျှောက်နေတဲ့ဘဝခရီးလမ်းချင်းက မတူတော့ ခံယူချက်ချင်း ကွဲလွဲကြတာလေးတွေတော့ ရှိကြသည်။

''သနားရင် မင်းညီမ''

''ဟော့ကောင်''



www.burmeseclassic.com

www.burmeseclassic.com



သူရိယ လက်သီးဆုပ်တော့ ဘုန်းမြတ် ပြေးလေတော့သည်။ သူတို့ ကန်တင်းမှာထိုင်နေကြတော့ စကားတွေက ဟိုရောက်ဒီရောက်နှင့် ရယ်ကြမောကြရှိနေကြစဉ်. . .

"ဝက်ပါ"

"ဟင်"

ဝက်ပါ ကော်ဖီသောက်နေရင်း ထူး၏။ ပြီးမှ ကော်ဖီပန်းကန်ကို ပြန်ချ၍မော့ကြည့်သည်။

"မှတ်မိလား"

"စိတ်မရှိပါနဲ့၊ တကယ်မသိတာ"

နိုးနိုးက ပြုံးလိုက်ပြီး. . .

"ဝက်ပါနဲ့ တို့ဝင်တိုက်မိတာ နာရီလောက်ပဲ ကြာပါသေးတယ်"

ဝက်ပါ မျက်မှောင်ကြုတ်သွားလျက်. . .

"အဲဒါ မင်းလား၊ အဲဒီကိစ္စပြီးသွားပြီလေ"

"မပြီးသေးတာ ရှိလို့ပါ၊ တို့ ဝက်ပါ့ကို တမင်လာရောနေတာမဟုတ်ဘူးဆိုတာတော့ အရင်သိထားသင့်တယ်"

"ဒါဆို ဘာလဲ"

"ဒီမှာ"





နိုးနိုးက သော့ချိတ်ကလေးကို မြှောက်ပြလျက်. . .

"ပိုင်ရှင်မသိဘဲ ယူမထားချင်လို့ ပြန်ပေးတာ"

ဝက်ပါကပြုံးလျက် နိုးနိုးကို ခပ်စူးစူးလေးကြည့်လိုက်ကာ. . .

"တို့က ရည်းစားဆိုရင် ဖြတ်ပြီးပြန်မဆက်ဘူး။ ပစ္စည်းဆိုရင် ကျန်ခဲ့ပြီးသား ပြန်မယူတတ်ဘူး။ မရှင်းတာ ဘာရှိသေးလဲ"

"မရှိပါဘူး"

နိုးနိုးက အေးအေးဆေးဆေးပဲပြောပြီး ပြန်လှည့်ကာ သူ့သူငယ်ချင်းတွေနှင့် ထိုင်လိုက်သည်။ ရွှေစကားက ဝက်ပါ ဆက်ဆံပုံကို မကျေနပ်ဟန်နှင့်မဲ့၏။

သူရိယက ကောင်မလေးကို အားနာဟန်နှင့် ပြန်ငဲ့ကြည့်လိုက်မိသေးသည်။ အခြားမိန်းကလေးတွေလိုမဟုတ်ဘဲ တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးကိုကျတော့ ပြောလိုက်တာ ဘုနှင့်ဘောက်။

"ဘယ်လိုဖြစ်တာလဲ အပြုံးမင်းသားရဲ့၊ ဒီကောင်မလေးကတော့ ဘုနဲ့ဘောက်"

"တစ်နေ့လုံး ထိုင်ကြည့်လို့ ရင်ခုန်စရာ တစ်စက်မှမရှိ



www.burmeseclassic.com

www.burmeseclassic.com



တာကို ပြုံးပြပြီး ညှုစရာလားကွ။ ပုံစံက ဖြူဖတ်ဖတ် ပိန်ကပ်ကပ်နဲ့ ပိုးဟပ်အရေခွံလဲထားတဲ့အတိုင်း''

''သူများသားသမီးကို ပြောတော့မယ်၊ မှိုချိုးမျှစ်ချိုး''

''ဟုတ်တာပြောတာ မင်းက ဘာဖြစ်နေတာလဲ''

ဝက်ပါက မျက်ခုံးနှစ်ဖက်ကို စုကျုံ့ပြီး မေးလေတော့၊ သူရိယက ခေါင်းခါသည်။ ဘုန်းမြတ်က သူနှင့်မျက်နှာချင်းဆိုင် အနေအထားမှာရှိနေသည့် ကောင်မလေးကို သေသေချာချာကြည့်လိုက်ပြီး. . .

''မင်းပြောသလောက်ကြီးလည်း မဆိုးပါဘူး ဝက်ပါရာ ကောင်မလေးပုံစံက ဘာမှမပြုပြင်ဘဲ ပင်ကိုပုံစံနဲ့မို့လို့သာ ကြည့်လို့မရတာ။ သေသေချာချာစိုက်ကြည့်ပြီး စိတ်ကူးနဲ့ပြုပြင်သင့်တာတွေ ပြုပြင်လိုက်ရင် ချစ်စရာကောင်းမယ်ထင်တယ်''

''သွားစမ်းပါကွာ၊ နဂိုရှိမှ နဂိုင်းထွက်မယ့်ဟာကို''

''အဟဲ. . . ဘေးမဲ့ပေးလိုက်တာပေါ့''

''စိတ်ကို မဝင်စားတာ''

သူရိယ ကျိတ်ပြုံးလိုက်၏။ ထင်ပေါ်မှ စင်တော်ကောက်မည်ဆိုလျှင် မချောမလှတဲ့သူတွေ အပျိုကြီးလူပျိုကြီးတွေ ဖြစ်ကုန်မှာပေါ့။





သူ့အိုးနှင့်သူ့ဆန် တန်တာတော့ ရကြမှာပဲ မဟုတ်ဘူးလား။ ရုပ်ချောတိုင်း သဘောမကောင်းတာတွေ ရှိသလို သဘောဖြူ မနောဖြူ၍ စိတ်လှတာ ဘယ်အရာက ပိုအရေးကြီးပါသလဲ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"သမား"

အနီးကပ်ခေါ်သံကြောင့် သမား စာအုပ်ဆီမှအကြည့်ကို ခေါ်လိုက်သူထံသို့ ရွှေ့လိုက်၏။ သမားက သူငယ်ချင်းတွေကို စောင့်နေချိန်ဆိုလည်း မျက်လုံးကိုအနားပေးသူမဟုတ်ပေ။ ကျောင်းစာမဟုတ်ရင်တောင် အခြားဗဟုသုတရစရာ စာအုပ်တစ်အုပ်ကို ဖတ်နေတတ်သူ။ ဝင်္ကပါက. . .

"ငါသွားစရာလေးရှိသေးလို့ မင်းသွားနှင့်"

ဆိုတာနှင့်ပဲ သမားတစ်ယောက်တည်း ထွက်လာခဲ့တာပါ။ သူကျောင်းပျက်သည့်ရက်မှာ ဝင်္ကပါက စာတွေကူးထားပေးရှင်းပြပေးထားလို့ ဒီနေ့ သူ့ကို ဒကာခံမည်ဟုတော့ ပြောထား



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် မကြာခင်ရောက်လာကြလိမ့်မည်ဟု စောင့်နေကျနေရာမှာ သူစောင့်နေခဲ့တာ။ အခု သူ့ရှေ့မှာရပ်နေတာ ဝက်ပါနဲ့ ပတ်သက်ဖူးတဲ့ ဖူးဖူးနှင့် သူ့သူငယ်ချင်းတွေပါလေ။

"တို့ သမားနဲ့စကားနည်းနည်းလောက် ပြောချင်လို့"

ပါးစပ်က ပြောလို့အသံမထွက်သလို မပြောနဲ့လို့ ပိတ်ပင်တာလည်းမရှိတော့ ဖူးဖူးက သူမပြောချင်တာကို ပြောဖို့စကားစလိုက်သည်။

"ဝက်ပါက တို့ကို ဘလိုင်းကြီး အဆက်ဖြတ်ခဲ့တာ။ သမားရယ် . . . တို့အရမ်းခံစားရတယ်၊ သိလား"

သမားက တုပ်တုပ်မျှမလှုပ်။

"သမားက သူ့ရဲ့အချစ်ဆုံးသူငယ်ချင်းမို့လား။ နည်းနည်းပါးပါးပြောပေးပါဦး။ ဖူးဖူးက သူ့ကို တစ်သက်လုံးအတွက် ရည်ရွယ်ပြီး ချစ်ခဲ့တာပါ"

ဘယ်သူက ရိုက်နှက်တိုက်တွန်းခဲ့လို့လဲ။

"သူ့ကိုပြောတော့ရော ဘာထူးမှာလဲ ဖူးဖူးရယ်။ ဝက်ပါ့ သူငယ်ချင်းပါဆိုမှတော့ ဝက်ပါ့ဘက်ကပဲ ရပ်တည်မှာပေါ့"

"ဝက်ပါက သမားစကားဆိုရင် နားထောင်တတ်တယ်တဲ့။ အဲဒါကြောင့်ပါ"





ဝက်ပါက ကိုယ့်စကားနားထောင်ရအောင် ကိုယ့်က သူ့အဖေမှမဟုတ်တာ။ လေးယောက်ပေါင်းမိကြတဲ့ သူငယ်ချင်းတွေထဲမှာ ဘယ်သူဘာပဲလုပ်လုပ် ကျန်တဲ့လူတွေက ဝေဖန်တာမရှိပေ။ ကောင်းတာလုပ်လို့ စံစရာရှိရင်သာ မျှချင်မျှ မမျှချင်နေ။ မကောင်းတာလုပ်ခဲ့မိလို့ ခံစရာရှိလျှင်တော့ သွေးစည်းညီညွတ်စွာနှင့် အတူတူဖြေရှင်းကြသူတွေ။

"သမား"

သမား စာအုပ်ကိုပိတ်ပြီး လွယ်အိတ်ထဲသို့ ထည့်လိုက်၏။

"သမား တို့ကိုကူညီပါနော်၊ ဝက်ပါ့ကို သမား ဖြောင်းဖျပေးပါဦး။ ဖူးဖူးကို ပြန်မဆက်ချင်ရင်တောင် နောက်တစ်ယောက်မတွဲဖို့"

"ဒီမှာ"

"ဟင်"

"သူငယ်ချင်းဆိုတာ မှန်တယ်၊ ဒါပေမဲ့ ငါ ဘယ်သူ့ကိုယ်ရေးကိုယ်တာကိစ္စကိုမှ ဝင်မစွက်ဖက်တတ်ဘူး။ အဲဒါ တို့လေးယောက်စလုံးကြားမှာ မချမှတ်ဘဲ လိုက်နာကြတဲ့ စည်းကမ်းချက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့"

"ငါ့ရင်ဘတ်ထဲမှာ ချစ်ခြင်းမုန်းခြင်းတွေ မရှိသလို သူများရင်ဘတ်ကိစ္စကိုလည်း ငါစိတ်မဝင်စားဘူး။ ဝက်ပါနဲ့ကိစ္စကို ဝက်ပါနဲ့ပဲရှင်း"

သမားပြောပြီး ဖူးဖူးတို့ရှေ့မှ ထွက်လာခဲ့သည်။ ဆက်ရပ်နေရင် ဆက်ကြားနေရမှာက သူတို့ရဲ့ချစ်တာ သစ္စာ မေတ္တာတွေ။ ဝက်ပါ ဘယ်လိုကောင်လဲသိသိနဲ့ တွဲကြတာ ဘယ်သူ့မှာ အပြစ်ရှိလဲ။ တုံးခေါက် တိုင်ရောက်အောင်လုပ်တာ သမားက တုံးမဟုတ်သလို ဝက်ပါကလည်း တိုင်မှမဟုတ်တာ။

"ဟယ်! ဒီနေ့ သမား ကျောင်းတက်တယ်တော့"

"နာမည်ကြီးရုံနဲ့ ရောဂါတစ်ဝက်သက်သာစေတဲ့ သမားတော်လေး . . . ဟဲဟဲ"

"နင်က ဘာရောဂါဖြစ်နေလို့လဲ"

"အသည်းကွဲရောဂါလေ၊ မကျွမ်းခင်က လွမ်း၊ မတွဲရဘဲ ကွဲတဲ့အသည်းရောဂါ"

"ဘယ်လောက်ခံမယ်ပြောလဲ"

"ခြောက်လ . . . အဲလေ၊ ဖွဟဲ့ . . . လွဲပါစေ ဖယ်ပါစေဟယ်"





ဝက်ပါသာဆိုလျှင် တစ်ခုခုပြန်ပြောပြီး နောက်လိုက်မှာဖြစ်ပေမယ့် သမားကတော့ မျက်လုံးလေးပင် ဝေ့မကြည့်ပေ။

"ဓာလေးကြည့်ချင်လို့ပါဆို"

"ဟင့်အင်း"

"ကြီးကျယ်လိုက်တာ၊ ကြည့်ရုံလေးပဲ။ ဝါးမစားဘူး"

"မစားပေမယ့် နင်စိတ်မခိုင်လို့ နမ်းလိုက်ရင် ဘယ်လိုလုပ်မလဲ"

"မနမ်းဘူး . . . ပေး"

"မပေးဘူး"

"မပေးရင် လုပ်ဟာ"

"ဟယ်! မလုပ်နဲ့နော် စကား။ မပေးဘူး . . . ဖယ်"

"ဒေါက်!"

သမားရှေ့တည့်တည့်ကို အရာလေးတစ်ခုလွင့်လာပြီး ပြုတ်ကျသွားလေသဖြင့် သမား တုံ့ခနဲရပ်သွားသည်။ ငုံ့ကြည့်လိုက်တော့ သူ့ဖိနပ်ဦးနှင့် တစ်ပိုင်းနှင်းထားမိ၏။ ကောက်ယူပြီးကြည့်လိုက်တော့ သူ့ပုံတစ်ဖက် ဝက်ပါ့ပုံတစ်ဖက်ပါသော သော့ချိတ်ကလေးပါ။

ဒီသော့ချိတ်ကလေးကို ဝက်ပါစိတ်ကူးနှင့် နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်တူကိုယ်တူလုပ်ခဲ့ပြီး ဝက်ပ်ပါမှာ အများကြီးရှိသလို သူ့မှာလည်း အများကြီးရှိသည်။ အခု ဒီကိုဘယ်လိုရောက်လာတာလဲ။

"ဘယ်ရောက်သွားပြီလဲ"

"မသိဘူး၊ ရှာပေးပါဦး"

"ရှေ့ကိုလွင့်သွားတာထင်တယ်"

သူတို့ဘာသာ အာရုံများနေကြပြီးမှ ရှေ့ကိုကြည့်မိလို့ သမားကိုမြင်တော့ မျက်လုံးဝိုင်းလေးတွေနှင့် မှင်သက်သွားကြသည်။ သမားဆက်လျှောက်သွားပြီး ကောင်မလေးနှစ်ယောက် ရှေ့မှာ ရပ်လိုက်တော့ ဖြူဖြူသွယ်သွယ်ကောင်မလေးက. . .

"ဟို. . . အဲဒါလေ"

လက်ညှိုးထိုးလိုက်တဲ့လက်ကို ဖမ်းဆုပ်ကာ သော့ချိတ်ကလေးကိုပြန်ထည့်ပေးပြီး ကိုယ့်လမ်းကိုယ်ဆက်လျှောက်ခဲ့၏။ သူဘယ်ကပဲရရ၊ ကိုယ့်ပုံပါပေမယ့် ကိုယ်နဲ့မဆိုင်တော့တာလေ။

"King က မလာသေးဘူး၊ Queen က လာပြီ"

အချို့က အဲဒီလိုပြောကြတာလည်း ခဏခဏ။ ဝက်ပ်ပါက ဆေး(၁)မှာ King လေ။ ကိုယ်နဲ့သူ့ကိုရွေးကြတဲ့အထဲမှာ နှစ်မဲသာပြီး ဝက်ပ်ပါ King ဘွဲ့ခံတာကို သမား မနာလိုမဖြစ်ပေ။ သမားက ထင်ပေါ်ချင်တဲ့ကောင်မှမဟုတ်တာ။





သမားက အဝါရောင်နှောသည့် အသားအရေနှင့် ကိုယ်ခန္ဓာက ခပ်သွယ်သွယ်။ ဝက်ပ်ပါက ဆံပင်ခပ်တိုတိုရှင်းရှင်းနှင့် ဂျယ်အမြဲလိမ်းတတ်ပြီး သမားကတော့ ကုတ်ထောက်ဆံပင်ကို ရှေ့မှတစ်ဖက်သတ်ခွဲထားသည်။ မျက်ခုံးနှစ်ဖက်က အရင်းထူ အဖျားရှူးပြီး အနက်ရောင်မဟုတ်ဘဲ စိမ်းညို့ညို့။ ရီဝေဝေမျက်ဝန်းအစုံနှင့် နှာတံပေါ်ပေါ်က ကော့ခြင်းကောက်ခြင်းမရှိပေ။ မထူမပါးနှုတ်ခမ်းက ပိရိသေသပ်လှ၏။ မျက်နှာသွယ်ပြီး မေးဖျားလေး ချွန်နေတာကအစ အစက်အပြောက်ကင်းသော မျက်နှာအသားအရေနှင့် ခြုံကြည့်လိုက်တော့. . .

မိန်းမချော ချောသည်ဟုဆိုကာ Queen လို့ ကွယ်ရာမှာ စနောက်ကြခြင်းကို ခံရတာပါ။

"ဟိုမှာ. . . ဟိုမှာ သမား"

"သမား. . . ဟေ့ကောင်၊ တို့ ဒီမှာ"

လေးကျွန်းသား စုံတယ်ဆိုတာမျိုး လေးယောက်စုံမိကြတော့. . .

"တို့က မင်းကို ကော်ရစ်တာမှာ သွားရှာတာ"

"ဝက်ပ်ပါကြိုးတွေ လာပတ်နေလို့ ထွက်လာတာ"

"ဘယ်ကြိုးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှုးရှုး"

"ထင်သားပဲ"

ဝက်ပါက ခပ်မဲ့မဲ့နှင့်ဆိုသည်။ ဘုန်းမြတ်က . . .

"ဘယ်သွားကြမလဲ"

"ထုံးစံအတိုင်းပေါ့၊ ဒီနေ့ ငါ ဒကာလုပ်မှာ"

"မောင်မင်းကြီးသား နောက်ထပ် သောက်စားတွေ နှင်းကန်စားပြီး ဝမ်းမသွားပါစေနဲ့"

သူရိယပေးတဲ့ဆုက ပေးတဲ့ဆုနဲ့ပြည့်ပါစေလို့ ပြောဖို့ခက်သည်မို့ သမား ခပ်မဲ့မဲ့လေးနှင့် ရှေ့ဆုံးမှထွက်လာခဲ့တော့သည်။



## အခန်း (၅)

ဖေဖေနဲ့မေမေက သမီးမောင်ကို သွားခေါ်ချေစမ်းဟု ဆိုသောကြောင့် ဖြိုးဖြိုး အပေါ်အခန်းဆီသို့ တက်လာခဲ့သည်။ ဘာတွေများ မိန့်တော်မူဦးမည်တော့မသိပေ။

"အပေါ်"

Lap Top ရှေ့မှာ ရှိနေသော ဝက်ပါ အစ်မဖြစ်သူ မေမြတ်ဖြိုးမင်း ရောက်လာသဖြင့် Lap Top ကိုပိတ်ပစ်လိုက်သည်။

"နင့်ကို ဖေဖေနဲ့မေမေက ခေါ်ခိုင်းလို့"

"ကိစ္စရှိလို့လား"

"ရှိလို့ ပြောစရာရှိလို့ဖြစ်မှာပေါ့၊ နင့်ကို အလှထိုင်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေဖို့သက်သက်တော့ မခေါ်ဘူး''

ဖြိုးဖြိုးက ဘေးနားအထိသွားရပ်ပြီး ပိတ်ပစ်လိုက်ပြီးသား Lap Top ကိုဝေ့ခနဲကြည့်ကာ . . .

''Lap Top တစ်လုံးနဲ့ ဘာတွေအလုပ်ရှုပ်နေတာလဲ''

''သီချင်းကြည့်ပြီး နားထောင်နေတာ''

''အေး . . . ကြုံကြိုက်တုန်း ပြောရဦးမယ်။ အွန်လိုင်းပေါ်မှာ ရည်းစားထားတာ၊ ဝက်ဘ်ဆိုဒ်တွေရှာတာဆိုရင်တော့ အကြောင်းမဟုတ်ဘူးနော်။ ဒါတွေက သုံးတတ်ရင် ဆေး၊ မသုံးတတ်ရင် ဘေးပဲ။ မဟုတ်မဟတ်တွေထိုင်ကြည့်ပြီး အချိန်ဖြုန်းနေရင်တော့ အဲဒါအဆိပ်ပဲ အပါ။ သဘာဝဆိုပေမယ့် အဲဒီသဘာဝလမ်းကြောင်းထဲမှာ လူတိုင်းလိုလိုလျှောက်နေကြတာပဲ။ မလျှောက်ခင် ကြိုတင်ပြီး မစူးစမ်းချင်နဲ့။ မောင်နှမချင်း ရှေ့မျက်နှာနောက်ထားပြီး သတိပေးတာ။ အသီခေါက်ခက် အဝင်နက်မှာစိုးလို့။ မင်းအဲဒါမျိုးတွေ လုံးဝမကြည့်မိပါစေနဲ့''

''ကျွတ်!''

ဝင်းပါ စိတ်ရှုပ်သလို မျက်နှာက မသာကြည့်။ မလာလိုက်နဲ့ လာလိုက်တာနဲ့ ကျောင်းဆရာမပီပီ ဆရာလုပ်တာတွေပဲ ကြည့်လို့မရတာ။ သူ့ယောက်ျားဆိုရင် သူ့ဆုံးမစကားတွေ





နားဆင်ပြီး နောင်တတောင် ရချင်ရနေရော့မည်။ နေရာတကာဆရာလုပ်လို့လေ။

''ငါပြောတာ ကြားလား''

''ကြားသားပဲ၊ နားပင်းနေတာမှမဟုတ်တာ။ မမက မလာနဲ့၊ လာလိုက်တာနဲ့ ဘယ်ဆုံးမစာ ရွတ်ပြရမလဲ ကြိုကျက်လာတဲ့အတိုင်း တဗျစ်တောက်တောက်နဲ့။ ကျွန်တော် ကလေးမဟုတ်တော့ဘူး''

''ဘာ! ဟဲ့ . . . အပါ''

ဝင်းပါ ထွက်သွားလေသဖြင့် ဖြိုးဖြိုး ခပ်သုတ်သုတ်လိုက်လာခဲ့သည်။ အစ်မကြီးအမိအရာအနေနဲ့ ဆုံးမတာကိုပဲ ပြောသွားတာကြည့်။ သူမက တွေ့ဖူးကြုံဖူးလို့ ပြောနေရတာပါ။ အချို့ ဒါမျိုးတွေကြည့်ပြီး မိန်းမလိုက်စားတဲ့ကလေးတွေ ရှိနေလို့လေ။ ကိုယ့်မောင်ကို အဲဒီလိုမျိုး အဖြစ်မခံနိုင်ပါဘူး။

အိမ်ထောင်ပြုလို့ရတဲ့အရွယ်ပေမယ့် တော်ရုံမိန်းကလေးနှင့်လည်း သဘောမတူနိုင်။ ပြီးတော့ ကျောင်းပြီးမှပဲ လက်ထပ်စေချင်တာလေ။ စိုးရိမ်တာတွေကတော့ အများကြီးပါပဲ။ အပါက လူရှုပ်လူပွေလေး မဟုတ်ပေမယ့် စိတ်မချနိုင်ခွင့်တော့ သူမမှာ ရှိသည်လေ။ လူ့စိတ်က မျောက်စိတ်နဲ့အတူတူတဲ့။



www.burmeseclassic.com

www.burmeseclassic.com



“မေမေတို့ သားကိုခေါ်တယ်ဆို”

“ဟုတ်တယ် သား။ ထိုင်”

ဝက်ပါထိုင်လိုက်တော့ ဖြိုးဖြိုးက အပ်ခုံဘေးမှာ ဝင်ထိုင်သည်။ ဦးကမ္ဘာကျော် ခါးမတ်ပြီး လည်ချောင်းရှင်းလိုက်၏။

“သားကိုပြောစရာရှိလို့လား”

“ရှိတယ် သား၊ အခု ဖေဖေပြောမယ့်စကားကို သား သေသေချာချာနားထောင်ပြီး လေးလေးနက်နက်စဉ်းစားစေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သားရဲ့အိမ်ထောင်ရေးကိစ္စဖြစ်နေလို့ပဲ”

“ဗျာ!”

“ကျောင်းပြီးမှ လက်ထပ်ဖို့ပါ၊ အခုက သားကို ကြိုတင်အသိပေးရုံအဆင့်ပဲ၊ ပြီးတော့ လူငယ်ချင်း ရင်းနှီးစေချင်လို့ ခုလိုကြိုပြောထားတာပဲ သား။ အနားနီးမှ ဖြုန်းခနဲ ဟုန်းခနဲ ဖေဖေတို့မလုပ်ချင်ဘူး။ သားအကြောင်းတွေကို ဖေဖေတို့ အားလုံးသိတယ်။ ရည်းစားထည့်လဲတွဲတဲ့အလုပ်ကို ရပ်လိုက်တော့ သား။ ယောကျ်ားလေး ဦးဇောက်စောက်လို့ ဇက်မကျိုးဘူးဆိုပေမယ့် လည်လွန်းတဲ့ဘီး ချေးပေတတ်တယ်ကွ”

“ကောင်မလေးက သားဖေဖေနဲ့ သူငယ်ချင်းရဲ့ ဟစ်





ဦးတည်းသောသမီးလေးပဲ သား။ သားလိုပဲ ဆေးတက်နေတာ”

ဝက်ပါ အံ့ဩစွာပဲ မှင်သက်နေ၏။ သူတို့နဲ့အတူတူဆိုရင် ဝက်ပါသိတဲ့သူ တွဲခဲ့တဲ့သူတွေထဲကများ ဖြစ်နေမလား။

“သားတို့ချင်း မြင်ဖူးကြအောင် မေမေစီစဉ်ထားတယ် သား”

“ဘယ်လိုစီစဉ်ထားလဲ မေမေ”

ဖြတ်မေးလိုက်သူက ဖြိုးဖြိုးပါ။

“သားမွေးနေ့ နီးလာပြီပဲဟာ၊ မွေးနေ့ပွဲမှာ ဖိတ်လိုက်မယ်လေ”

“သားမှာ ငြင်းခွင့်မရှိဘူးဆိုတဲ့သဘောလား မေမေ”

ဦးကမ္ဘာကျော်နှင့် ဒေါ်ဖြိုးဖြိုးကြည် အကြည့်ချင်း ဆုံသွားကြ၏။ ဒေါ်ဖြိုးဖြိုးကြည် မေးဆတ်ပြသဖြင့် ဦးကမ္ဘာကျော် ဝက်ပါ့ဘက်သို့ မျက်နှာပြန်လှည့်၍. . .

“ဖေဖေတို့က တစ်ချက်လွှတ်အမိန့်ချတာ မဟုတ်ဘူး သား။ သားတို့ချင်းတွေ့ပြီး ရင်းနှီးမှုအရင်ရစေချင်တာ။ ကျောင်းပြီးလို့မှ သားဘက်က လက်မခံနိုင်ဘူးဆိုရင် ထားခဲ့တဲ့ကိစ္စကို ဖေဖေတို့မျက်နှာအပျက်ခံပြီး ဖျက်သိမ်းရတော့မှာပေါ့”

“သားဘက်က မေမေတို့ကို နည်းနည်းတော့ ညှာတာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး စဉ်းစားပေးပါသား။ မေမေတို့ ဒီလိုအခြေအနေ ဒီလိုပြည့်စုံတဲ့ဘဝကို ပိုင်ဆိုင်ထားတာ သူတို့ကျေးဇူးကြောင့်ပဲလေ''

''ဩော်. . . မေမေတို့က ကျေးဇူးတရားကို သားတစ်ယောက်ထိုးအပ်ပြီး ဆပ်ချင်တာကိုး''

''အပါ''

''သား''

ဝက်ပါ သက်ပြင်းချလိုက်မိပါသည်။ မတွေ့ဖူးသေးဘဲနဲ့ အပြတ်တော့ ငြင်းလို့မဖြစ်ပေ။ ဝတ္ထုတွေ ဗီဒီယိုတွေထဲကလို မမြင်ဖူးသေးဘဲနဲ့ အပြတ်ဖွတ်ငြင်းပြီး မြင်ဖူးမှ တန်းတန်းစွဲချစ်မိတာ ငြင်းမိတာအတွက် နောင်တရတာမျိုး သူမဖြစ်ချင်။

''သားသိထားရမှာက တစ်ဖက်ကလည်း ကျေးဇူးတရားကို ခုတုံးလုပ်ပြီး သားကို သားမက်ဖမ်းတာမဟုတ်ဘူးဆိုတာပဲ။ သူတို့ကလည်း သူတို့အရှိန်အဝါနဲ့ သူတို့ပဲလေ။ ဒီကိစ္စကို စပြီးကမ်းလှမ်းခဲ့တာက ဖေဖေတို့ဘက်ကပဲ သား''

''ကောင်းပြီလေ၊ မမြင်ဖူးသေးဘဲနဲ့ သားအပြတ်မငြင်းပါဘူး။ လူချင်းတွေ့ဖူးပြီးမှ ဆုံးဖြတ်တာပေါ့''

ဝက်ပါ့စကားကြောင့် မိဘနှစ်ပါးမျက်နှာမှာ ကြည်လင်လန်းဆန်းသွားကြ၏။





''မိဘတွေမျက်နှာမပျက်အောင်တော့ စဉ်းစဉ်းစားစားလေး ဆုံးဖြတ်ပါ အပါ။ မမတုန်းကလည်း မိဘပေးစားလို့ ယူခဲ့တာ။ အချစ်ဆိုတာမပါခဲ့ဘူးလေ။ နောက်တော့လည်း နားလည်မှုတွေ ဖလှယ်ပြီး ချစ်သွားကြတာပဲ''

ဝက်ပါ ထရပ်လိုက်တော့. . .

''သွားတော့မလို့လား''

''သမားဆီ ခဏသွားမလို့''

ဆိုတော့ ဘယ်သူမှ ဘာတစ်ခွန်းမှထပ်မဆိုပေ၊ သူငယ်ချင်းကို တိုင်ပင်မလို့ဖြစ်မှာပေါ့။ ဒီနှစ်ယောက်က ငယ်ငယ်လေးကတည်းက သွားအတူလာအတူ တစ်ယောက်အကြောင်း တစ်ယောက်သိသူတွေ။ ဘာမဆို တိုင်ပင်ကြတာချင်းအတူတူ ဝက်ပါက ပွင့်လင်းသည်။ ခြိုးခြံလျှို့ဝှက်ခြင်းကင်းပြီး သမားကို တိုင်ပင် ရင်ဖွင့်လိုက်ရမှ ကျေနပ်သူ။

သမားကျတော့. . .

သူ့ရင်ထဲမှာ စိတ်ညစ်စရာ စိတ်ရှုပ်စရာတွေ ရှိနေလျှင်ဘယ်သူ့ကိုမှမပြောဘဲ ကျိတ်ခံစားတတ်သူ။ သူများကို အပူမကူးစေချင်ဘူးဟုဆိုကာ သိုဝှက်မျိုသိပ်တတ်သည်လေ။ ယောကျ်ားပီသပါသည်ဟုဆိုသော ဝက်ပါက တကယ်တမ်းကျတော့ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ခံစားမှုဒဏ်ကို ခံနိုင်ရည်သိပ်မရှိသလိုပါပဲ။ ပေါက်ကွဲလွယ်သည်။

သမားက ခပ်နုနုခပ်ပျော့ပျော့ပေမယ့် ပျော့ရင် ဖယောင်းမာရင် သံချောင်းဆိုတဲ့ကောင်။

"လေးလေး"

"ဟင်! ဪ. . . ဝက်ပါ။ လာလေ"

"သမားရော လေးလေး"

"သူ့အခန်းထဲမှာရှိတယ် သား"

"ဒါဆို ကျွန်တော် သမားဆီ သွားလိုက်ဦးမယ်"

"အေးအေး. . ."

ဦးမျိုးသိုက်က Lap Top တစ်လုံးနှင့် အလုပ်ရှုပ်နေသည်။ သားစာသမီးစာ မဟုတ်ဘဲ တူအတွက် လောဘကြီးနေသူ။ တူကိုချစ်လွန်းလို့ မိန်းမမယူဘဲ လူပျိုကြီးလုပ်နေတာ ယခုထက်ထိ။ ပညာလည်းတတ် ရုပ်လည်းရှိပြီး ယခုထိတိုင် ဦးနေအောင်လို ခန့်ခန့်ကြီးနဲ့ ချောနေတုန်းပေမယ့် သူ့ဦးနှောက်ထဲမှာ သမားက နံပါတ်တစ်၊ စီးပွားရေးက နံပါတ်နှစ်ဆိုတာကလွဲရင် အခြား ဘာမှမရှိပေ။

သမားဘဝက မိစုံဖစုံရှိလျက်နှင့် မိဘရင်ခွင်မှာ ခိုလှုံခွင့်မရဘဲ မိဘမဲ့ဖြစ်နေရသူပါ။ အမေလုပ်သူက နိုင်ငံခြားမှာ





နောက်အိမ်ထောင်နှင့်။ အဖေလုပ်သူကလည်း နိုင်ငံခြားမှာပေမယ့် နောက်အိမ်ထောင်တော့မပြုပေ။ မိန်းမကိစ္စ မရှင်းပေမယ့် တရားဝင်လက်ထပ်ယူခြင်းမပြုဘဲ . . .

သားအတွက် လိုတာရစေဖြစ်အောင် စီးပွားရှာနေသည်။ လိုတရာဘဝကို ဖန်ဆင်းပေးနေပေမယ့် သမား ငတ်မွတ်တောင့်တစွာ လိုချင်နေသည်က မေတ္တာတရားပါ။ လေးလေးလုပ်သူကတော့ သမားမျက်နှာ တစ်ချက်ညှိုတာနှင့် ကမ္ဘာပြိုတော့မယ့်အတိုင်း ပျာယာခတ်နေတတ်သူသာ။

"သမား"

"ညကြီးမင်းကြီး ဘာလာလုပ်တာလဲ"

သမား စာအုပ်ကိုပိတ်ပြီး စားပွဲပေါ်သို့လှမ်းတင်ရင်း မေးလိုက်သည်။

"မင်းကို ရည်းစားစကားပြောမလို့"

"ပြောလေ၊ အဖြေက လက်သီးပဲရမှာ"

"တကယ်ထိုးရက်လို့လား"

"မယုံရင် ရင်ဘတ်ဖွင့်လိုက်လေ"

"ဟ! ဘယ်ကိုထိုးမှာလဲ"

"အရှိက်"



www.burmeseclassic.com

www.burmeseclassic.com



ဝက်ပါ သူ့ရင်ဘတ်ကို လက်နှင့်ဖိရင်း သမားဘေးမှာ ဝင်ထိုင်လိုက်သည်။

''ဒီည ငါ မင်းနဲ့အိပ်မယ်''

''ဘာ!''

သမားက သူ့ကိုအခြောက်လို့ပြောပြီး နောက်တယ်ထင်၍ မျက်ထောင့်နီနှင့်ကြည့်၏။ နုပေမယ့် မနွဲ့တတ်တာ မသိတာလည်း မဟုတ်ဘဲနဲ့။

''ဘာဖြစ်တာလဲ၊ ဒီမှာညစ်လာလို့ ရင်ဖွင့်မလို့ဟာ''

''ဘာလဲ၊ အိမ်က မိန်းမပေးစားမယ်ပြောလို့လား''

''အပွေးမြင် အပင်သိနေပါလား''

''ဟ! တကယ်ကြီးလား''

''အဟုတ်ပါဆိုကွာ''

သမား ခေါင်းအုံးတွေဆင့်ပြီး ခပ်လျှောလျှောမှီနေရာမှ ခါးမတ်သွား၏။ ဝက်ပါက သက်ပြင်းကြီးချလေလျှင် သမားက နေကြာစေ့ထုပ်ကို လှမ်းယူ၍ဖောက်လိုက်ပြီး . . .

''ပြောပါဦး''

''ဒီလိုကွ''

ဝက်ပါ သူ့ဖေဖေနှင့်မေမေတို့ပြောတာတွေကို သမားသိအောင် ဖောက်သည်ချလိုက်၏။ ရည်းစားထားခြင်းအလုပ်ကို ရပ်တန်းက ရပ်ပါတော့တဲ့။ လောလောဆယ် ဝက်ပါ ယမင်းသင်ဆိုတဲ့ကောင်မလေးကို လိုက်ဖို့အစီအစဉ်ဆွဲထားတာတွေ ဘယ်လိုလုပ်ရမလဲ။ သူက ဦးတည်ပြီးလျှင် နောက်မဆုတ်တတ်သလို ကျောခိုင်းပြီးလျှင်လည်း လုံးဝလှည့်မကြည့်တတ်ပေ။

တားမြစ်ပိတ်ပင်တာတွေ မလုပ်ဖေမယ့် သူလုပ်သမျှကို အိမ်က သိနေတာခက်သည်။

''ဒါဆို မင်းလည်း ဘုန်းမြတ်နဲ့ လိုင်းပူးသွားပြီပေါ့''

''ငါက ဘုန်းမြတ်လို တစ်မိန့်တစ်သံ တစ်အာဏာ ချမှတ်သမျှ ဟုတ်ကဲ့ခင်ဗျာလို့ ခေါင်းမညိတ်သေးဘူး။ ဖေဖေတို့ကလည်း ဘုန်းမြတ်မိဘတွေလို ဒါဆိုဒါပဲဆိုပြီး စားခုတ်ရာ ထစ်မှတ်ထားတာမျိုးမဟုတ်သလို ငါ့ဘက်ကလည်း မလျော့မတင်းစောင်းကြိုးညှင်းဆိုသလိုပေါ့ကွာ''

''ဒါနဲ့ ကောင်မလေးနာမည်က''

''အဲဒါ ငါမမေးခဲ့ဘူး''

''သေလိုက်''

သမားပြောချလိုက်တော့ ဝက်ပါက သမားမျက်နှာကို ကြည့်ကာ ရယ်၍ . . .







www.burmeseclassic.com

www.burmeseclassic.com



*'မင်းနဲ့အတူ ပေါင်းခွင့်မရတောင်× × × အသက်ရှင်နေသမျှ ချစ်နေခွင့်ပေးပါ× × × မခြင်ကွယ်ရာ ထွက်သွားပါ့မယ် အသည်းနုညှာခိုင် ဝန်းပွင့်ငယ်ရယ်× × × အနမ်းနုနုခြွေခွင့်ပြုပါ'*

"ဟော့ကောင်. . . ဟော့ကောင်"

ဝက်ပါ သီချင်းတစ်ပိုင်းတစ်စကိုဆိုပြီး သမားမျက်နှာနားသို့ တိုးကပ်လာလေတော့၊ သမားက မျက်နှာအတင်းလွှဲ၍ အော်လေသည်။

"မင်းကွာ. . . ဘောင်းဘီနဲ့တီရှပ်ဝတ်ပြီး အောင်ပါစေ သီချင်းတက်ဆိုတဲ့အတိုင်း။ ပိုင်သက်ကျော်ရဲ့ မိုနီလိုင်းသီချင်းနဲ့ မင်းဝတ်ထားတဲ့ပုံစံ လိုက်လို့လား"

ဝက်ပါ ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်ပြီး ရယ်လေ၏။ ဟုတ်တာပေါ့၊ ဘောင်းဘီဒူးကျနှင့် စပို့ရှပ်အဝါရောင်ကိုဝတ်ထားပြီး လက်မှာပတ်ထားသည့်အရာ နားမှာဝတ်ထားသည့်နားကပ်၊ ဂျယ်နှင့် ထောင်ထားသည့်ဆံပင်တွေက သီချင်းကို သိက္ခာချနေသလိုပါပဲ။

"အဟဲ. . . ငါလည်း ဖေဖေ ခဏခဏဖွင့်လို့ ကြားတာကို မှတ်ထားပြီး ရသလောက်ကလေး ဆိုကြည့်တာ။ တိုက်ဆိုင်တာလေးပါလို့"





"ဘာတိုက်ဆိုင်တာလဲ"

"အနမ်းနုနုခြွေခွင့်ပြုပါ"

"မင်း. . . ဟော့ကောင်"

သမားက သူ့မျက်နှာကို ခေါင်းအုံးနှင့်ဆွဲယူကွယ်၍ ထပြေးလေသည်။ နမ်းတာကိုမကြိုက်မုန်း သိလို့ကိုပဲ ဝက်ပါ စနေတာပါ။ ဒါ စိတ်ပြေလက်ပျောက်လေ။

"ကောင်မလေးတွေရှေ့ကျမှ မင်းကို ဒေါက်ဖြုတ်မယ်"

"ဖြုတ်လေ၊ ဝက်ပါက ဂရုမစိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"ရွှမ်း!..."

"ဟာ! သွားပြီ"

ရာဇာ သားရေကွင်းတစ်တွဲဝယ်ပြီး အရုပ်ကလေးတွေကိုပစ်တာ တစ်တွဲလုံးကုန်မှ တစ်ရုပ်ပဲမှန်သည်။ လာတုန်းကတော့ ရွှေတိဂုံဘုရား၊ ဘုရားပေါ်ကပြန်ဆင်းလာတော့ နိုးနိုးက စားချင်သည်ဆိုတာနှင့်ပဲ ဒီဘက်ဆင်းလာခဲ့ကြတာပါ။

နိုးနိုးက ရာဇာပစ်လို့ ချော်သွားတိုင်း ခြေလေးဆောင့်၍ မကျေမနပ်အော်သည်။ နောက်တစ်တွဲဝယ်ပြီး တစ်ကွင်းဆွဲပစ်လိုက်တော့...

"ရွှမ်း..."



www.burmeseclassic.com

www.burmeseclassic.com



"အဲ . . . မှန်တယ်"

"ပေးဦး . . . နောက်တစ်ကွင်း"

နိုးနိုးက သားရေပင်ကွင်းလေးတွေကို ကိုင်ထားလေသဖြင့် ရာဇာ နောက်တစ်ကွင်းတောင်း၍ ပစ်လိုက်ပြန်သည်။

"ရှမ်း . . ."

"ချော်သွားပြီ"

"ကိုကြီးက အသုံးမှမကျတာ"

"ဟေ"

"ဒီလောက်လက်ဆန့်ကြီးရှည်နေတာကို မှန်အောင်မပစ်နိုင်ဘူး"

"ဒီတစ်ခါ မှန်အောင်ပစ်မယ်"

"မပစ်နဲ့"

"တစ်ကွင်းထပ်ပေး"

"မပေးဘူး"

"ဟ!"

ရာဇာ နှုတ်ခမ်းလေးစူနေတဲ့ နိုးနိုးကိုငုံ့ကြည့်ပြီး ရယ်လေသည်။ သူကလည်း သူပါပဲ။ သားရေကွင်းကိုဆွဲပြီး အရုပ်ကိုချိန်တိုင်း လက်ကမငြိမ်။ ယယ်ယယ်တုန်းကဆိုရင် လက်တုန်





တဲ့အခါ လူကြီးတွေက အိမ်မြှောင်ဥကိုကိုင်လို့ လက်တုန်တာလို့ စတာကို တကယ်ထင်ပြီး အိမ်မြှောင်ဥလေး တွေ့တဲ့အခါ ကိုင်ကြည့်ပြီး လက်မတုန်တာကို တုန်သလို ကိုယ့်ဘာသာလုပ်ပြီး လူကြီးတွေကို ပြတတ်တာ သတိရမိ၏။

"ဘာဖြစ်တာလဲ၊ နှုတ်ခမ်းစူတာ လုလည်းမလှဘဲနဲ့"

"ကိုကြီးက မှန်အောင်မှမပစ်တာ။ ကိုကြီးမပစ်နဲ့တော့၊ နိုးနိုးပစ်မယ်"

"အမယ်"

"ဒီမှာကြည့်"

ပြောရင်း နိုးနိုးက သားရေကွင်းကို လက်ညှိုးလေးနှင့်ဆွဲပြီး အရုပ်တစ်ရုပ်ကို သေသေချာချာချိန်၍ပစ်သည်။

"ရှမ်း . . ."

"မှန်တယ် . . . မှန်တယ်"

နိုးနိုး လက်ခုပ်ကလေးတီး၍ ခုန်ဆွခုန်ဆွလုပ်လေ၏။

"မှန်တော့မှန်တယ်၊ ဒါပေမဲ့ မရဘူး အစ်မရဲ့"

"ဟင်! ဘာလို့မရတာလဲ၊ မှန်တဲ့ဥစ္စာကို"

"မှန်ရုံနဲ့မရဘူးလေ၊ အဲဒီအရုပ်ကလေး ပြုတ်ကျသွားမှ ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုလား"

နိုးနိုး အလိုမကျဖြစ်သွားသည်။

"ညည်းအားလေးက ပုရွက်ဆိတ်အားလောက်ပဲ ရှိတာကိုး။ အရုပ်က ဘယ်လိုလုပ်ပြီး ပြုတ်ကျမှာလဲ။ ပေး. . . , ငါပစ်မယ်"

"ဟာ. . . ကိုကြီးမပစ်ပါနဲ့။ နိုးနိုးပဲပစ်မယ်။ နည်းနည်းအားထပ်ထည့်မယ်လေ"

"ကဲ! ခင်ဗျားသဘော. . . ပစ်"

နိုးနိုး နောက်ထပ်သားရေကွင်းတစ်ကွင်း ထပ်ဆွဲပြီး ပစ်လေတော့ မှန်ပြီး အရုပ်ကလေးက ပြုတ်ကျသွားသည်။

"ဟေး. . ."

"နောက်တစ်ကွင်း"

"ရွှမ်း. . ."

"မှန်တယ်"

မောင်နှမနှစ်ယောက်ပေါင်း အရုပ်သုံးရုပ်မှန်လေသဖြင့် မန်ကျည်းအချိုရည်လေးတစ်ဘူး ပြန်ရတာကိုပဲ နိုးနိုးမှာ ပျော်လို့မဆုံးနိုင်။

"တော်ပြီ၊ တိုက်ကား သွားမောင်းမယ်"





ဝမ်းသာအားရနှင့် တစ်ဖက်သို့ လှည့်လိုက်လေလျှင် နောက်မှာရပ်ကြည့်နေသူနှင့် ဝင်တိုက်မိပြီး. . .

"အင့်!"

"အမေ့!"

"ဟ. . . ဟာ"

ရုရုချင်း ဝမ်းသာအားရနှင့် ဖောက်သောက်လိုက်သော မန်ကျည်းအချိုရည်ဘူးက နိုးနိုးလက်မှာကိုင်လျက်နှင့် ဖိတ်ကုန်ကာ တစ်ဖက်လူ၏အင်္ကျီကို စိုကုန်၏။

"အယ်. . . ဆောရီး. . . ဟင်"

တောင်းပန်ရင်း မော့အကြည့်၊ ကိုယ့်ကို ဒေါသမျက်ဝန်းနှင့် ပြန်ကြည့်နေသူ၏မျက်နှာကို မြင်လိုက်ရတော့ လက်ထဲမှ အချိုရည်ဘူးလေးကို လန့်ဖျပ်လွှတ်ချလိုက်မိ၏။

"ဒေါက်!"

အချိုရည်ဘူးက ကြိုလိမ့်နေသလားတော့မသိ။ သူ့ခြေထောက်ပေါ်ကိုပဲ ထပ်ကျသွားလေတော့၊ နိုးနိုး မျက်လုံးကလေးဝိုင်း ပါးစပ်ကလေး ပွင့်ဟလျက် သူ့ကိုပဲ ငေးကြောင်ကြောင်လေး ကြည့်နေမိ၏။

"မင်း ငါမှန်းသိလို့ တမင်လုပ်တာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"ငါနဲ့တွေ့တိုင်း မင်းပဲဝင်တိုက်နေတာ သဘောရိုးမဖြစ်နိုင်ဘူး။ မင်းဘာဖြစ်ချင်နေတာလဲ၊ ရှေ့ကလူတွေအတိုင်း ငါနဲ့တွဲခွင့်ရလိုက်ရင် မဆိုးဘူးဆိုတဲ့စိတ်ကူးနဲ့"

"အို! မဟုတ်ပါဘူး၊ တကယ် မတော်တဆပါ ဝက်ပါရယ်"

"မင်း ဒီလိုမတော်တဆတွေ များလာတာကို ငါက ယုံပေးရမှာလား။ ငါနဲ့ပတ်သက်ချင် တည့်တည့်ပြောလိုက်၊ အခု လက်ဆွဲခေါ်သွားပေးမယ်"

"ဝက်ပါ"

"ဟော့ကောင်!"

သမားဏ ဝက်ပါ့လက်ကိုဆွဲခေါ်သလို ရာဇာက ဝက်ပါ့ရှေ့မှာ လာရပ်၏။

"မင်း နှမချင်းစာနာစိတ်ကလေးတော့ ထားသင့်ပါတယ်၊ အခု မင်းစကားတွေက ဖောင်းဖြစ်နေပြီ။ မတော်တဆဝင်တိုက်တာ ဘယ်သူ့ကိုမေးကြည့်ကြည့် သိတယ်။ တမင်လို့ပြောရအောင် မင်းက ဘာလဲ"

"ခင်ဗျားကရော သူနဲ့ဘယ်လိုပတ်သက်လို့ ဝင်ပြောနေတာလဲ"

"ဒါ ငါ့ညီမကွ. . . မင်းပြောတဲ့စကားက အစ်ကိုတစ်ယောက်အနေနဲ့ မသိသလို ရပ်ကြည့်နေပေးရင် ငါ နွားဖြစ်ပြီ"

"အဲဒါက ခင်ဗျားအပိုင်း၊ ကျွန်တော့်ဘက်က ဘာကြောင့် ဒီစကားမျိုးပြောရတယ်ဆိုတာ ခင်ဗျားညီမသိတယ်"

ရာဇာ ညီမဖြစ်သူကို စူးခနဲကြည့်လိုက်၏။

"ကဲပါ ဝက်ပါရာ၊ တို့သွားရအောင်။ ဟိုမှာ နောက်တစ်ဖွဲ့ တိုက်ကားဝင်းထဲ ရောက်ကုန်ပြီ"

"တောက်!"

"အမယ်"

ဝက်ပါ တက်ခေါက်သွားတော့ ရာဇာက ရှေ့တိုးလိုက်ညည်လုပ်တုန်း နိုးနိုးက ဆွဲထားသည်။

"တော်ပါတော့ ကိုကြီးရယ်၊ နိုးနိုးတောင်းပန်ပါတယ်။ ခုလိုဖြစ်တာ နိုးနိုးအပြစ်ပါ"

နိုးနိုးမျက်ရည်ဝဲနေတာမြင်ရတော့ ရာဇာ စိတ်မကောင်းဖြစ်မိသည်။ တစ်ဖက်မှာတော့ ဒေါသက မပြေနိုင်။ ကိုယ့်ညီမကိုပြောလိုက်တာများ ဖွဲထောင်းလို့ ဆန်ကောင်းမရ။ သူ့ကိုယ်သူချော်ချောတယ်ဆိုပြီး ဘဝင်လေဟပ်နေတာဖြစ်မှာပေါ့။ သူ့ဘာသာ







www.burmeseclassic.com

www.burmeseclassic.com



ဘဝင်ပဲရှုးရှုး ဘာပဲရှုးရှုး ဘယ်သူက ဂရုစိုက်မှာလဲ။ အဲဒီလို ကောင်မျိုးတွေပဲ ကျပြီဆို ကြောင်ကျမကျဘဲ ခွေးကျကျကုန်တာ။

“နိုးနိုးတို့ သွားရအောင် ကိုကြီး”

“အဲဒီကောင်က ဘယ်ကလဲ”

“နိုးနိုးတို့ကျောင်းကပါ”

“ဒါကြောင့် ငါ ဆရာဝန်လောင်း ရုပ်ချောတယ်ဆိုပြီး မာန်တက်နေတာဖြစ်မှာပေါ့။ သူမာန်တက်တော့ရော ဘယ်သူက ဂရုစိုက်မှာလဲ”

“ကဲပါ၊ လာ. . . သွားမယ်”

နိုးနိုးဆွဲခေါ်သွားလေသဖြင့် ရာဇာ မကျေမနပ်နှင့်ဘဲ လှည့်ကြည့်လှည့်ကြည့်နှင့် ပါသွားလေသည်။

ဝက်ပါနှင့်သမားမှာ တိုက်ကားမောင်းနေကြ၏။ ဝက်ပါ ကသာ ရယ်မောနေပြီး၊ ပြီးခဲ့တာကိုထားခဲ့ပြီး မေ့လွယ်ပျောက် လွယ်ရှိနေပေမယ့် သမားကတော့ မျက်ရည်ဝဲဝဲလေးနှင့် ပါးစပ် အပေါင်းသားဖြစ်ပြီး ဝက်ပါ့ကိုမော့ကြည့်နေရှာသော ကောင်မ လေးအတွက် စိတ်မကောင်းဖြစ်နေမိ၏။

ဘာပဲဖြစ်ဖြစ် ဝက်ပါ အဲဒီလိုကြီးတော့ မပြောသင့်ပေ။ သူ့အာရုံနဲ့သူ ကစားနေတာကို ရပ်ကြည့်နေမိတာက သူတို့ပဲ





မဟုတ်ဘူးလား။ နောက်မှာရပ်နေသူကို ဝက်ပါမှန်းသိလို့ တမင် ဝင်တိုက်တယ်လို့ ပြောရအောင် ကောင်မလေးရဲ့နောက်စေ့မှာ မျက်လုံးအပိုတပ်ထားတာမှမဟုတ်ဘဲလေ။ ဒါကို သမား နား လည်ပေးနိုင်ပါသည်။

“သမား”

ဝက်ပါခေါ်တာကို သမား မကြားပေ။

“သမား. . . ဟေ့ကောင်”

“အင်. . . ဟင်. . . ဘာလဲ”

“ဘာဖြစ်နေတာလဲ၊ ပြီးပြီလေ. . . သွားမယ်”

ဝက်ပါက မတ်တပ်ရပ်ကာခေါ်နေပြီး သမားက တိုက် ကားလေးပေါ်မှာပဲ ထိုင်နေသေးသည်မို့ ဝက်ပါ လက်ဆွဲခေါ်မှ တမန်းကမတန်း ထလိုက်ရ၏။

“မင်းဘာဖြစ်နေတာလဲ”

“စောစောက ကိစ္စအတွက် ငါစိတ်မကောင်းဖြစ်နေတာ”

“ဘာကိုလဲ”

သမားက မရယ်မပြုံးမျက်နှာနှင့် ဝက်ပါ့ကိုစေ့စေ့ကြည့် လျက်. . .

“မင်းဘာပဲလုပ်လုပ် ဆိုးတာကောင်းတာ ငါဘယ်တုန်း



www.burmeseclassic.com

www.burmeseclassic.com



ကမှ မဝေဖန်ခဲ့ဘူး။ စောစောက ကိစ္စမှာတော့ မင်းမှားတယ် ဝင်္ကပါ''

''ဘာ!''

သူပြောသလိုပဲလေ၊ ဝင်္ကပါဘာပဲလုပ်လုပ် သမား ဘယ်တုန်းကမှ မြှောက်ပေးတာ တိုက်တွန်းတာ မလုပ်ခဲ့သလို၊ မင်းလုပ်တာ မှားတယ်၊ ဘာတော့မလုပ်နဲ့၊ ဘယ်ကိုမသွားနဲ့ဆိုတာမျိုးလည်း တားဆီးဖူးတာမရှိပေ။

''ရှေ့ကိုအာရုံစိုက်နေတဲ့သူက မင်းမှန်းသိပြီး တမင်ဝင်တိုက်ရလောက်အောင် အဲဒီကောင်မလေးရဲ့နောက်စေ့မှာ မျက်လုံးအပိုမပါတာ သေချာပါတယ်''

''ခါတိုင်း ငါဘာပဲလုပ်လုပ် မဝေဖန်ဘူး၊ အခုကျမှ ငါမှားတယ်ဆိုတော့ မင်းဘာဖြစ်သွားတာလဲ သမား''

''မင်းပြောလိုက်တာ အနားမှာ လူအများရှိနေလို့ပေါ့။ တစေ့တစောင်းကြည့်နေတဲ့မျက်လုံးမှန်သမျှထဲမှာ ကောင်မလေးကို သနားသွားတဲ့အရိပ်အရောင်တွေနဲ့''

သူငယ်ချင်းက ကိုယ့်ကိုအပြစ်တင်လိုက်သည်မို့ ဝင်္ကပါ စိတ်ထဲမှာ ဖျင်းခနဲဖြစ်သွားသည်။ အဲဒါ ဟိုကောင်မလေးကြောင့်



## အခန်း (၃)

''အံ့သြပါရဲ့ နိုးနိုးရယ်၊ နင်မို့လို့ ငြိမ်ခံနေတာ။ ငါသာဆို အဲဒီနေရာမှာတင် ပါးပြန်ရိုက်ခဲ့တယ်''

အောင်ကျော်မိုးက လက်ဝါးတထောင်ထောင်နှင့် ပြောလေသည်။ ဘယ်သူမဆို ကိုယ့်သူငယ်ချင်းကို ဘလိုင်းကြီး ဖွဲ့သွားတယ်ဆိုတာ ကြားရတော့ ဒေါသဖြစ်မှာပဲပေါ့။

ရွှေစကားကတော့ မိုးမိုးလို ဒေါသရိပ်တွေမပြဘဲ နိုးနိုးကို တွေတွေကလေး စိုက်ကြည့်နေ၏။

''ငါ တကယ် သူမှန်းမသိတာပါ၊ သိလိုက်ရတော့လည်း ကိုကြီးရှေ့မှာမို့ အဲဒီလိုကြီး ပြောမယ်မထင်ဘူး''

''ပြောသွားတော့ နင်ဘာမှမတုံ့ပြန်နိုင်ဘူး မဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ် မိုးမိုး၊ ငါဘာမှကို မပြောနိုင်တာ”

ရွှေစကား နိုးနိုးရဲ့လက်ဖျားလေးကို ဆုပ်ကိုင်လိုက်၏။

ဒီလောက်ဆို စကား သိပါပြီ။ နိုးနိုးလက်ထဲမှာ ဟိုနေ့က သော့ချိတ်ကလေး အမှတ်မထင်တွေ့လိုက်ရပြီးကတည်းက စကား စဉ်းစားနေခဲ့တာ။ နိုးနိုးသာ ဝက်ပါကို စိတ်ဝင်စားမနေဘူးဆိုပါလျှင် မနေ့ကဖြစ်ခဲ့တဲ့ကိစ္စအတွက် နိုးနိုး ဒီနေ့အထိ မျက်ရည်တဝဲဝဲဖြစ်နေမှာမဟုတ်ပေ။

“နိုးနိုး”

“ဟင်”

“ငါမေးမယ်၊ နင်မှန်မှန်ဖြေနော်”

စကားကိုပြန်ကြည့်လိုက်တဲ့ နိုးနိုးပုံစံက ကလေးတစ်ယောက်လို။ ပြီးမှ ခေါင်းညိတ်ပြီး . . .

“အင်း”

“နင် ဝက်ပါကိုစိတ်ဝင်စားနေတာ မဟုတ်လား”

နိုးနိုး ဘာမှပြန်မဖြေဘဲ မျက်နှာလွှဲသွားသည်။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းဆိုပေမယ့် ပါးစပ်က ဖြေတာကိုပဲ စကားက ကြားချင်နေတာ။

“ဟုတ်လား နိုးနိုး”





“ငါမညာချင်ပါဘူး စကားရယ်”

“ဝန်ခံတာလား”

“ဟုတ်တယ်”

“ထင်သားပဲ”

“ဘာ! နိုးနိုး၊ နင်က ဝက်ပါကို စိတ်ဝင်စားနေတယ် ဟုတ်လား။ သေလိုက် . . . ရှေ့ကနွားလား ဖြောင့်ဖြောင့်မသွားနိုင်ကြတာ သိသိကြီးနဲ့၊ ကိုယ့်သေတွင်း ကိုယ်ယက်နေတာလား နိုးနိုးရယ်။ လောကမှာ ဝက်ပါတစ်ယောက်တည်းမှ ယောကျ်ား မဟုတ်ပါဘူးဟဲ့”

မိုးမိုးက မနားတမ်းကိုပဲ ပြောလေသည်။ ရွှေစကားက မျက်စောင်းလှည့်ထိုးလေမှ ပါးစပ်ပိတ်သွား၏။

“နင်ဝင်ပြောပြန်ပြီလား မိုးမိုးရယ်၊ နင်က အဲဒီစကား ဝဲပြောမှာပေါ့၊ ယောကျ်ားလေးကိုး”

“ငါက နိုးနိုးလိုဖြူစင်တဲ့သူနဲ့ ဝက်ပါနဲ့ မတန်လို့ပြောတာ”

“တော်စမ်းပါ”

စကားက နိုးနိုးဘက်သို့ ပြန်လှည့်လာပြီး . . .

“နိုးနိုး”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"အခု ဝက်ပါ ဘယ်သူနဲ့တွဲနေလဲ၊ နင်သိလား"

"သူ့ကိုစိတ်ဝင်စားတာကလွဲရင် ငါက အဲဒါတွေ စုံစမ်းနေတာမှမဟုတ်တာ"

"စိတ်ကို တားဆီးလို့မရနိုင်တော့ ဝက်ပါကို နင် စိတ်မဝင်စားပါနဲ့လို့တော့ ငါမပြောချင်ဘူး နိုးနိုး။ ဒါပေမဲ့ ရှေ့မှာ နမူနာစံပြမိန်းကလေးတွေ ရှိနေတာကို နင်မမေ့ပါနဲ့။ အသည်းကွဲပြီး အခုထိ နလံမထူနိုင်သေးတဲ့သူတွေရှေ့မှာ ယမင်းသဇင်နဲ့ တွဲနေပြန်ပြီ"

"ငါက အဲဒီအထိ မရည်ရွယ်ပါဘူး စကားရယ်။ မဖြစ်နိုင်တာကိုလည်းသိပါတယ်။ အဲဒါကြောင့် ငါ ဘယ်သူ့ကိုမှ မပြောဘဲ ခုထိနေခဲ့တာ"

"ဒါဆို နင် သူ့ကိုစိတ်ဝင်စားတာ ကြာပြီပေါ့"

နိုးနိုး သက်ပြင်းလေး ချလိုက်မိ၏။ နိုးနိုးရဲ့စိတ်ဝင်စားမှုက သိပ်တော့မပြင်းထန်သေးဘူး ထင်ပါရဲ့။ တွဲခွင့်ရဖို့အထိလည်း မကြိုးစားချင်၊ နိုးနိုးစိတ်ဝင်စားတာက တွေ့လိုက်မြင်လိုက်လို့ ငေးကြည့်မိတာကလွဲလျှင် ဒီ့ထက်ပိုချင်တဲ့စိတ်တော့မရှိပေ။

"ကြာပြီလို့တော့ ပြောရမှာပဲ စကား။ ဒါပေမဲ့ ငါ သူ့ကို





စိတ်ဝင်စားတယ်ဆိုတာ သူများတွေနဲ့တော့ မတူဘူးထင်တယ်"

"ဟင်! ဘယ်လိုမတူတာလဲ"

နိုးနိုး တွေခနဲဖြစ်သွားပြီး...

"ငါ သူ့ကိုစိတ်ဝင်စားတယ်ဆိုတာ သူ့ကိုမြင်ရင် မကြည့်ရမနေနိုင်တာမျိုးလောက်ပါ။ မြင်လိုက်ရပြီဆို ဝမ်းသာသလိုလို ပျော်သလိုလိုဖြစ်ပြီး သူကွယ်သွားရင် တစ်ခုခုလိုနေသလို ရင်ထဲမှာ ဟာကျန်ခဲ့တာ။ တွဲကြည့်ဖို့ ချစ်ကြည့်ဖို့တွေတော့ တစ်ခါမှ စိတ်မကူးမကြည့်ခဲ့ဖူးဘူး"

"နင့်ဟာကလည်း ဘာကြီးတုန်း"

မိုးမိုးက နားမလည်နိုင်သလိုပြောလေသည်။ စကားက တစ်ဖက်လှည့်သွားပြီး ဘာကိုစဉ်းစားနေသည်မသိ။ မေးစေ့ကို လက်ညှိုးထိပ်ကလေးနှင့်ကုတ်ခြစ်ပြီး ခေါင်းလေးငုံ့သွားလိုက်၊ ပြန်မော့လာမလိုဖြစ်လာလိုက်နှင့် အတန်ကြာမှ...

"ငါတစ်ခုစဉ်းစားမိတယ် နိုးနိုး"

"ဘာလဲဟင်"

"ငါလည်း စောစောက နင်ပြောသလိုဖြစ်ဖူးတယ်ဟ"

"ဟင်! ဟုတ်လား၊ ဘယ်တုန်းကလဲ၊ ဘယ်သူ့ကိုလဲ ဟင်...စကား"



www.burmeseclassic.com

www.burmeseclassic.com



"ငါဖြစ်ဖူးတာက မင်းသားတစ်ယောက်ဟ"

. . . နင်ကလည်း"

ဟုတ်မလိုလိုနှင့် အဖျားရှူးသွားသော ရွှေစကားရဲ့စကားကြောင့် နိုးနိုးရောမိုးမိုးပါ အားမလိုအားမရဖြစ်သွားကြ၏။

"ငါတကယ်ပြောတာ နိုးနိုးရဲ့၊ အဲဒီမင်းသား သရုပ်ဆောင်တဲ့ဇာတ်ကားကိုကြည့်ပြီး ငါအရမ်းပျော်တယ်။ အခြားမင်းသားကိုကျတော့ မကြည့်ချင်သလိုမျိုးကြီး။ သူ့ကားကြည့်ပြီးလို့ ဇာတ်လမ်းဆုံးပြီဆိုရင် ဘာကိုမှန်းမသိဘဲ ရင်ထဲမှာ ဟာကျန်ခဲ့တာဟ။ တစ်ခါတလေ ငါနှစ်ခါပြန်ကြည့်ဖြစ်တယ်၊ သူက ချောလည်း အရမ်းချောတာဆိုတော့ သူ့ပုံတွေ ဝယ်ကပ်တယ်၊ ကုန်ကုန်ပြောရရင်ဟာ . . . အိပ်မက်ထဲမှာတောင် ခဏခဏထည့်မက်ဖူးတာ"

"အဲဒီလောက်တောင်ပဲလား"

မိုးမိုးကတော့ မဲ့ကာရွဲ့ကာနှင့်မေးပြီး နိုးနိုးက စိတ်ဝင်စားစွာ နားစိုက်ထောင်နေသည်။

"အဲဒီလောက် စွဲလမ်းခဲ့တာအမှန်ပဲ။ ဒါပေမဲ့ ကိုယ်က ဘယ်လောက်ပဲ အသည်းစွဲဖြစ်ဖြစ် ကိုယ်နဲ့မနီးစပ်နိုင်မှန်း သိနေတာကြီးကို လိုသလိုစိတ်ကူးယဉ် ရင်ခုန်ကြည့်ဖို့ကျတော့ ဘယ်





လိုမှမရဘူးဟ။ နင်လည်း အဲဒီလိုမျိုးဖြစ်နေပြီလား နိုးနိုးရယ်။ ဝင်္ကပါက မင်းသားမဟုတ်ပေမယ့် အရမ်းချောတာကိုး"

"သမားလည်း ချောပါတယ်ဟယ်"

"အမယ်! နင်က သမားကိုစိတ်ဝင်စားနေတာလား မိုးမိုး"

"ဝင်စားချင်ပေမယ့် မရဘူး၊ သံလိုက်လိုလေ၊ ဖိုဓာတ်ချင်းထိလို့မရအောင် တွန်းကန်အားပဲ ဖြစ်လာမှာပေ့ါ"

"ခွေးစုတ်"

စကား ထေထုတော့ မိုးမိုး အားခနဲအော်ပြီး နိုးနိုးရဲ့နောက်မှာ သွားကွယ်နေ၏။

"ငါလည်းမသိတော့ပါဘူးဟာ၊ နင်ပြောသလိုပဲ ဖြစ်နေပြီလား ဒါမှမဟုတ်"

"ငါပြောသလိုပဲ ဟုတ်လိုက်ပါ နိုးနိုးရယ်။ အဲဒါက နင့်အတွက် အန္တရာယ်မရှိဘူးလေ"

"တစ်ခုတော့ ကွာတယ်လေ၊ နင်ပြောတာက ဖန်သားပြင်ပေါ်က ကိစ္စ၊ ငါက မျက်မြင်ကိုယ်တွေ့ကြီးကို"

ခက်ပါလားဟု ကျောထုပေးပြီးသာ ဇဝေဇဝါစိတ်တွေကို အန်ချအောင် လုပ်ပေးလိုက်ချင်၏။ အချစ်ဆူးစူးရင် နှုတ်ခ



www.burmeseclassic.com

www.burmeseclassic.com



ခက်လို့ နှင်းဆီကို မပန်နဲ့၊ စပယ်ကို အစားထိုးပါဆိုပြီး တစ်ပွင့်ချင်း ကောက်သီပေးနေတာပါ- နိုးနိုးရယ်။

ဝက်ပါဆိုတာ . . .

နှင်းဆီဆူးမဟုတ်ဘူး၊ အဆိပ်လူးထားတဲ့မြားတစ်ချောင်းမို့ ဆောင်ရန်ကို ကြက်ခြေခတ်ပြီး ရှောင်လိုက်စမ်းပါ နိုးနိုး။



## အခန်း (၆)

နိုးနိုးရဲ့အလှုပြင်ခြင်းကိစ္စက . . .

မိတ်ကပ်ကလေး ပါးပါးခံ၊ ကရင်းမ်ဘတ်ကလေး တစ်ချက်နှစ်ချက် တို့ဖတ်နှင့် ဟိုပွတ်ဒီပွတ်ပြီး မျက်ခုံးနှစ်ဖက်ကို ဘရုတ်ရှုကလေးနှင့်ခြစ်ပစ်ရုံနှင့် ပြီးစီးသွားဖေါ်၊ ငယ်ငယ်ကတည်းက ဆရာဝန်ဖြစ်ချင်သည်ဟုဆိုကာ စာကလွဲလျှင် ဘာမှဂရုမစိုက်အားခဲ့သည့်အကျင့်။

ယခုထိတိုင် အလုအပနဲ့ပတ်သက်ပြီး နိုးနိုး ဘာမှမပြုပြင်တတ်ပေ။ နှုတ်ခမ်းနီ လိမ်မှော်ရောင်လေးကိုဆိုးပြီး မနေတတ်တော့။ ကလေးတွေလို နှုတ်ခမ်းနီပျက်မှာစိုးလို့ဆိုပြီး နှုတ်ခမ်းလေး စုချွန်ထားရလို့၊ ဟာပြီးပဲ မထိအောင် နေရမလိုနှင့် အပေါ်နှင့်အောက်နှုတ်ခမ်းချင်း ပွတ်မိတာကလည်း မကြာခဏပါ။



www.burmeseclassic.com

www.burmeseclassic.com



"မမ"

"ဟင် . . . ဘာလဲ ညိုညို"

"ဘဘက ပြီးပြီလားတဲ့"

"အေး . . . ပြီးတော့မယ်လို့ပြောလိုက်"

"ဟုတ်ကဲ့"

ညိုညိုပြန်ထွက်သွားတာနှင့် ရေညှိရောင် ဝမ်းဆက်ကလေးတစ်ရံကိုထုတ်ပြီး လဲဝတ်လိုက်၏။ ပြီးတော့ ကျောလယ်လောက်ရှိသည့် ဆံပင်အဖြောင့်လေးကိုဖြီးပြီး ဒီအတိုင်းပဲ ဖြန့်ချ၍ လက်ကိုင်အိတ်ကလေးဆွဲယူကာ ထွက်လာခဲ့သည်။ ဒါပြီးပြီပေါ့။

"သမီးပြီးပြီ ဖေဖေ"

ဦးသာထက် သမီးကို ခြေဖျားကနေ ဆံဖျားအဆုံး နှစ်ခေါက်ပြန်ကြည့်၍ . . .

"ဒါပဲလား"

"ဒါပဲပေါ့ဖေဖေရဲ့၊ ဘာများထွေထွေထူးထူး ပြင်နေရဦးမှာလဲ"

"မဟုတ်ဘူးလေ သမီးရဲ့၊ ဘာရတနာမှ မဆင်တော့ဘူးလား"





နိုးနိုးက ရယ်လိုက်ပြီး . . .

"ခါတိုင်းဝတ်နေကျ ဒီဆွဲကြိုး၊ ဒီနားဆွဲ၊ ဒီလက်စွပ်နဲ့လည်း ရပါတယ်ဖေဖေရယ်။ ဖေဖေ့သမီး ဘာရတနာမှမဝတ်ဘဲ ငါက်ရှိုဝတ်ထားတာတွေပါ ချွတ်ထားခဲ့ရင်တောင် ဖေဖေ့လက်ကိုဆွဲပြီး ဖေဖေ့အနားမှာ ကပ်လိုက်တာနဲ့ ဦးသာထက်ရဲ့သမီးဆိုပြီး ဂုဏ်ရှိပြီးသား။ ရတနာဆိုတာ ဝတ်မထားပေမယ့် ကြည့်တဲ့သူရဲ့မျက်လုံးထဲမှာ သူတို့အလိုလိုဆင်ကြည့်ပြီးသား ဖြစ်နေမှာပါ ဖေဖေရဲ့"

"အဟား . . . ဖေဖေ့သမီး ဒီလောက်စကားတတ်မှန်းမသိဘူးကွာ၊ တကယ်ပဲ။ ကဲ! ဟုတ်ပါပြီ၊ ဖေဖေ့သမီးက ဘယ်လိုပဲနေနေ လှပြီးသားပဲဥစ္စာ"

"အား . . . ချဉ်လိုက်တာ"

ကိုယ့်ငါးချဉ် ကိုယ်ချဉ်သည်ဆိုတဲ့သဘောကို နိုးနိုးက မျက်နှာလေးရှုံ့မဲ့ပြီး အော်ပြလေတော့၊ ဦးသာထက် သဘောကျစွာ ရယ်လေသည်။ မိဘမျက်စိထဲမှာတော့ ကိုယ့်သားသမီးသည်သာ ကမ္ဘာပေါ်မှာ အလှဆုံး အထင်ပေါ်ဆုံးပါ။

ဦးသာထက် သမီးလက်ကလေးကိုဆွဲပြီး ကားပေါ်သို့တက်ခဲ့သည်။ သူတို့သွားမှာက သူ့ငယ်ချင်းရဲ့သားမွေးနေ့ပွဲကို

www.burmeseclassic.com

www.burmeseclassic.com



ပါ။ လူကြီးတွေမှာ အစီအစဉ်နဲ့ပေမယ့် ဦးသာထက် သမီးကိုဖွင့်မပြောရသေးပါ။ ကလေးချင်း အရင်မြင်ဖူးတွေ့ဖူးကြပါစေတဲ့။

"ဟော! ကိုသာထက်တို့လာပြီ"

"လာကွာ . . . သာထက်"

"ရပ်မနေပါဘူးကွာ၊ လာနေပါတယ်"

ဦးကမ္ဘာကျော်က ဦးသာထက်တို့သားအဖကို နေရာချပေးပြီးမှ . . .

"ဖြိုးရေ မင်းသားကိုခေါ်ပါဦးကွ။ ဒီမှာ သမီးလေးနဲ့ မိတ်ဆက်ပေးရအောင်"

"မိတ်ဆက်ပေးရမယ်သာ ပြောရတာ၊ တစ်ကျောင်းတည်းဆိုတော့ သူတို့ချင်းများ သိများသိနေမလားပဲ"

"မင်းကလည်း လျှာရှည်လိုက်တာကွာ၊ ခေါ်မှာသာ သွားခေါ်စမ်းပါ"

"ခေါ်မှာပါ ကိုကမ္ဘာကျော်ရယ်၊ လောလိုက်တာ"

ဒေါ်ဖြိုးဖြိုးကြည် ထွက်သွားပြီးမှ၊ ဦးကမ္ဘာကျော်က

"သာထက်"

"ဟင်"

"မင်း ဟိုဘက်ဝိုင်းကို ခဏလိုက်ခဲ့ပါလား။ ဝို့ရဲ့ ဟို





ဘက်ခြံက ကိုမျိုးသိုက်နဲ့ မိတ်ဆက်ပေးချင်လို့"

ကမ္ဘာကျော် ဉာဏ်နီဉာဏ်နက်များပြီဆိုတာကို ဦးသာထက် သိလိုက်သည်။ စီးပွားရေးသမားချင်း ကိုမျိုးသိုက်ကို သူမသိဘဲနေပါ့မလား။ ဒါ သမီးနဲ့သူ့သားကို အေးအေးဆေးဆေး စကားပြောစေချင်လို့ ခွင်ဆင်တာ။

ဦးသာထက် သမီးမျက်နှာကိုကြည့်လိုက်တော့ . . .

"ဖေဖေလိုက်သွားလေ၊ သမီးက ရပါတယ်"

"အင်း . . . ဒါဆို ဖေဖေခဏလိုက်သွားလိုက်ဦးမယ် သမီး"

"ဟုတ်"

နိုးနိုးခေါင်းညိတ်လိုက်သည်။ ဖေဖေ့အပေါ် နိုးနိုးနားလည်ပေးနိုင်သလို ဖေဖေကလည်း နိုးနိုးအပေါ် နားလည်ပေးနိုင်ခဲ့ နိုးနိုးတစ်ယောက်တည်း ထိုင်နေရလို့ ဘာမှမဖြစ်ဘူးလေ။ ဖေဖေက အချိန်တိုင်း သူ့အတွက် ရွှေဖြစ်နေတာမဟုတ်လား။ စီးပွားရေးသမားချင်းတွေ့ရင် စီးပွားရေးအကြောင်းပဲ ပြောကြမှာလေ။

"မေမေတို့ သားနဲ့ညည်းရွယ်ထားတယ်ဆိုတာ အဲဒီကောင်လေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သား"

"အဲဒါဆို မေမေမိတ်ဆက်ပေးစရာမလိုပါဘူး။ သူ့ကို ကျွန်တော်သိပြီးသားပါ။ မေမေ မေမေ့မိတ်ဆွေတွေကို ဧည့်ခံလိုက်လေ။ သားဘာသာပဲ သူ့ဆီသွားလိုက်မယ်"

"ကောင်းပြီလေ၊ ဒါဆို သားသွားလိုက်ဦး။ နှစ်ယောက်တည်းတွေ့ရမှာ ရှက်နေရင် သမားကိုခေါ်သွားလိုက်လေ"

ရှိန်စရာလား။ ကောင်မလေးကို ဂရုမစိုက်ပေမယ့် သမားကိုတော့ ခေါ်သွားရမည်လေ။ သူနဲ့ဆိုရင် ဆက်ဆံရေးက သိပ်အဆင်ပြေမှာမှမဟုတ်တာ။ ဘယ်ဘဝက ရေစက်ကြောင့်လဲတော့ မသိဘူး၊ အဲဒီကောင်မလေးကို ဝင်းပါ. လုံးဝကြည့်လို့မရပေ။ ငါးကျည်းခြောက် ကျပ်တင်ထားတဲ့ပုံစံနဲ့။

"သမား . . . မင်း ငါနဲ့လိုက်ခဲ့"

"သူရိယနဲ့ ဘုန်းမြတ် ရောက်နေတာ၊ ငါရှိနေမှ ဖြစ်မှာပေါ့"

"ဒါ ငါ့မွေးနေ့ပွဲနော်၊ အရေးကြီးတာက ဘယ်သူလဲ။ ပြီးမှ ငါ့ဘာသာ ဧည့်ခံမှာပေါ့"

ပြောလည်းပြော၊ လက်ကိုပါ ဖိအုပ်ခေါ်လာလေသဖြင့် သမား လိုက်လာခဲ့သည်။ ဝင်းပါက အနောက်တိုင်းဝတ်စုံ ခိုပြာရောင်ကို ဝတ်ထားပြီး၊ သမားက အဖြူရောင်နှင့်။ နှစ်ယောက်စလုံးက တစ်မျိုးစီ ရှင်းသန့်ချောမွေ့နေကြသည်။ မျက်လုံးအတော်များများကလည်း သူတို့နှစ်ယောက်ကို လိုက်ကြည့်နေကြ၏။

"မင်း အဆင်ပြေပြေစကားပြောဦးနော် ဝင်းပါ။ ဟိုကလည်း မွေးနေ့ရှင် မင်းပါလို့ သိထားပုံမပေါ်ဘူး"

"မင်းက ဘာလို့ အတတ်ပြောနေတာလဲ"

"မင်းထင်သလိုမျိုး မင်းမှန်းသိလို့လာတာ၊ ဒါမှမဟုတ် လူကြီးတွေစီမံတဲ့ကိစ္စကိုသိနေရင် သူ မင်းဆီကိုလာမှာပေါ့။ အခုကြည့်လေ၊ ထိုင်နေတာ အေးအေးဆေးဆေးပဲ"

"မင်းပါးစပ်ကို ပိတ်တော့"

ဝင်းပါတို့ကို ကောင်မလေး မမြင်ပေ။ သူ့ဘာသာ မျက်နှာချင်းဆိုင်ဝိုင်းက မဒီချောချောလေးတွေကို ငေးနေ၏။ သူများကို ငေးမှာပေါ့။ သူက သူများတွေလိုမှ မလှတာ။

"ဟိတ်!"

ဝင်းပါ စားပွဲကို လက်နှင့်ပုတ်ကာ ခေါ်လိုက်၏။

"ဟင်!"

နိုးနိုး အံ့ဩမှင်သက်သွားစဉ်မှာပဲ ဝင်းပါနှင့်သမား ဝင်ထိုင်လိုက်ကြ၏။







www.burmeseclassic.com

www.burmeseclassic.com



“မင်းက ဦးသာထက်ရဲ့သမီးနော်”

“ဟုတ်”

“မေမေက မင်းကိုသွားနှုတ်ဆက်လိုက်ပါဦးဆိုလို့ လာတာ။ ငါ့ကိုတော့ မင်းသိပြီးသားပါ။ မင်းကိုတော့ ငါ နာမည်မသိသေးဘူး။ မေးတာမဟုတ်ဘူးနော်၊ မသိတာကိုပြောပြတာ”

မေးတာမဟုတ်ဘူးဆိုပေမယ့် နာမည်မသိတော့ အခေါ်ရခက်နေမှာစိုးတာနှင့် နှီးနှီး ခေါင်းလေးညိတ်ကာ. . .

“တို့နာမည်က အမြတ်တနိုးပါ၊ အားလုံးကတော့ နှီးနှီးလို့ပဲခေါ်ကြတယ်။ တစ်ခါတည်း ဆက်ပြောပါရစေ၊ တို့ ဒီကိုလာတာ ဝက်ပါ့မွေးနေ့မှန်းသိလို့ လာခဲ့တာမဟုတ်ပါဘူး။ ဖေဖေခေါ်လို့ လိုက်လာတာ၊ ဖေဖေ့မိတ်ဆွေရဲ့သားဆိုတဲ့အသိနဲ့တင်ပါ”

“ဘယ်သူမေးလို့ ရှင်းပြတာလဲ”

“တို့အပေါ်မှာ ဝက်ပါက အမြင်စောင်းတတ်လို့ပါ”

ဝက်ပါ မဲ့ပြုံးပြုံးလိုက်၏။ မဟုတ်ဘူး မသိဘူးဆိုတော့လည်း ပြီးတာပဲပေ့။ ကိုယ်လာပြီး နှုတ်ဆက်ရတာလည်း မေမေတို့စိတ်ချမ်းသာအောင် ဝတ်ကျေတန်းကျေပဲလေ။

“သမား”

“ဟင်”





“မင်းပဲ သူ့ကိုအဖော်လုပ်ပေးလိုက်ကွာ၊ ငါ ဟိုကောင်တွေဆီ သွားလိုက်ဦးမယ်”

ခေါင်းညိတ်ခေါင်းခါပင် မစောင့်ဘဲ၊ ဝက်ပါက သုတ်ခနဲထသွားလေ၏။ သမားဆက်ထိုင်နေခဲ့ပြီးမှ ဘယ်လို စကားစရှာပြောရမှန်းမသိဘဲ နှစ်ယောက်ကြားမှာ တိတ်ဆိတ်နေသည်။ နောက်မှ သမားကပဲ. . .

“အမြတ်တနိုး”

“ဟင်”

“ခေါ်ရတာ သိပ်အဆင်မပြေဘူး။ နှီးနှီးလို့ပဲခေါ်ရမလား”

“ရပါတယ်၊ ခေါ်လေ”

“ဟိုတစ်ခါကိစ္စအတွက် တို့စိတ်မကောင်းပါဘူး။ မင်းတမင်ဝင်တိုက်တာမဟုတ်မှန်း တို့သိတယ်”

“နှီးနှီးကတော့ စိတ်ထဲမှာ မထားပါဘူး။ မေ့ပစ်လိုက်ပြီ”

အဲဒီလောက် လွယ်သလား။ လူအများရှေ့မှာ စွပ်စွဲခံလိုက်ရတဲ့အဖြစ်က ပိန်းရွက်အပေါ် ရေလောင်းချသလို ချက်ချင်းလျှောကျပြီး ဘာမှမကျန်ခဲ့ဘူးတဲ့လား။ တကယ်ပဲ အဲဒီလို မေ့လွယ်ပျောက်လွယ်ဆိုရင် စောစောက ဘာလို့ဖြေရှင်းချက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်သေးလဲ။

"ဒါနဲ့ သမားကို နိုးနိုးမေးချင်တာတွေ ရှိတယ်။ စပ်စု တယ်ထင်မှာလည်းကြောက်တယ်"

"ဘာလဲ"

"နိုးနိုးမေးရင် စိတ်ဆိုးမှာလားဟင်"

"ဖြေသင့်တဲ့မေးခွန်းဆိုရင် တို့ဖြေမယ်။ မဖြေချင်ရင် မဖြေရုံဘဲရှိတယ်။ ပေါက်ကွဲဖို့မှမလိုတာ"

"ဒါဆို မေးမယ်"

သမား ဘာမေးမလဲဟု နားစွင့်နေသည်။

"သမားက ဘာလို့ အမြဲတမ်း ခပ်တည်တည်နေတာလဲ။ ဝက်ပါလို အပြုံးအရယ်မရှိဘူးနော်"

"ကိုယ့်ဘာဝ ကိုယ်စိတ်တိုင်းမကျလို့"

"ဘာကိုစိတ်တိုင်းမကျတာလဲ"

နိုးနိုး ထပ်မေးတော့၊ သမား မဖြေတော့ပေ။ မျက်နှာလွှဲသွားတော့ နိုးနိုးပဲ အားနာသလိုဖြစ်ရပြန်၏။ သူ့မှာ ဘာတွေများ နာကျင်ကြေကွဲစရာတွေ ရှိနေပါလိမ့်။



## အခန်း (၉)

မွေးနေ့ပွဲမှအပြန် သားအဖတွေ ကားပေါ်မှာ တိတ်ဆိတ်လျက်။ စကားမပြောဖြစ်ကြ။ မပြောဆို အတွေးကိုယ်စီနဲ့လေ။ ဦးသာထက် စဉ်းစားနေတာက သမီးနဲ့ဝက်ပါကိစ္စပါ။ ဝက်ပါက အရမ်းချော၊ပြီး သမီးက သာမန်ပဲလေ။ ဝက်ပါ သမီးကိုချစ်နိုင်ပါ့မလား။ အချစ်မပါတဲ့အိမ်ထောင်ရေးက ဆားမပါတဲ့ဟင်းလို ဆိုတာ ကိုယ်က လက်တွေ့ကျကျ သိထားခဲ့ပြီးပြီ။

ဒါကြောင့် . . .

"မင်း . . . သမီးကို ဖွင့်ပြောပြီးပြီလား သာထက်"

"မပြောရသေးဘူး။ စောပါသေးတယ်ကွာ"

"ဟာ! မစောတော့ဘူးလေ၊ ကြိုတင်အသိပေးထားမှ



www.burmeseclassic.com

www.burmeseclassic.com



သူတို့စဉ်းစားလို့ရမှာကွ''

''သမီးကိုမပြောခင် အခုပဲ ငါစဉ်းစားနေရပြီ''

''ဘာကိုလဲ''

''မင်းသားက အရမ်းချောနေတယ်''

''ဟေ''

''ငါ့သမီးက သာမန်မိန်းကလေးဖြစ်နေတော့ သမီးရဲ့ အိမ်ထောင်ရေးကို ငါမဆုံးဖြတ်ချင်ဘူး။ အချစ်မပါဘဲ လူကြီးတွေ ပေးစားလို့ ယူပြီးမှ စိတ်ဆင်းရဲနေမှာကို စိုးတယ်။ ငါအကြောက် ဆုံးက ငါ့သမီးစိတ်ဆင်းရဲမှာကိုပဲ''

မလှမ်းမကမ်းဝိုင်းကနေ သမီးတို့ဝိုင်းကို လှမ်းကြည့် အကဲခတ်ပြီး ဦးသာထက် ပြောလိုက်ခြင်းပါ။ ဝင်းပို့ပုံစံက သမီး ကို မလိုလားဟန်တွေအပြည့်နှင့်။ ဒါကို ကိုယ်က ဖွတ်တိုးပြီး သမီးနဲ့ပေးစားရမှာလား။ ယောက္ခမကိုအားနာလို့ ထွန်သွားကို ချွတ်ပေးတဲ့အဖြစ်မျိုးတော့ အရောက်မခံနိုင်ပေ။

သူငယ်ချင်းကိုအားနာလို့ဆိုပြီး သမီးရဲ့အိမ်ထောင်ရေး ကိစ္စအတွက် ဖွတ်မိုက်ခေါင်းညိတ်လိုက်ရင်၊ ကလေးတွေလို မလို ကာမှ ငါ့အိုးပုတ်ပြန်ပေးဆိုပြီး တောင်းလို့ရတဲ့အရာလည်းမဟုတ်။ သမီးကို လင်ကုန်ရှုံးပြီး တစ်သက်လုံးမှောက်မယ့်အဖြစ်မျိုးနဲ့ မကြုံ





စေချင်ပါ။

တော်ကြ၊ တတ်ကြ၊ ချမ်းသာကြတာချင်းအတူတူ လု တဲ့သူက အလှမာန်ထောင်ပြီး အနိုင်ကျင့်နေရင် တစ်သက်လုံး စိတ်ဆင်းရဲနေရမှာက ကိုယ့်သမီးလေးလေ။

''ကလေးတွေကိစ္စအတွက် ငါတောင်းပန်တယ် ကမ္ဘာ၊ ခမည်းခမက်မတော်ရလည်း မင်းနဲ့ငါက အချစ်ဆုံးသူငယ်ချင်း တွေပါ။ မင်းသားရဲ့ဆန္ဒမပါဘဲ ဒီကိစ္စကို မစီစဉ်ပါနဲ့။ ငါသိနေ တယ်၊ သမီးက ဝင်းပါကိုချစ်နိုင်ပေမယ့် ဝင်းပါက သမီးကိုချစ် နိုင်မှာမဟုတ်ဘူး''

''မင်းက ဘာကိုကြည့်ပြီး ဆုံးဖြတ်တာလဲ''

''ငါ့သမီးက အခုထိ ရည်းစားတစ်ယောက်မှ မထားဖူး သေးဘူး ကမ္ဘာ။ ဝင်းပါက တွဲခဲ့သမျှမိန်းကလေးတွေအားလုံး မင်းသမီးလုပ်လို့ရတဲ့ရုပ်မျိုးတွေချည်းပဲဆိုတာ ငါသိထားတယ်''

ဦးကမ္ဘာ ဘာပြောရမှန်းမသိဘဲ ငိုင်ကျသွားခဲ့သည်လေ။

''ကလေးတွေ စိတ်မချမ်းသာရမယ့်အဖြစ်မျိုးကို တို့ တွေ မဖန်တီးကြရင် ကောင်းမယ်''

ဆိုတဲ့စကားနှင့် ဦးသာထက် အဆုံးသတ်ခဲ့တာပါ။ ကိုယ့် တုန်းကလည်း မိဘတွေပေးစားလို့ ယူခဲ့ကြသည်။ ကိုယ်က သာ



www.burmeseclassic.com

www.burmeseclassic.com



မန်ရုပ်ရည်ကိုသာ ပိုင်ဆိုင်ပြီး သမီးရဲ့မေမေက သူတို့ကျောင်းမှာ Queen ဘွဲ့ရထားသူ။ မိတ်တွေကိုမလွန်ဆန်နိုင်လို့ လက်ထပ်ခဲ့ကြတဲ့အထဲမှာ ကိုယ်ကချစ်ပြီး သူက မချစ်။ အဲဒီတော့ နှစ်ဦးနှစ်ဖက် စိတ်ဆင်းရဲကြရသည်။

သမီးလေး သုံးနှစ်အရွယ်မှာ လင်မယားချင်းစကားများပြီး အိမ်ကထွက်သွားတဲ့ သမီးရဲ့မေမေဟာ ကားအက်ဆီးဒင့်ဖြစ်ပြီး၊ ဆုံးသွားခဲ့သည်။ သမီးလေးက ကုသိုလ်ကံ နုံချာစွာ ဖအေနဲ့လာတူနေတော့ ဘယ်မှာချောတော့မှာလဲ။ အသားဖြူတာကတော့ သူ့အမေနဲ့တူတာပေါ့။

"ဖေဖေ"

"..."

"ဖေဖေ"

"အင်...ဟင်"

"ဘာတွေတွေးနေတာလဲ၊ ကားကို ဂရုစိုက်မောင်းလေ"

"အေးပါသမီးရယ်၊ ဘာမှမဖြစ်ပါဘူး"

အေးပါသမီးရယ်ဆိုပေမယ့် အာရုံတွေက စုစည်းလို့မရနိုင်အောင် ပျံ့လွင့်နေသည်။ ကမ္ဘာတို့လင်မယားက သမီးအပေါ် မိဘရင်းတွေသဖွယ် ကောင်းကြမည်ဆိုတာ ယုံကြည်ပေမယ့်၊





ကိုယ့်သမီးကို စကားပြောနေတာပဲ မျက်မှောင်ကြုတ်ပြီး မလိုလားစွာကြည့်နေတဲ့ မျက်လုံးတွေကို မြင်ရတော့ သူဘယ်လောက်ရင်နာခဲ့ရသလဲ။ ကိုယ်က သမီးကို သူများစေ့စေ့ကြည့်တာပင် မခံချင်တဲ့သူ။ လောကမှာ ဝက်ပါတစ်ယောက်တည်းယောကျ်ားကောင်း ယောကျ်ားမြတ်ဖြစ်နေလျှင်တောင် သမီးကိုအပျိုကြီးပဲ လုပ်ခိုင်းလိုက်တော့မည်။

"ဖေဖေ...ဖေဖေ...ရှေ့မှာ"

"ဟာ!"

အချိန်မီ ကွေ့လိုက်ပေမယ့် ကားက တစ်ဖက်မှ သစ်ပင်ကြီးဆီသို့ ဦးတည်သွားပြီး...

"သမီး သတိထား"

"ဒုန်း!"

"အား..."



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၀)

နှိုးနှိုး ဘယ်လောက်များ ကံဆိုးလိုက်ပါသလဲနော်။ မေမေ့တုန်းကလည်း ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားခဲ့တာ။ အခု ဖေဖေလည်း ဒီကားကြောင့်ပဲ အသက်ပေးရပြန်ပြီ။ ကံကောင်းထောက်မစွာ နှိုးနှိုးက လက်မှာဒဏ်ရာရတာနှင့် လက်တစ်ဖက် အဆစ်လွဲသွားတာကလွဲပြီး အသက်ဘေးမှ လွတ်မြောက်ခဲ့ပေမယ့် ဖေဖေကတော့ အသက်ဆုံးရှုံးသွားခဲ့သည်။

"ငိုမနေပါနဲ့တော့ နှိုးနှိုးရယ်၊ နင်ဒီလိုငိုနေလို့လည်း နင့်ဖေဖေက အသက်ပြန်ရှင်လာမှာမှမဟုတ်တာ။ တို့ဘုရားရှင်လက်ထက်တုန်းက ပဋာစာရီကို လူမသေတဲ့အိမ်က မုန်ညင်းစေ့ကို ရှာခိုင်းခဲ့သေးတာ မရခဲ့ဘူးမဟုတ်လား"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ဒါပေါ့ စကားရယ်၊ ဒါပေမဲ့ဟာ . . . ငါ့မှာ အားကိုးစရာဆိုလို့ ဖေဖေပဲရှိတာ။ အခု ဖေဖေက မရှိတော့ဘူးဆိုတော့ ငါ့မှာ ဘယ်သူ့ကိုအားကိုးပြီး ဘယ်လိုနေရမှန်းမသိတော့ဘူး။ ငါ့ရင်ထဲမှာ အူတွေအသည်းတွေ မရှိတော့သလိုဘဲ"

ရွှေစကားက နှိုးနှိုးလက်ကလေးကို တွေးဆုပ်ထားလိုက်သည်။ ဘယ်လိုစကားလုံးမျိုးတွေနဲ့ အားပေးရမလဲ သူငယ်ချင်းရယ်။ မိုးမိုးကတော့ စိတ်မကောင်းသည့်အသွင်လေးနှင့် ဘာစကားတစ်ခွန်းမှမဆို။ နှိုးနှိုးကို အားပေးနှစ်သိမ့်ပေးချင်ပေမယ့် စကားလုံးက ရှာမရပေ။ ဒီတော့ ငုတ်တုပ်ထိုင်ကြည့်နေရုံကလွဲရင် ဘာများတတ်နိုင်ဦးမှာလဲ။

"နှိုးနှိုး"

"ဟင်"

"ငါ နင့်ကိုအဖော်လာလုပ်ပေးရမလားဟင်"

"နေပါစေ စကားရယ် . . . ငါနေသားကျအောင် တစ်ယောက်တည်းပဲနေပါ့မယ်။ ညိုညိုလည်း ရှိနေတာပဲလေ"

"နင့်အန်တီကြီးတို့ မလာဘူးလား"

"လာပါတယ်၊ ကိုကြီးက သင်္ဘောပြန်တက်သွားပြီလေ။ အန်တီကြီးတို့က နေပြည်တော်ကို ပြောင်းကြတော့မှာ။ မကြီးက ဟိုမှာဆိုတော့ မမကြီးရှိတဲ့နေပြည်တော်မှာပဲ အခြေချကြတော့မယ်ထင်တယ်"

"အရေးထဲမှ သူတို့ကလည်းဟယ်"

ကိုယ့်တူမလေးကို အားပေးဖော်မရဘူးလို့တော့ မပြောချင်။ သူတို့မှာလည်း သူတို့အခက်အခဲနဲ့သူတို့ ရှိနေမှာပေါ့။

"ငါ နင့်ကိုကူညီချင်ပါတယ် နှိုးနှိုးရယ်။ ဖြစ်နိုင်ရင်လေ ဝေဒနာတွေ တစ်ဝက်ခွဲယူလိုက်ချင်တာမျိုးပါ"

နှိုးနှိုး မျက်ရည်တွေကိုသုတ်လိုက်ပြီး . . .

"ဝဋ်ကြွေးဆိုတာကို ခွဲဝေခံစားယူလို့မှမရတာ စကားရယ်။ ဖြစ်လာတဲ့ဘဝမှာပဲ ငါဘယ်လိုရှင်သန်ရပ်တည်ရမလဲ စဉ်းစားမယ်။ ငါ ခွန်အားအသစ်တွေ မွေးမြူရဦးမှာ"

"မမ"

ညိုညိုက ခပ်သုတ်သုတ်ကလေး ဝင်လာပြီး နှိုးနှိုးအိပ်ရာဘေးမှာ ရပ်လျက် . . .

"ဧည့်သည်ရောက်နေတယ် မမ"

"ဘယ်သူလဲ ညိုညို"

"သမားတဲ့"

"သမား"







www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"အေးအေး . . . ငါလာခဲ့မယ်"

ညိုညိုပြန်ထွက်သွားတော့ နိုးနိုးနှင့်စကား အကြည့်ချင်း ဆုံသွားကြသည်။ မိုးမိုးကလည်း နိုးနိုးကိုကြည့်နေ၏။ စကား သက်ပြင်းလေး ချလိုက်မိသည်။ အခုချိန်မှာ နိုးနိုးကို ဝက်ပါသာ ရောက်လာပြီး နှစ်သိမ့်အားပေးရင် ဘယ်လောက်ကောင်းမလဲ။

အခုတော့ . . .

ဘာကိစ္စနဲ့မှန်းမသိပေမယ့် ရောက်လာတာက သမား ဖြစ်နေသည်။ သမားနဲ့ဝက်ပါယှဉ်လိုက်လျှင် စကားကတော့ သမား ကိုသာ နိုးနိုးစိတ်ဝင်စားခဲ့တာမှ တော်ဦးမည်ဟုတွေးမိ၏။ သမား က ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားခဲ့တော့ မျှော်လင့်ချက် ပေးတာမျိုးလည်း မလုပ်ပေ။ နိုးနိုးကိုစိတ်မဝင်စားရင် ဝက်ပါလို တော့ တောက်တောက်ခါးခါးပြောမှာမဟုတ်ဘူးလေ။ ဒီတော့ နိုးနိုးလည်း စိတ်မထိခိုက်ရဘူးပေါ့။

"သွားရအောင် နိုးနိုး"

"သူဘာလာလုပ်တာလဲမသိဘူးနော်"

မိုးမိုးက စပ်စုချင်သလိုလေး မေးလေသည်။

"တွေ့မှ နှင်မေးကြည့်လေ"





"သူ့မျက်နှာက အမြဲတမ်းတည်နေတာ၊ ဘယ်သူက မေးရဲမှာလဲ"

စကားက မျက်စောင်းလေးထိုးပြီး နိုးနိုးလက်ကလေးကို ဆွဲခေါ်လာခဲ့သည်။ ဧည့်ခန်းထဲရောက်တော့ အသီးသီး ဆိုဖာတွေ မှာ ဝင်ထိုင်ကြပြီး နိုးနိုးက သမားနှင့်ဘေးချင်းကပ်ဆိုဖာပေါ်မှာ။

"နိုးနိုးဖေဖေ့အတွက် တို့စိတ်မကောင်းပါဘူး နိုးနိုး"

"ကံပဲပေါ့ သမားရယ်"

သမားက သူ့လက်ထဲမှာ ကိုင်ထားသော အဖြူရောင် နှင်းဆီပန်းစည်းလေးကို နိုးနိုးဆီ ကမ်းပေးရင်း . . .

"လဲနေသူ ထူပေးပါ၊ အားငယ်သူ အားပေးပါတဲ့။ တို့ နိုးနိုးကို ဘယ်လိုစကားလုံးမျိုးနဲ့ အားပေးရမှန်းမသိဘူး။ ဒါကြောင့် ဒီပန်းစည်းလေးကိုပဲ လက်ခံပေးပါ"

"ကျေးဇူးတင်ပါတယ် သမားရယ်"

"သူငယ်ချင်းတွေပဲဥစ္စာ၊ ပြောနေစရာမလိုပါဘူး။ နိုးနိုး အကူအညီလိုရင် ပြောပါ။ ကူညီချင်ပေမယ့် ဘာကူညီရမှန်းလည်း မသိဘူးဖြစ်နေတာ။ အုပ်ထိန်းသူမရှိတော့ နေရတာ အဆင်ပြေ ပါ့မလား"

"မပြေလည်း ပြေအောင်နေရမှာပေါ့ သမားရယ်။ အုပ်



www.burmeseclassic.com

www.burmeseclassic.com



ထိန်းသူဆိုတာ လစာကောင်းကောင်းပေးပြီး အလုပ်ခန့်ရတဲ့လူမျိုးမှ မဟုတ်တာ''

နိုးနိုး အသံလေး တိုးလျသွားပြီး မျက်ရည်တွေ ကျလာပြန်သည်။ ဖေဖေ့မေတ္တာရိပ်က နိုးနိုးအတွက် အေးမြမှုအရှိဆုံးပါ။ အခု အရိပ်မဲ့လို့ စိတ်ပျက်စရာဘဝတစ်ခုကို နိုးနိုး မလိုချင်ဘဲ ပိုင်ဆိုင်နေရပြီ။

အမိမဲ့ဖို့ မျက်နှာငယ်ရတဲ့အထဲ အဖပါမဲ့တော့ တစ်ကောင်ကြွက်ဆိုတဲ့ဘဝနှင့် ဖြတ်သန်းရဦးမည့်ဘဝခရီးလမ်းက အရှည်ကြီးပါ။

''နိုးနိုး''

''ဟင်''

''တို့သွားစရာလေးရှိသေးလို့ ပြန်ဦးမယ်နော်''

စကားက ပြန်ဖို့ပြောလေတော့ နိုးနိုးခေါင်းညိတ်လိုက်သည်။ စကားတို့ ထရပ်ပြီး သမားကိုကြည့်ကာ. . .

''သမား၊ တို့ပြန်ဦးမယ်နော်''

သမားကလည်း ခေါင်းညိတ်ပြလေတော့ စကားနှင့်မိုးမိုးတို့ ပြန်သွားကြလေသည်။ ညိုညိုကလည်း အလိုက်တသိပင် သမားအတွက် ကော်ဖီလာချပေးပြီး ပြန်လှည့်ထွက်သွားတော့





ညှော်ခန်းထဲမှာ သမားနဲ့နိုးနိုးနှစ်ယောက်တည်းရယ်။

''နှင်းဆီပန်းတွေက အဖြူရောင်လေးတွေနော်''

''ဟုတ်တယ်၊ နိုးနိုး ဘာအရောင်ကြိုက်သလဲမသိဘူး။ တို့က အဖြူရောင်ကြိုက်တယ်လေ၊ အဲဒါကြောင့် အဖြူပဲ ဝယ်လာဖြစ်တာ။ ဝက်ပါကတော့ အဝါရောင်ကြိုက်တယ်လေ''

''ဟုတ်လား။ နိုးနိုးကြားဖူးတာတော့ အဖြူရောင်က စိတ်ကိုကြည်လင်လန်းဆန်းစေပြီး အဝါရောင်က စိတ်ကို ရှုပ်ထွေးစေတယ်တဲ့''

''အဲဒါက သူ့အယူအဆနဲ့သူလေ၊ ဘယ်သူပဲဖြစ်ဖြစ် ကိုယ်ထင် ကုတင်ရွှေနန်းပဲမဟုတ်ဘူးလား''

နိုးနိုးက နှင်းဆီပန်းတွေကို စူးစူးစိုက်စိုက်ကြည့်နေပြီးမှ ခေါင်းလေးပြန်မော့လာကာ. . .

''သမား ခုလိုရောက်လာလိမ့်မယ်လို့ နိုးနိုးထင်မထားဘူးသိလား။ အခုကျတော့ ကျေးဖူးလည်းတင် အားလည်းရှိသွားသလိုပဲ''

''တကယ်လား''

''အင်း''

''ဒါဆိုရင် နောက်နေ့လည်း လာခဲ့မယ်လေ၊ လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



မှာလား''

''သူငယ်ချင်းတစ်ယောက်တိုးတာကို လက်မခံတဲ့သူ ရှိပါ့မလား သမားရယ်''

ပြောရင်းပဲ နိုးနိုး သမားမျက်နှာကို ကြည့်မိလိုက်တယ်။ သူ့မျက်နှာကို အနီးကပ်စေ့စေ့ကြည့်မိတာ ဒါ ပထမဆုံးအကြိမ်ပါပဲလေ။

❧ ❧ ❧



## အခန်း (၁၁)

''သမား''

တစ်ယောက်တည်းထိုင်နေတဲ့သမားအနားသို့ သူရိယ ရောက်လာပြီး ခုံတစ်လုံးဆွဲ၍ ဝင်ထိုင်သည်။

''ဟိုကောင်နှစ်ကောင် ဘယ်သွားတာလဲ''

''ဝက်ပါက သူ့ကောင်မလေးနဲ့ချိန်းထားလို့သွားတာ''

''ဘုန်းမြတ်ကို အဖော်ခေါ်သွားတာလား''

''အင်း''

''ဒီတစ်ခါ ဘာလို့ မင်းကိုမခေါ်တာလဲ''

''အခု သူနဲ့တွဲနေတဲ့ယမင်းသဖင်က သူနဲ့တွေ့တိုင်း ငါ့အကြောင်းတွေ ခဏခဏမေးလို့တဲ့''



www.burmeseclassic.com

www.burmeseclassic.com



"သူကပဲ သဝန်တိုရတယ်ရှိသေး"

ပြောပြီး သူရိယက ရယ်လေသည်။ တကယ်ဆို သူနဲ့ တွဲနေတာနဲ့ သမားအကြောင်းမေးခွင့်မရှိဘူးလား။ ထင်ပေါ်ကြ တာချင်းအတူတူ နောက်မှာကပ်ပါသည့် အထက်ပါ အောက်ပါ အရည်အချင်းတွေ တစ်မျိုးစီရှိနေကြတဲ့အထဲမှာ. . .

သူရိယက သမားကိုလေးစားအားကျသည်။ သူလေ့လာ သိရှိတာတွေ များပေမယ့် ငါတတ်တယ် ငါတော်တယ်လို့ ဘယ် တော့မှ လက်မ မထောင်ပေ။ အရေးကြုံမှ ကြုံသလို ဝင်လုပ် ဝင်ပြောသွားတတ်သူ။

"ဒါနဲ့ မင်း အမြတ်တနိုးတို့အိမ်ကို သွားတယ်ဆို"

"ဘယ်သူပြောလဲ"

"ဝက်ပါပဲပြောတာ"

"ဟုတ်တယ်၊ မိဘမဲ့ချင်း ကိုယ်ချင်းစာလို့ ငါသွားအား ပေးတာ။ ငါကမှ သတိရလို့တွေ့ချင်ရင် လိုက်သွားလို့ရသေး တယ်။ သူ့မိဘတွေ ဘယ်မှာမှလိုက်ရှာလို့မရတဲ့ မပြန်လမ်းကို သွားကြတာ"

"ဝက်ပါက အဲဒီကောင်မလေးကို ကြည့်လို့ရတာမဟုတ် ဘူးနော်"





"အဲဒါက သူ့အပိုင်းလေ၊ သူကြည့်မရတိုင်း ငါက လိုက် နှုန်းနေရမှာလား"

"ထူးထူးဆန်းဆန်း မင်းက အမြတ်တနိုးကျမှ အရော အဝင်လုပ်လို့"

"ပြောပြီးပြီလေ၊ ဘဝတူမို့လို့ပါဆို"

သူရိယ၊ သမားကို ငေးခနဲကြည့်မိသွား၏။ လူ့ဘဝမှာ ပြည့်စုံခြင်းဆိုတာ မရှိပါလား။ အရာအားလုံးပြည့်စုံပါသည်လို့ တစ်ကြွေးနေတဲ့လူတွေမှာလည်း တကယ်တမ်းကျတော့ တစ်ခု မဟုတ်တစ်ခု လိုအပ်နေမှာပါ။

သမားက စည်းစိမ်ဥစ္စာပြည့်စုံပြီး သခါရရသဆိုတဲ့ နွေး ထွေးသော မိသားစုဘဝကလေးကိုကျတော့ ပိုင်ဆိုင်ခွင့်မရပေ။ မေတ္တာကို ငွေနဲ့ဝယ်ယူလို့မရတာ လူတိုင်းသိသည်ပဲမဟုတ်လား။ သူ့မှာကျတော့ မိသားစုနွေးထွေးကြတဲ့ ပျော်ရွှင်စရာဘဝလေး ကို ပိုင်ဆိုင်ထားပါသည်။ စည်းစိမ်ဥစ္စာဆိုလျှင်လည်း သမားတို့ လောက်ကြီး မချမ်းသာပေမယ့် မပူမပင် မကြောင့်မကျရှိနေ၏။

ဒါပေမဲ့ . . .

အခုရက်ကလေးအတွင်းမှာပဲ သူတို့မိသားစုကြားထဲမှာ ပြဿနာတစ်ခု ဝင်မွှေနေ၏။ အဲဒါက ဘာလဲဆိုလျှင် ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ချစ်သူဆိုတဲ့ကောင်လေးက ဂျူလေဘီလေးတဲ့။ ဆေးစွဲနေသည်လို့လည်း သတင်းရတော့ အားလုံး ရင်ပူနေရသည်။ ညီမလေးကလည်း မိဘတွေ ဘယ်လိုပဲတားတား နောက်ဆုတ်ဖို့ မဖြစ်နိုင်တော့ဘူးတဲ့။

သူများကိုပြောပြရမှာရှက်လို့ သူရိယ သူငယ်ချင်းတွေကိုပင် မပြောပေ။ ဖေဖေကတော့ ညီမလေးကို နှိုင်ငံခြားခေါ်သွားမည်တဲ့လေ။

"ဟင်း"

သူရိယ သက်ပြင်းချမိလေတော့ သမားက လှည့်ကြည့်ကာ. . .

"သူရိယ"

"ဟင်"

"ဘာဖြစ်နေတာလဲ"

"ဟင့်အင်း. . . မဖြစ်ပါဘူး"

"မဖြစ်ဘူးသာပြောတယ်၊ သက်ပြင်းချည်းချနေတာက ဘာလဲ"

သူရိယ ဘာမှမဖြစ်သလို ရယ်လိုက်၏။ မရယ်ဘဲ ငိုနေလို့မှမဖြစ်တာ။





"မတော်တဆသက်ပြင်းချမိတာကို မင်းမှာ ရဲစစ် လိုက်စစ်နေပြန်ပါပြီ။ ငါဘာမှမဖြစ်ပါဘူး။ ဖြစ်နေတာက မင်း"

"ငါက ဘာဖြစ်နေလို့လဲ"

"အမြတ်တနိုးဆိုတဲ့ကောင်မလေးကိုမှ သနားတတ်နေလို့။ ဘဝတူမို့လို့လို့တော့ ထပ်မပြောနဲ့၊ မိဘမဲ့တွေ ရိုက်သတ်လို့တောင် မကုန်ဘူး"

"ရိုက်သတ်လို့ မကုန်တာတွေက ငါမြင်နေတွေ့နေရတာမှ မဟုတ်တာ"

"ထားပါတော့၊ ကဲ! သောက်၊ ပြီးရင်သွားမယ်"

"မင်းက ဘာမှမမှာတော့ဘူးလား"

"ဗိုက်ပြည့်နေလို့ မမှာတော့ဘူး။ မင်းကိုရှာနေတာ တွေ့ပြီဆိုတော့ သွားမယ်လေ"

သမားခေါင်းညိတ်လိုက်ပြီး ပိုက်ဆံရှင်းကာ ထွက်လာခဲ့ကြတော့၏။ ဒီနေ့ အမြတ်တနိုးကို သူပြောစရာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

နိုးနိုး၏ မှတ်တိုင်မှာ ကားစောင့်နေရင်း ခေါင်းကလေးက တစ်စစ်နှင့် ကိုက်လာသဖြင့် နားထင်ကို လက်ညှိုးလေးနှင့် ထောက်လိုက်၊ လက်မလေးနှင့်ထောက်လိုက် ပြေလိုပြေငြား လုပ်နေမိသည်။

"ဟိတ်!"

"ဟင်"

ခေါ်သံကြောင့် နိုးနိုးမော့ကြည့်လိုက်တော့ ဝက်ပါ။

"ဝက်ပါ"

"လိုင်းကားတိုးစီးမလို့ စောင့်နေတာလား"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို စောင့်မနေနဲ့တော့၊ တို့နဲ့လိုက်ခဲ့"

ပြောလည်းပြော၊ ဝက်ပါက နှိုးနှိုးလက်ကောက်ဝတ်ကို ကိုင်ပြီး ခေါ်၏။ နှိုးနှိုးအံ့ဩဟန်နှင့် တွေတွေကလေးရပ်နေတော့

"လာလေ"

"ဟိုလေ . . . ဝက်ပါ"

"ကဲ! လိုက်ခဲ့ပါ၊ ခင်ဗျားမလိုက်ရင် ကားပေါ်မှာစောင့်နေတဲ့ကိုယ်တော်ချောက ကျွန်တော့်ကို အပြစ်တင်နေဦးမယ်"

နှိုးနှိုး ကားဆီကိုလှမ်းကြည့်လိုက်တော့ ခေါင်းလေးကို အပြင်ထုတ်ပြီး လှမ်းပြုံးပြနေတာက သမားရယ်ပါ။ ပြုံးခဲ ရယ်ခဲလှပါတယ်ဆိုတဲ့လူက ပြုံးပြနေတော့ နှိုးနှိုးအားနာသွား၏။ ဒီနေ့မှ အထူးအဆန်းတွေ မြင်နေရပါလား။

သမားက နှိုးနှိုးကိုပြုံးပြပြီး ဝက်ပါက နှိုးနှိုးလက်ကိုဆွဲ၍ သူတို့နဲ့လိုက်ခဲ့ဖို့ ခေါ်နေသည်။

"ဘာတွေစဉ်းစားနေတာလဲ၊ မင်းကို ကားတင်ပြေးမယ် ထင်လို့လား။ အဲဒီအတွက်တော့ စိတ်ချ၊ မင်းလိုဖြူဖတ်ဖတ် ပိန်ကပ်ကပ်နဲ့ စည်ပင်သာယာက ထုံးသုတ်ပေးထားတဲ့သစ်ပင်ရုပ်ကို ဘယ်သူက စိတ်ဝင်စားမှာလဲ။ အိပ်မက်မိတောင် မျက်နှာထသစ်မှာ"





စကားဆုံးသည်နှင့် နှိုးနှိုးကို ဆွဲခေါ်သွားလေ၏။ ကားနားကိုရောက်တာနှင့် နှိုးနှိုးလက်ကိုလွှတ်ပေးပြီး သူကအရင် ကားထဲကိုဝင်ထိုင်သည်။ နှိုးနှိုး တွေတွေကလေး ရပ်ကြည့်နေတုန်းမှာပဲ သူ့တာဝန်ကျေပြီဆိုသောသဘောနှင့် လက်ပိုက်ကာ မျက်လုံးတွေ မှိတ်၊ အိပ်ဟန်ပြင်လေသည်။

သမားက ရှေ့ခန်းကားတံခါးကိုဖွင့်ပေးပြီး နှိုးနှိုးကို ခေါင်းညိတ်ခေါ်၏။

"နှိုးနှိုး တက်လေ"

နှိုးနှိုး ခေါင်းလေးညိတ်ပြီး ကားပေါ်တက်ဖို့အပြင် ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားသဖြင့် မနည်းသတိထားပြီး တက်ထိုင်လိုက်ရ၏။

"နှိုးနှိုး ဘာဖြစ်လို့လဲဟင်"

"ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားလို့ပါ"

"နေမကောင်းဘူးလား"

"နည်းနည်းပါးပါးပါ"

သမားလက်ဝါးက နှိုးနှိုးနဖူးပေါ်သို့ ရောက်သွားသည်။

"ဟင်! ကိုယ်တွေလည်း ပူနေပါလား။ ဒီအတိုင်း အိမ်ပြန်လို့ဖြစ်ပါ့မလား နှိုးနှိုးရဲ့။ ဆေးခန်းဝင်လိုက်ပါလား။ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့ပေးမယ်လေ''

''ငါက စောင့်ရတဲ့အလုပ်ဆို သိပ်စိတ်ရှည်တာမဟုတ်ဘူးနော် သမား။ ရည်းစားနဲ့ချိန်းတွေ့ရင်တောင် စောင့်ရတာစိတ်မရှည်လို့ ငါကနောက်ကျပြီးမှ သွားတဲ့ကောင်ဆိုတာ မင်းအသိ။ လိုက်ပို့ပေးချင်သပဆိုရင် ငါပြန်နှင့်မယ်။ မင်းတို့ Taxi ပဲ ငှားသွားလိုက်''

''ဝက်ပါကလည်းကွာ၊ ဒါ ကျန်းမာရေးကိစ္စကွ။ နည်းနည်းပါးပါး စိတ်ရှည်စမ်းပါ''

''အံမယ်! မင်းကပဲ ပြောရတယ်ရှိသေး။ မင်းရော ဘယ်တုန်းက စိတ်ရှည်ဖူးလို့လဲ''

''သူငယ်ချင်းတွေ အငြင်းပွားမနေကြပါနဲ့။ နိုးနိုး ဘာမှမဖြစ်ပါဘူး။ ခုလို ဆေးခန်းပို့ပေးမယ်ပြောတဲ့သမားကိုလည်း ကျေးဇူးတင်ပါတယ်။ နိုးနိုးကို အိမ်ပဲပြန်လိုက်ပို့ပေးပါနော်''

သက်ပြင်းလေးချပြီး သမား ကားကိုမောင်းထွက်ခဲ့၏။ ဘယ်ဘဝကအထုံရေစက်တွေကြောင့် ဝက်ပါတစ်ယောက် နိုးနိုးကို ကြည့်မရဖြစ်နေသလဲတော့မသိ။ နိုးနိုးနေရာမှာ ယမင်းသာဖြစ်ဆိုရင် ဝက်ပါ ဘယ်လိုနေမလဲ။

နှိုင်းယှဉ်မကြည့်သင့်ပေမယ့် နှိုင်းယှဉ်စရာတွေက ရှိနေသည်လေ။ ဝက်ပါ့မိဘတွေက ဝက်ပါနဲ့နိုးနိုးကို လက်ထပ်ပေးချင်နေကြတာပဲ။

''နိုးနိုး''

''ဟင်''

''နိုးနိုးကားက ဘာဖြစ်လို့ ယူမလာတာလဲ။ တစ်ခုခုဖြစ်နေလို့လား''

''ဟင့်အင်း. . . ကားက ဘာမှမဖြစ်ပါဘူး''

''ဒါနဲ့များ လိုင်းကားတိုးစီးဖို့ ကြိုးစားနေသေးတယ်။ ဘာလဲ. . . နိုးနိုးက စာရေးဆရာလုပ်မလို့ လူတန်းစားအမျိုးမျိုးတွေရဲ့ဘဝကို လေ့လာချင်လို့လား''

နိုးနိုး မသက်မသာနှင့် ပြုံးလိုက်မိ၏။ နိုးနိုးကိုယ်တိုင် ကားမောင်းချစ်စိတ်မရှိတော့လို့ မယူခဲ့တာပါ။ အိမ်မှာ ဖေဖေမရှိတော့ ခြောက်သွေ့ပြီး လွမ်းမောစရာတွေအတိနှင့်။ ငေးချင်ရာငေး တွေးချင်ရာတွေးနေမိတဲ့နိုးနိုးကို မာလီကြီးကလည်း စိတ်မချလို့ သူလိုက်ပို့မယ်ပြောပေမယ့် နိုးနိုးခေါင်းခါခဲ့သည်။

ဘယ်လောက်ပဲ စိတ်ညစ်နေနေ လိုင်းကားတိုးစီးတဲ့အခါ တက်ကြဆင်းကြလူတွေကိုငေးရင်း ကိုယ့်ဘေးနားကလူနှင့်စကားပြောဖြစ်တဲ့အခါတွေ၊ ဒါတွေက စိတ်ကိုဖြေသိမ့်မှုတစ်ခု







www.burmeseclassic.com

www.burmeseclassic.com



ပေးနိုင်သလိုပါပဲ။

"ဟုတ်လား နိုးနိုး"

"ကြဲကြဲဖန်ဖန် သမားရယ်၊ နိုးနိုးကိုယ်တိုင် ကားမမောင်းချင်လို့ ယူမလာခဲ့တာပါ"

"နိုးနိုးက ဘာလို့ ကားမမောင်းချင်တော့တာလဲ"

"စိတ်နာလို့လေ၊ ဖေဖေရော မေမေရော နှစ်ယောက်စလုံး ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးကြတာဆိုတော့ နိုးနိုးကားပေါ်တက်ပြီး စတီယာရင်ကို ဆုပ်မိတိုင်း၊ ရင်ထဲမှာ အရမ်းခံစားရတယ်"

သမား ကိုယ်ချင်းစာစွာ နိုးနိုးမျက်နှာလေးကို ငဲ့ကြည့်မိ၏။ ဖြူဖျော့ဖျော့မျက်နှာလေးက နွမ်းလျှညှိုးနွမ်းနေသည်။

"ကိုယ် ဝက်ပါကို အရင်ဝင်ပို့ပေးခဲ့ဦးမယ်။ ပြီးမှ နိုးနိုးကိုလိုက်ပို့မယ်လေ။ ဖြစ်ရဲ့လား"

"ဖြစ်ပါတယ် သမားရဲ့"

သမား ကားကို ဝက်ပါတို့ခြံထဲကို မောင်းဝင်လာခဲ့တော့ ဝက်ပါ့မေမေ ဒေါ်ဖြိုးဖြိုးကြည်က ဘုရားပန်းတွေ ခူးပြီး အိမ်ထဲသို့ပြန်ဝင်ခါနီးမှ မဝင်သေးဘဲ ရပ်ကြည့်နေသည်။ ဝက်ပါ ကားပေါ်မှဆင်းလိုက်စဉ်မှာပဲ အကြည့်က သားဖြစ်သူဆီ





ကနေ ရှေ့ခန်းကိုရောက်သွားပြီး နိုးနိုးကိုမြင်လိုက်ရတော့ . . .

"ဟယ်! သမီးနိုးနိုး"

အပြုံးမျက်နှာနှင့် ကားဆီကို ခပ်သုတ်သုတ်လျှောက်လာပြီးလေလျှင် . . .

"သမီးက သားတို့နဲ့ပါလာတာကိုး၊ ရောက်တုန်းရောက်ခိုက် အိမ်ထဲကိုဝင်ပါဦး သမီးရဲ့။ သမီးကိုပြောစရာလည်းရှိတယ်၊ အန်တီတို့တောင် သမီးအိမ်ကိုလာခဲ့တော့မလို့ပဲ။ အခုတော့ အဆင်သင့်သွားတာပေါ့ကွယ်။ လာ . . . ဆင်းပါဦး သမီးရဲ့"

နိုးနိုး မငြင်းသာသဖြင့် ကားပေါ်မှဆင်းလိုက်စဉ် ဒေါ်ဖြိုးဖြိုးကြည်က လက်ကလေး ကမ်းပေါ်ပြီး ဆွဲခေါ်သည်။ ပြုံးပြနေရပေမယ့် ခေါင်းထဲမှာက မကြည်လင်။ ခြေလှမ်းနှစ်လှမ်းလှမ်းပြီး ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားပြီး . . .

"အား . . ."

"အို! သမီးဘာဖြစ်တာလဲ"

နိုးနိုးခေါင်းထဲမှာ ချာချာလည်ပြီး ကိုယ့်ကိုယ်ကိုယ် ဘယ်လိုမှမထိန်းနိုင်တော့ပေ။

"သမီး . . . သမီး . . . အို! လုပ်ကြပါဦး"

ဒေါ်ဖြိုးဖြိုးကြည်ရဲ့ရင်ခွင်ထဲမှာ နိုးနိုးပျော့ခွေ၍ ကျသွား



www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

"နိုးနိုး"

"သား . . . လုပ်ပါဦးကွယ်၊ နိုးနိုး ဘာဖြစ်သွားတယ် မသိဘူး။ လုပ်ကြပါဦး"

မိခင် ပျာယာခပ်သွားတော့ ဝက်ပါ မနေနိုင်တော့ဘဲ နိုးနိုးကို ပွေ့ခေါ်လိုက်သည်။ သူ့က လုပ်ပိုင်ခွင့်ရှိသူမို့ သမားက တော့ ဒီအတိုင်းပဲ ရပ်ကြည့်နေလိုက်ရတော့၏။

❀❀❀



## အခန်း (၁၃)

နိုးနိုးသတိရလာတော့ ဦးကမ္ဘာကျော်၊ ဒေါ်မြိုးမြိုးကြည် နှင့် ဝက်ပါ၊ အားလုံး နိုးနိုးကို ဂရုစိုက်တော့ နိုးနိုး အားနာလှ ပါသည်။

"သက်သာရဲ့လား သမီး"

"ဟုတ် . . . သက်သာပါတယ် အန်တီရဲ့၊ ခုလို နိုးနိုး ကို ဂရုစိုက်ကြတဲ့အတွက် နိုးနိုးကျေးဇူးတင်ပါတယ်"

"ကျေးဇူးစကားတွေ မပြောပါနဲ့သမီးရယ်၊ အန်တီတို့ နဲ့ သမီးက သူစိမ်းတွေမှမဟုတ်တာ။ သမီးကို အန်တီတို့က ကိုယ့်သမီးအရင်းလို သဘောထားပြီး ဂရုစိုက်နေတာပါ"

နိုးနိုး ဝက်ပါကိုကြည့်မိတော့ ဖျတ်ခနဲ မျက်နှာလွှဲသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ သမီးရင်းလိုသဘောထားတယ်တဲ့။ နိုးနိုးနဲ့ဝက်ပါကို ရည်ရွယ်ထားတဲ့အကြောင်း နိုးနိုးက မသိသေးပေမယ့် ဝက်ပါက သိထားသူ။ ဝက်ပါနဲ့နိုးနိုးကို နီးစပ်အောင် ဘယ်လိုတွေ ကြံစည်ကြဦးမှာလဲ။ ဘယ်လိုပဲ ကြံစည်ကြံစည် ဝက်ပါ ဘယ်လိုမှ နိုးနိုးကို စိတ်ဝင်စားလို့ရမှာမဟုတ်ပေ။

"သမီးကို အန်ကယ်ပြောစရာရှိတာ တစ်ခါတည်းပဲ ပြောလိုက်တော့မယ်။ အန်ကယ့်စကားကို သမီးသေသေချာချာ နားထောင်နော်။ ပြီးမှ ကြိုက်သလိုဆုံးဖြတ်ပါ"

"ဟုတ်ကဲ့၊ ပြောပါ အန်ကယ်"

ဦးကမ္ဘာကျော် ချက်ချင်းမပြောသေးဘဲ နိုးနိုးမျက်နှာကို အကဲခတ်သလိုကြည့်နေပြီးမှ . . .

"သမီး၊ အန်ကယ်တို့အိမ်မှာ ပြောင်းလာနေဖို့ အန်ကယ် စီစဉ်ထားတယ်"

"ရှင်!"

"ဟိုမှာက သမီးအိမ်မှန်ပေမယ့် အုပ်ထိန်းသူမရှိဘူးလေ၊ ပြီးတော့ သူစိမ်းဆိုတာ ဘယ်လောက်ပဲကောင်းကောင်း စိတ်မချရဘူး သမီး။ ပျားသာ အစဉ်ချိုတာ၊ လူက အစဉ်မချိုဘူးဆိုတဲ့စကားလည်း ရှိနေတာပဲ။ မာလီရယ်၊ သမီးရယ်၊ ထမင်းချက်





ကောင်မလေးရယ် သုံးယောက်ပဲရှိတာ၊ အရေးကြုံရင် ဘယ်သူ့ကို အားကိုးရမှန်းမသိဖြစ်မှာစိုးလို့ အန်ကယ် ခုလိုစီစဉ်တာပါ။ အန်ကယ့်စေတနာကို သမီးနားလည်စေချင်တယ် သမီး"

"အန်ကယ့်စေတနာကို နိုးနိုးနားလည်ပါတယ်အန်ကယ်၊ ဒါပေမဲ့"

"ဒါပေမဲ့တွေဘာတွေ လုပ်မနေနဲ့သမီး၊ သမီးဖေဖေရဲ့ အလုပ်ကိစ္စတွေအတွက်လည်း အန်ကယ်ပဲ စီစဉ်ပေးနေရတာ မဟုတ်လား။ အန်ကယ့်သူငယ်ချင်းရဲ့သမီးက အန်ကယ့်သမီးပဲပေါ့။ သမီးနဲ့ပတ်သက်သမျှ အန်ကယ့်တို့မှာ တာဝန်ရှိတယ်၊ စောင့်ရှောက်သင့်တယ်ထင်လို့ပါ"

နိုးနိုးခေါင်းလေးငုံ့ပြီး တွေဝေသွားလေ၏။ အန်ကယ် ပြောတာ ဟုတ်တော့ဟုတ်နေသည်။ အိမ်မှာ အရေးအကြောင်းဆို ညိုညိုက ဘာမှအားကိုးလို့ရတာမဟုတ်။ နိုးနိုးနေမကောင်းဖြစ်လည်း ညိုညို့ကို အခန်းထဲခေါ်သိပ်ကြည့် . . .

အိပ်ပြီဆို ဘော်တော်နှင့်နှိုးလို့မရပေ။ မာလီကြီးကလည်း အဖေအရွယ်ဆိုပေမယ့် ကိုယ့်အဖေမှမဟုတ်တာ။ တစ်ခါတလေ ဟိုတွေးဒီတွေးနှင့် နိုးနိုးအိပ်မပျော်တဲ့ညတွေက ရေတွက်ကြည့်နှင့် ဖေဖေဆုံးပြီးကတည်းက။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလောက်ထိ စဉ်းစားနေရသလား သမီးရယ်။ အန်တီတို့က သမီးရဲ့မိဘအရင်းတွေ မဟုတ်ကြပေမယ့် သမီးရင်ထဲက လိုနေတဲ့ကွက်လပ်ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးချင်တာပါ။ နွေးထွေးတဲ့မိသားစုဘဝလေးထဲမှာ သမီးရဲ့ဝေဒနာတွေကို ဖြေဖျောက်ပေးချင်တာ စေတနာသန့်သန့်နဲ့ပါကွယ်"

"သမီးတို့အိမ်က ကောင်မလေးကိုလည်း ခေါ်ခဲ့လေ။ ဒီမှာ စန္ဒာလည်းရှိတယ်၊ လူများတော့ သမီး တွေးချိန်ငေးချိန် နည်းသွားတာပေါ့။ သမီးက လိမ္မာပါတယ်၊ အန်ကယ့်စကားကို နားထောင်နော်"

"မနေချင်လည်း အဲဒီလောက် စည်းရုံးမနေစမ်းပါနဲ့ ဖေဖေရာ။ လူများရင် တာဝန်ပိုတယ်၊ ခြေရှုပ်တယ်"

"ဟော့ကောင်!"

"သား"

အလိုမကျသော ဝဏ်ပါကို ဖအေရောမအေပါ မျက်စောင်းထိုးကုန်၏။

"ဒီအိမ်မှာ မင်းက ဘာလဲ... ဝဏ်ပါ၊ ငါက ဒီအိမ်ရဲ့ အုပ်ထိန်းသူ အိမ်ထောင်ဦးစီး။ ငါလုပ်တဲ့ ဘာကိစ္စကိုမဆို မင်း ဝင်ပါစရာမလိုဘူး။ မင်းက လူဖြစ်လာကတည်းက ကံကောင်း





ထောက်မစရာ လိုလေသေးမရှိ နေလာခဲ့တော့၊ ဗေဒဘာကတွေ ဒုက္ခတွေအကြောင်း ဘယ်နားလည်မှာလဲ။ ကိုယ်ချင်းစာတတ် အောင် မင်းကို ဘယ်အရာ လက်ညှိုးထိုးသင်ပြရမလဲကွ"

"သူ့ ခေါင်းမညိတ်တာကို ခေါင်းကိုင်ပြီး အတင်းညိတ် နိုင်းသလိုဖြစ်မှာစိုးလို့ သားက ပြောတာ"

"ကဲ! တော်ပါ၊ သားအဖ စကားများနေတာနဲ့ပဲ သမီး ပြီး စိတ်ညစ်နေဦးမယ်"

ဝဏ်ပါ မကျေနပ်သောမျက်ဝန်းနှင့် နိုးနိုးကို တစ်ချက် ကြည့်ပြီး လှည့်ထွက်သွားသည်။ နိုးနိုး ကိုယ်ပေါ်ကစောင်ကို ခွဲခွာလိုက်တော့...

"ဘာလုပ်မလို့လဲ သမီး"

"နိုးနိုး ကောင်းသွားပြီပဲဟာ၊ ပြန်တော့မယ် အန်တီ"

"အို! သမီး"

"သမီး"

ဒေါ်ဖြိုးဖြိုးကြည်က နိုးနိုးပခုံးကို ဆုပ်ကိုင်လိုက်ကာ

"သားပြောတာကို စိတ်ထဲမှာမထားပါနဲ့သမီးရယ်၊ သမီး မှာပဲ နေပါနော်"

"သမီး အန်ကယ့်ကို အဖေတစ်ယောက်လို သဘော



www.burmeseclassic.com

www.burmeseclassic.com



မထားနိုင်ရင်တောင် အန်ကယ့်စေတနာကိုတော့ အသိအမှတ်ပြု ပေးစေချင်တယ် သမီး''

နိုးနိုး သက်ပြင်းလေး ချလိုက်မိ၏။ အတန်တန်တား နေတဲ့ကြားက နိုးနိုး ဖွတ်ထွက်သွားရင် လူကြီးတွေရဲ့စေတနာ ကို စော်ကားရာကျဦးမည်။ သူတို့ကလည်း မကောင်းခဲ့ရာ မကောင်းခဲ့ ကြောင်းတွေနဲ့ စောင့်ရှောက်ရမည့်တာဝန်ရှိလို့ နိုးနိုးကို ဒီလောက် ပြောနေတာပေါ့။ မဟုတ်ရင် အနေသာကြီး။

''ကောင်းပြီလေ၊ အန်ကယ့်စေတနာကို လေးစားသော အားဖြင့် နိုးနိုး အန်ကယ့်စကားကို နားထောင်ပါ့မယ်''

''ဝမ်းသာလိုက်တာ သမီးရယ်''

ဒေါ်ဖြိုးဖြိုးကြည်က ဝမ်းသာအားရနှင့် နိုးနိုးလက်လေး ကို ဆုပ်ကိုင်လေ၏။ ဦးကမ္ဘာကျော်မှာလည်း အပြုံးမျက်နှာနှင့် သာ။ ကျေးဇူးတရားကို ဘယ်လိုပဲဆပ်ခွင့်ရရ သူကျေနပ်ပြီ။

သာထက်က သူ့ရဲ့ကျေးဇူးရှင်လေ။ ကမ္ဘာနဲ့ ဖြိုးဖြိုး လူကြီးတွေ သဘောမတူလို့ ခိုးပြေးကြတုန်းက သာထက်က အဝတ်ထုပ်တွေဆွဲပြီး လိုက်ခဲ့တဲ့သူ။

လူကြီးတွေ လိုက်လာပြီး မိသွားတော့၊ ကမ္ဘာတို့ကို လွတ်အောင်ပြေးခိုင်းပြီး သူကကျန်ခဲ့ကာ ဖြေရှင်းရင်း ဝိုင်းအရိုက်





ခံရလို့ ဆေးရုံတက်ခဲ့ရတာ သာထက်ပါ။

''နိုးနိုးကို ဦးလေး တစ်ခုတော့ တောင်းဆိုပါရစေ''

''ပြောလေ''

နိုးနိုး အိမ်ကိုပြန်ပြီး မှာစရာရှိတာမှာ၊ ယူစရာရှိတာတွေ ယူတော့ ဦးကမ္ဘာကျော်ကိုယ်တိုင် လိုက်လာခဲ့သည်။ နိုးနိုးတို့ရှေ့ သို့ မာလီ ဦးချစ်မောင်ရောက်လာပြီး တစ်ခုတော့ တောင်းဆို ပါရစေတဲ့။

''ဦးလေးက ဘာတောင်းဆိုချင်တာလဲ၊ ပြောလေ''

''ဟို. . ဒီအိမ်မှာ ဦးလေးတစ်ယောက်တည်း ကျန်ခဲ့ ရမှာလေ။ အဲဒါ ဦးလေးရဲ့တူတစ်ယောက်ကို အဖော်ခေါ်ထား ချင်လို့''

''ရပါတယ်၊ ခေါ်ထားလေ။ လူတိုးလာလို့ မြေကြီးက တာဝန်ပိုတယ်လို့ ပြောမှာမှမဟုတ်တာ။ ပြီးတော့ နိုးနိုးလည်း လစာပေးရတာမှမဟုတ်တာ ဦးလေးရယ်''

''ကျေးဇူးတင်လိုက်တာ နိုးနိုးရယ်''

''ဦးလေးလိုအပ်တာရှိရင် နိုးနိုးကို ဖုန်းဆက်လေ။ နိုး နိုးလည်း မကြာခဏပြန်လာကြည့်ပါ့မယ်''

ဦးချစ်မောင် ခေါင်းညိတ်ပြီး နိုးနိုးတို့ပစ္စည်းတွေကို ကား



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ တင်ပေးသည်။ ညိုညိုကတော့ နိုးနိုးနှင့်အတူ မခွဲမခွာ လိုက်ရမည့်သူမို့ ဝမ်းသာနေ၏။

"နိုးနိုးတို့ သွားတော့မယ်နော် ဦးလေး"

နိုးနိုး မာလီဦးချစ်မောင်ကိုနှုတ်ဆက်ပြီး ထွက်လာခဲ့ကြတော့သည်။ နိုးနိုးက ဦးချစ်မောင်ကိုယုံကြည်ပေမယ့် ဦးကမ္ဘာကျော်က မယုံ။ စီးပွားရေးသမားမို့ အကဲခတ်ကြည့်ရသလောက် မာလီ့ပုံစံက ကျိုးအာသီးပုံပေါက်နေသည်။

ဝင်ပြောချင်ပေမယ့် ကိုယ်က အပြင်လူမို့ မပြောသာလို့ မပြောခဲ့တာပါ။ ဒီလူ ဘာအကြံအစည်တွေရှိနေလို့ သူ့တူကိုခေါ်ပြီး အင်အားဖြည့်ချင်တာလဲ။

"သမီး"

"ရှင်"

"ဘာလို့ မာလီကို သူ့တူ ခေါ်ထားခွင့်ပေးလိုက်ရတာလဲ"

"နိုးနိုးတို့မရှိရင် သူတစ်ယောက်တည်း အဆင်မပြေတာတွေ ရှိမှာစိုးလို့ပါ။ အန်ကယ်က သဘောမတူဘူးလားဟင်"

"သဘောမကျတယ်ရယ်တော့ မဟုတ်ပါဘူး။ သမီး လူတိုင်းကိုတော့ မယုံနဲ့ ကြားလား။ သူများက ကိုယ်မဟုတ်ဘူး





ဖြူစင်တာ ရိုးသားတာတွေက အပေါ်ယံကြည့်ပြီး ဆုံးဖြတ်လို့ မရဘူးသမီးရဲ့"

"ဟုတ်ကဲ့၊ အန်ကယ်ဆုံးမတာတွေကို နိုးနိုးမှတ်ထားပါ့မယ်။ ခုလည်း သူတို့မှာ အကြံရှိရင်တောင် နိုးနိုးမမှုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ နိုးနိုးဘာကိုမှ မမက်မောလို့ပါ အန်ကယ်။ နိုးနိုး ကိုယ့်ကိုယ်ကိုယ်ပဲ အားကိုးရပ်တည်ချင်တယ်"

ဦးကမ္ဘာကျော် အထင်ကြီးသွားမိ၏။ နိုးနိုးက ဖြူဖြူပျော့ပျော့လေးပေမယ့် စိတ်ဓာတ်ခိုင်မာသူလေးပါ။

"ဒါတော့ဒါပေါ့ သမီးရယ်၊ သမီးစိတ်ဓာတ်ကို အန်ကယ် လေးစားပါတယ်။ ဒါပေမဲ့ ကိုယ့်မိဘချွေးနဲ့ရင်းပြီး ရှာထားတဲ့ပစ္စည်းဥစ္စာတွေကို သမီးက မပွန်းမပဲ့ မချို့ယွင်းရအောင် ထိန်းသိမ်းရမယ့်တာဝန်ရှိတယ်လေ"

"နိုးနိုးကလည်း သဘောပြောတာပါ . . . မလွှဲသာလို့ မရှောင်သာမတိမ်းသာဖြစ်လာခဲ့ရင် ရင်ဆိုင်နိုင်တဲ့အင်အားရှိဖို့ ကြိုးပြီး အားမွေးတဲ့သဘောလေ။ နိုးနိုး ဦးချစ်မောင်ကို အကြွင်းမဲ့တော့ မယုံပါဘူး"

နိုးနိုး လေသံအေးအေးလေးနှင့် ဖြေရှင်းပြသည်။ အခြားအရာဝတ္ထု ကောက်တာကိုသာ မြင်ရမယ်၊ လူ့စိတ်ကောက်တာကို



www.burmeseclassic.com

www.burmeseclassic.com



မြင်ရတာမှမဟုတ်တာ။ ဒီလောက်တော့ နိုးနိုးနားလည်ပါသည်။ တကယ့်အဖိုးတန်ရတနာတွေကို နိုးနိုး အိမ်မှာဘယ်ထားခဲ့ပါ့မလဲ။

ကျန်တာတွေတော့ စိတ်မချလောက်အောင် ဥစ္စာခြောက်နေစရာမလိုဘူးလေ။ လူ့အသက်ထက် တန်ဖိုးကြီးတာ ဘာရှိလဲ။ အုပ်ထိန်းသူမရှိတဲ့မိန်းကလေးတစ်ယောက်မှာ ဒီလောက် စည်းစိမ်ဥစ္စာတွေ ရှိနေတာ တစ်နေ့မဟုတ်တစ်နေ့ အန္တရာယ်မရှိဘူးလို့ မပြောနိုင်လို့ပဲ နိုးနိုး ဦးကမ္ဘာကျော်တို့အိမ်မှာ နေဖို့ဆုံးဖြတ်လိုက်တာပါ။

"အန်ကယ်တို့ကိုရော ယုံရဲ့လား သမီး"

နိုးနိုး ပြုံးလိုက်ရင်း . . .

"အန်ကယ်တို့အိမ်မှာက လူများတယ်လေ။ စိတ်ကောင်းရှိတဲ့လူတစ်ယောက်တော့ ရှိနေမှာပါ။ နိုးနိုးယုံပါတယ်၊ အန်ကယ်တို့မိသားစုရဲ့စိတ်ဓာတ်ကို ဖေဖေမသေခင် နှစ်ရက်လောက်က ထူးထူးခြားခြားပြောပြခဲ့တာ ဘာကြောင့်လဲတော့ နိုးနိုးမသိဘူး။ အခုကျတော့ အားကိုးစရာဖြစ်လာခဲ့တာပဲလေ"

ဦးကမ္ဘာကျော် ပြုံးလိုက်မိ၏။ သာထက်က သူ့သမီးကို သားနဲ့ကိစ္စပြောဖို့အတွက် စကားလမ်းခင်းခဲ့တာဖြစ်မှာပါ။ အခု နိုးနိုးကို ဘယ်လိုပြောရမလဲ။

❀ ❀ ❀



## အခန်း (၁၄)

ဝက်ပါ့ဒီဗိုင်းက ကျောင်းကိုသွားလျှင် တစ်မျိုး၊ အပြင်ကိုသွားလျှင် တစ်မျိုးပါ။ ကျောင်းသွားလျှင် နားကပ်တို့ လက်ဝတ်တို့ မပါဘဲ တော်ရုံတန်ရုံဝတ်စားပေမယ့် အပြင်လျှောက်သွားတာမျိုးဆိုလျှင် ဘောင်းဘီမှာပါ ကြိုးတွေရှုပ်ယှက်ခတ်နေအောင် ဝတ်တတ်သူ။

အခုလည်းကြည့် . . .

အပြင်သွားစရာရှိလို့ဆိုပြီး ဝတ်ထားလိုက်တာ မျက်စိရှုပ်စရာပါပဲ။

"ဝတ်ထားလိုက်တာ ကြိုးတွေက ရှုပ်ယှက်ခတ်နေတာပဲ သားရယ်။ မတော် သွားရင်းလာရင်း အဲဒီကြိုးတွေနဲ့ ချိတ်မိ



www.burmeseclassic.com

www.burmeseclassic.com



ပတ်မိဖြစ်ကုန်မှ အရှက်ကွဲနေပါဦးမယ်''

''ဟာ. . . မေမေကလည်း သားက ကိုယ့်ကား ကိုယ်မောင်းသွားမှာ။ တောကြိုအုံကြား သွားမှာမှမဟုတ်တာ။ ဘာမှ ငြိစရာချိတ်စရာမရှိပါဘူး။ ချိတ်ရင်ချိတ် လူလှချင်းပဲပေါ့၊ ဟဲဟဲ''

''သား''

''ဗျာ''

''နေဦး''

ဒေါ်ဖြိုးဖြိုးကြည် သားရှေ့မှာ သွားရပ်လိုက်ပါသည်။ ဒီကလေးကို အရင်လိုလွှတ်ပေးထားလို့မဖြစ်ပါဘူး။ အိမ်မှာ နိုးနိုးလေး ရောက်နေပြီဆိုတော့ နည်းနည်း သူ့ကိုကြပ်ထားဦးမှ။

''သား အခုဘယ်ကိုသွားမှာလဲ''

''သူငယ်ချင်းနဲ့ ရုပ်ရှင်သွားကြည့်မလို့ မေမေ''

''သမားနဲ့လား''

''မေမေကလည်း သမားက ရုပ်ရှင်ကြည့်ခေါ်လို့ ဘယ်တုန်းက လိုက်ဖူးလို့လဲ။ ဒီကောင်က စာဖတ်ရင်ဖတ်၊ မဖတ်ရင် Lap Top ရှေ့မှာ အလုပ်ရှုပ်နေတဲ့ကောင်။ ဘယ်ဝက်ဘ်ဆိုဒ်တွေရှာပြီး ဘာတွေလေ့လာနေမှန်းကို မသိတော့ဘူး''

''အဲဒါ သား အတုယူရမှာလေ။ ကဲ! ပြောပါဦး၊ သမား





နဲ့မဟုတ်ရင် ဘယ်သူငယ်ချင်းနဲ့ သွားမှာလဲ။ ယောကျ်ားလေးလား မိန်းကလေးလား''

ဝက်ပါ နှာခေါင်းရှုံ့လိုက်၏။ မေမေ သူ့ကိုဘာလို့ ဒီလောက် လိုက်ကြပ်နေတယ်ဆိုတာ ဝက်ပါ မသိဘဲနေပါ့မလား။ နိုးနိုးရှိနေလို့မှန်း သိပေမယ့် အဲဒီနိုးနိုးနဲ့ကိုပဲ မတည့်အောင် နေပြချင်တာ။

''မိန်းကလေး''

''ဘုရားရေ''

''မိန်းကလေးနဲ့ ရုပ်ရှင်သွားကြည့်တာ အဆန်းလား မေမေရဲ့၊ သားက ယောကျ်ားလေးလေ''

''အို! ယောကျ်ားလေးဖြစ်ဖြစ် မိန်းကလေးဖြစ်ဖြစ် သား မသွားရဘူး။ သားအကြောင်းကို မေမေသိတယ် သား။ အပျော်ပဲဖြစ်ဖြစ် အတည်ပဲဖြစ်ဖြစ် မိန်းကလေးတွေ ထည်လဲတွဲတဲ့လုပ်ရပ်ကို မင်း ရပ်တန်းက ရပ်တော့ သား''

''ချိန်းထားပြီးမှ သားဘက်က ကတိမပျက်ချင်ဘူး မေမေ။ ယောကျ်ားဆိုတာ ကတိတည်ရတယ်''

''ဘာ!''

ဒေါ်ဖြိုးဖြိုးကြည်မျက်နှာ တင်းခနဲဖြစ်သွား၏။ သူ[illegible]ပဲ



www.burmeseclassic.com

www.burmeseclassic.com



ကတိတည်ချင်သေးသတဲ့။

"တားမရရင် နိုးနိုးကိုပါ ခေါ်သွား"

မာဆတ်ဆတ်အသံနှင့်ပြောလိုက်တော့ ဝင်းပါ မျက်မှောင် ကြုတ်လျက် . . .

"ဘာလို့ခေါ်ရမှာလဲ၊ မခေါ်ဘူး"

"ဘာ!"

"သူနဲ့သားက ဒီလောက်ရင်းနှီးကြတာမဟုတ်ဘူး မေမေရဲ့။ ပြီးတော့ . . ."

"တော်တော့ သား၊ မရင်းနှီးတာကို မေမေသိတယ်။ အခုရင်းနှီးအောင် မေမေက ခေါ်ခိုင်းနေတာလေ။ တစ်အိမ်တည်းနေပြီး ဒီလောက်စိမ်းနေဖို့ လိုလို့လား"

"ဝင်းပါ သွားပါစေ အန်တီ၊ နိုးနိုးလည်း လုပ်စရာလေးရှိသေးလို့ သူနဲ့လိုက်နိုင်မှာမဟုတ်ပါဘူး"

"ဟင်"

နိုးနိုးအသံက ဝင်းပါ့နောက်ကျောဘက်ဆီမှ ထွက်လာတာမို့ ဝင်းပါ လှည့်ကြည့်လိုက်သည်။ နိုးနိုးပြုံးနေပေမယ့် ဝင်းပါကတော့ မပြုံးနိုင်ပါဘူး။ ဒီလို ပုံမလာပန်းမလာ တေမကို တွဲခေါ်သွားဖို့ ဖြစ်မှမဖြစ်နိုင်တာ။





အခုလိုငြင်းပေးတဲ့အတွက် ကျေးဇူးတင်တယ် အမြတ်တနိုးရေ။

"မေမေကြားတယ်နော်၊ သူက မလိုက်နိုင်ဘူးတဲ့။ အဲဒီတော့ သားသွားတော့မယ်"

ဒေါ်ဖြိုးဖြိုးကြည် မတားလိုက်နိုင်ခင်မှာပဲ ဝင်းပါ ခြေလှမ်းကျဲများနှင့် ထွက်သွား၏။

"စိတ်မကောင်းဖြစ်မနေပါနဲ့ အန်တီရယ် . . . ဝင်းပါက ယောကျာ်းလေးပဲဟာ။ သူ့ဘာသာ လွတ်လွတ်လပ်လပ်သွားပါစေ"

"သူ့ကိုလွတ်လပ်စေချင်တာနဲ့ သမီးက ငြင်းပေးလိုက်တယ်ပေါ့။ ဟုတ်လား"

"အဲဒီလိုလည်းမဟုတ်ပါဘူး အန်တီရဲ့၊ နိုးနိုးလည်း တကယ်မအားတာပါ"

"သမီးက ဘာလုပ်စရာရှိလို့လဲ။ စန္ဒာဖြစ်ဖြစ် ညိုညိုဖြစ်ဖြစ် ခိုင်းလို့မရဘူးလားသမီးရဲ့"

လက်ဝါးချင်းဖိပွတ်၍ နိုးနိုးခေါင်းလေးခါ၍ ရယ်လေသည်။ နိုးနိုးကို အရိပ်လိုကြည့်ပြီး ဂရုစိုက်နေတဲ့အန်တီနဲ့အန်ကယ်ကို နိုးနိုး အားနာလှပါသည်။ သူတို့တယ်လောက်ပဲ ဂရုစိုက်



www.burmeseclassic.com

www.burmeseclassic.com



နေနေ ဝက်ပါက နိုးနိုးကို မတွေ့မတန်သလို ဆက်ဆံနေတော့ နိုးနိုးအနေခက်လှပါ၏။

“ကောင်မလေးတွေကို ခိုင်းလို့မဖြစ်ရင် အန်တီ ဘာ ကူညီရမလဲ သမီး။ အားမနာနဲ့နော်”

“ဘယ်သူမှ ကူညီလို့မရဘူး အန်တီရဲ့။ နိုးနိုးကိုယ်တိုင် လုပ်မှ ရမှာလေ”

“ဟုတ်လား”

“ဟုတ်တယ် အန်တီ၊ အဲဒီအလုပ်ဆိုတာက နိုးနိုး စစ်တုရင်ကစားဖို့ သမားကိုစိန်ခေါ်ထားတာ အန်တီရဲ့။ လောင်းကြေး နဲ့လေ”

BURMESE CLASSIC

“ဟယ်!”

ဘာဆက်ပြောရမှန်းမသိဘဲ ဒေါ်ဖြိုးဖြိုးကြည် မျက်လုံး လေး ပိုင်းသွားလေ၏။

“နိုးနိုးရေ”

“ဟော . . . ပြောရင်းဆိုရင်း သမား လာပြီ။ သမီးသွား တော့မယ်နော် အန်တီ၊ သမီးတို့ ဒီခြံထဲမှာတင် ကစားကြမှာပါ”

“အေးအေး”

နိုးနိုးထွက်လာတော့ သမားက ရပ်စောင့်နေ၏။ ဝက်ပါ





က နိုးနိုးကိုအဖက်မတန်သလို ဂရုမစိုက်ပေမယ့် သမားကတော့ ဂရုစိုက်ဖော်ရလို့ တော်သေး၏။ ဘယ်မိန်းကလေးကိုမှ အရေး ယူမလုပ်တဲ့ သမားက နိုးနိုးအပေါ်ကျတော့ ဖော်ရွေတာ နိုးနိုး ကို သနားလို့ထင်ပါရဲ့။

ဝက်ပါကတော့ နှလုံးသားမပါလေရော့သလား။ နိုးနိုး လို သာမန်ရုပ်ရည်နှင့်မိန်းကလေးကို စိတ်မဝင်စားတာ ဖြေသာ သို့ရသည်။ သူငယ်ချင်းတစ်ယောက်လို ဖေးမ စကားလေးပင် ပြောဆိုခင်မင်ခွင့်မပေးတာအတွက်တော့ နိုးနိုး ဝမ်းနည်းမိတာ အမှန်ပါပဲ။ ဒါပေမဲ့ သမားကတော့ နိုးနိုးအတွက် သူငယ်ချင်း ကောင်းတစ်ယောက် ဖြစ်ခဲ့ပြီလေ။

“နိုးနိုး”

“ဟင်”

“ပွဲစမယ်၊ လောင်းကြေးကို တို့သတ်မှတ်ရမလား”

“အင်း . . . ပြောလေ၊ သမားက ဘယ်လိုသတ်မှတ် မလဲ”

သမားက နိုးနိုးမျက်နှာကိုစိုက်ကြည့်လေတော့၊ နိုးနိုး နေတတ်စွာ မျက်နှာလေးလွှဲလိုက်ရင်း . . .

“ဘာကြည့်တာလဲသမားရဲ့၊ နိုးနိုးမနေတတ်တော့ဘူး”



www.burmeseclassic.com

www.burmeseclassic.com



နိုးနိုးပြောမှ သမား့အကြည့်ကို ရုတ်သိမ်း၍. . .

"လောင်းကြေးပြောမလို့ပါ"

"ဟင်း. . . လောင်းကြေးက လူကိုကြည့်ပြီးမှ ပြောရသလား"

"ဒါပေါ့၊ မကြည့်ဘဲ မျက်စိမှိတ်ပြောလို့မှမရတာ"

"ကဲ. . . ပြောမှာပြောပါ သမားရဲ့"

"တို့နိုင်ရင် နိုးနိုး တို့ခိုင်းတာကို လုပ်ရမယ်။ တို့ရှုံးရင်လည်း နိုးနိုးခိုင်းတာကို တို့လုပ်မယ်။ ဘယ့်နှယ်လဲ"

"ဘာခိုင်းမှာလဲ"

"ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတယ်ဆိုရင် မမေးနဲ့လေ တို့ကို ဘာခိုင်းရမလဲဆိုတာပဲ စဉ်းစားပါ"

"OK! ... စိန်လိုက်"

ပွဲစသည်နှင့် နိုးနိုး ရင်တွေခုန်သလိုလိုပါ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလို့ ကစားတာဟု စိတ်ကိုတင်းလိုက်မှ ရင်ခုန်သံတွေ ငြိမ်ချက်သား ကောင်းသွား၏။ ကစားရမှာက သုံးပွဲသတ်မှတ်ပြီး နှစ်ပွဲနိုင် တစ်ပွဲရှုံးသမားက အနိုင်ရမှာဖြစ်သည်။

နိုးနိုးက ငယ်ငယ်လေးကတည်းက ဖေဖေနဲ့ ကစားနေကျပါ။ ဖေဖေ့ကိုအနိုင်ရခဲ့ဖူးတာတွေရှိတော့ ယုံကြည်မှုရှိနေသည်





သမဲ့ ကစားနေရင်းမှ သမားကိုလျှော့တွက်လို့မရမှန်း သိလိုက်ချိန်မှာ. . .

"ကဲ! ဒီပွဲမှာ တို့နိုင်သွားပြီ"

"ဟွန်း . . . သိပ်ပြီး မာန်တက်မနေပါနဲ့၊ နှစ်ပွဲကျန်သေးတယ်"

"ကြိုးစား . . . ကြိုးစား၊ ကျန်တဲ့နှစ်ပွဲစလုံး နိုးနိုးနိုင်မှ တို့ကိုခိုင်းချင်တာ ခိုင်းလို့ရမှာ"

နိုးနိုး ပခုံးလေးတွန့်၍ မဲ့လေသည်။ နောက်တစ်ပွဲမှာ ဘုရားလည်း တရင်း။ သမားကိုအနိုင်ရဖို့ တော်တော်ကြိုးစားနေရ၏။ ကြိုးစားနေတဲ့ကြားကပဲ နောက်တစ်ပွဲမှာလည်း နိုးနိုး ရှုံးသွားပြန်သည်။

"ဟာ! သွားပြီ၊ နိုးနိုး ရှုံးသွားပြီ"

"နောက်တစ်ပွဲ ဆက်ကစားဦးမှာလား"

"ရှုံးနေတာသိသိနဲ့ ထပ်ကစားရင် နိုးနိုး ဘယ်လောက်ညံ့ ပိုသိသွားမှာပေါ့။ တော်ပြီ. . . မကစားတော့ဘူး။ အခု သမား နိုင်သွားပြီ၊ နိုးနိုးကို ဘာခိုင်းမှာလဲပြော"

"ပါးပါးလေးပါ"

"ထူတာပါးတာ သမားပြောမှ သိရမှာ။ အချိန်မဆွဲနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



မြန်မြန်ပြော''

အရှုံးနဲ့ရင်ဆိုင်ရတော့ နိုးနိုး ကိုယ့်ကိုယ်ကိုယ် မကျေ မနပ်ဖြစ်လျက် နှုတ်ခမ်းလေးစူလေသည်။ သမားကတော့ ကျေနပ်စွာ ပြုံးလိုက်ရင်း . . .

''နိုးနိုးက တို့ကိုလျှော့တွက်တာကိုး''

''နောက်တစ်ခါဆို နိုးနိုးနိုင်အောင် ကြိုးစားမယ်''

''ကဲ! ဟုတ်ပါပြီ၊ အခုတော့ တို့ရှိုင်းတာ လုပ်ရဖို့အတွက် နိုးနိုး အဝတ်အစားသွားလဲလိုက်။ ပြီးရင် တို့လာခေါ်မယ်''

''ဟင်! ဘယ်ကိုသွားမှာလဲ''

''သွားလိုက်ရင် သိမှာပေါ့၊ ကိုယ်လည်း အဝတ်သွားလဲ လိုက်ဦးမယ်။ မကြာစေနဲ့နော်၊ မြန်မြန်လေး''

''စိတ်ချ''

သမားနဲ့နိုးနိုး သုံးနဲ့လေးလို ကျောခိုင်းပြီး အသီးသီး ထွက်လာခဲ့ကြ၏။ နိုးနိုးက မိတ်ကပ်တွေ ကရင်မ်ဘတ်တွေနဲ့ ခြယ်သနေတဲ့လူမှမဟုတ်တာ။ မြန်မှမြန်ပါပဲ။ နိုးနိုး အဝတ်လဲပြီး ပြန်ထွက်လာတော့ . . .

''သမီး''

''ရှင် . . . အန်တီ''





''ဘယ်သွားမလို့လဲ သမီး''

''အဟွန်း . . . နိုးနိုး လောင်းကြေးရှုံးသွားလို့ အန်တီ ရဲ့၊ အဲဒါ သမားခေါ်တဲ့နေရာလိုက်ပြီး သူခိုင်းတာ လုပ်ပေးရမှာ''

''ဟောတော့''

သမားနဲ့အတူသွားမှာမို့ ဘာမှစိတ်မချစရာမရှိပေ။ ဒါပေ မဲ့ အနာတစ်လွဲ ဆေးတစ်လွဲဖြစ်ကုန်ရင် ဒုက္ခ။ ဝက်ပါက နိုးနိုး ကို ဂရုမစိုက်ဘဲ ဂရုစိုက်သူက သမားဖြစ်နေပြီ။ နိုးနိုးကရော ဘယ်သူ့ကို ပိုခင်တွယ်နေသလဲ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

''ကြည့်ပါဦး၊ ခုလိုပြင်လိုက်တော့ ညီမလေးက လှလိုက်တာကွယ်၊ အသားဖြူတော့ ဒီဆံပင်အရောင်လေးနဲ့ အရမ်းလိုက်တာပဲ၊ ကောင်လေးမြင်ရင် မှတ်မိမှာတောင် မဟုတ်ဘူး''

''မမကလည်း ဒီအစ်မက မပြင်မဆင်နဲ့ ဖြစ်သလိုနေလို့ပါ။ အစကတည်းက ချစ်စရာလေး၊ ဝင်လာကတည်းက ပြင်လိုက်ရင် မှန်ညက်သွားမယ်ဆိုတာ ဒီက သိပြီးသား''

''ဒီလောက်မြှောက်မနေကြပါနဲ့၊ နိုးနိုး မနေတတ်တော့ဘူး၊ တကယ်''

ရယ်သံလေးတွေက ခပ်လွင်လွင်ထွက်လာ၏။ တကယ်ပါ၊ နိုးနိုးကပဲ နဂိုရှိလို့လား၊ အလှပြင်ပေးတဲ့သူတွေကပဲ ရော်



www.burmeseclassic.com

www.burmeseclassic.com



လို့လား။ ကိုယ့်ကိုယ်ကိုယ် မှန်ထဲကြည့်ပြီး နိုးနိုးမှဟုတ်ရဲ့လား လို့ မေးချင်၏။ အပြားကြီးပြီး ခပ်ရှည်ရှည်နှင့် စည်းစည်းလုံးလုံး မရှိဘဲ ရှိနေသောမျက်ခုံးမွေးတွေက ခုတော့ မျက်ခွံပေါ်မှာ ကွေး ကွေးညွတ်ညွတ်ကလေး ရှိနေ၏။

မျက်တောင်လေးတွေက မကော့ဘဲ စင်းကျနေလို့ မလှ ဘူးထင်ခဲ့သောမျက်ဝန်းလေးတွေက ခုတော့ဖြင့် မျက်တောင်ကော့ လေးတွေကြားမှာ ရွှန်းရွှန်းစိုစိုနှင့် တောက်ပနေသည်။ နှုတ်ခမ်း လေးပေါ်မှာက ပန်းဆီရောင်နှုတ်ခမ်းနီ စိုလဲ့လဲ့လေး တင်လိုက် တော့ ပုလဲရောင်ပြေးနေသော မျက်နှာလေးက ဖူးစင်နေလေ၏။ ပင်ကိုဆံပင်နက်နက်ကြေကြေတွေကလည်း ဖြောင့်စင်းပြီး ညို ရွှေရောင်လေးဖြစ်နေတော့ အမြွတ်တနိုးဆိုတဲ့နာမည်ကလေးနဲ့ တကယ့်ကို လိုက်ဖက်တင့်တယ်သွားပါပြီ။

"ကဲ . . . မောင်လေးရေ"

"ဗျာ"

စိတ်ရှည်လက်ရှည်နဲ့ စာအုပ်တစ်အုပ်ကိုဖတ်ရင်း ထိုင် စောင့်နေတဲ့သမားဆီကို မြူတီပါလာပိုင်ရှင်အစ်မကြီး ရောက်လာ ပြီး . . .

"မင်းကောင်မလေးကို မင်းမှတ်မိမှာတောင် မဟုတ်ဘူး။ သိလား။ လှလိုက်တာမှ မှန်လို့"

"ဒီမှာ ကြည့်ပါဦး"

နောက်တစ်ယောက်ပါ လိုက်လာပြီး ပခုံးချင်းယှဉ်ရပ် နေရာမှာ လှူချင်းခွာ နောက်ဆုတ်ပေးလိုက်တာနှင့် နိုးနိုးပုံစံလေး က ထင်းခနဲပေါ်လာသည်။

"ဟင်!"

သမား တကယ်ပဲ အံ့သြသွားရ၏။ ပြင်လိုက်ရင် လှ မယ်ဆိုတာ သိပေမယ့် ဒီလောက်အထိတော့ ထင်မထားခဲ့ပေ။ ပိန်ကပ်ကပ်ကိုယ်လုံးလေးကလွဲလျှင် အားလုံးက ပြောင်းလဲသွား လို့ အမြွတ်တနိုးဆိုတာ လှပတဲ့မိန်းကလေးတစ်ယောက်ဖြစ်ခဲ့ပါ ပြီလေ။

"ကဲ! ဘယ်လိုလဲ မောင်လေး၊ စိတ်တိုင်းကျရဲ့လား"

"ဟုတ် . . . ဟုတ်ကဲ့၊ ကျပါတယ်"

သမား ကျသင့်ငွေကိုရှင်းပေးပြီး နိုးနိုးလက်ကလေးကို ဆွဲခေါ်လာခဲ့သည်။ ကားပေါ်ကိုရောက်မှ . . .

"တို့ တကယ်ကို အံ့သြတယ်၊ သိလား"

"ဟင် . . . ဘာကိုလဲ သမားရဲ့"

"သူ့ဌေးသမီးဖြစ်နေပါလျက်နဲ့ နိုးနိုးဖြစ်သလိုနေတာကို




ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လေ။ အခု နိုးနိုး အရမ်းလှသွားပြီမဟုတ်လား။ အရင်ကတည်းက ခုလိုပြင်သင့်တာ။ ခုတော့ အလောင်းအစားလုပ်ပြီးမှပဲ ထင်ပေါ်ခွင့်ရတာကို နမြောလို့"

"နိုးနိုးက အဲဒီအလှပြင်ရတဲ့အလုပ်ကို စိတ်ရှုပ်လို့ပါ"

"အခု ရှုပ်တယ်လို့ မထင်နဲ့တော့၊ တို့ မင်းကိုနိုင်ခဲ့တာအတွက် အလှပြင်ခြင်းအလုပ်ကို တစ်သက်လုံးလုပ်ရမယ်"

မျက်တောင်ကော့လေးတွေက ဖျပ်ခနဲ ပင့်တက်လာကာ

"သမားက နိုင်ထားတဲ့သူပဲ၊ ကတိအတိုင်း သမားခိုင်းသလို နိုးနိုးလုပ်ပေးရမှာပေါ့"

သမားပြုံးပြီး ကားကိုမောင်းထွက်လိုက်၏။ အနေတည်တဲ့သမား၊ သူ့မနှုတ်ခမ်းတွေမှ ခဏခဏပြုံးတတ်နေပါပြီ။ မိဘမဲ့လို့ အထီးကျန်တာချင်းအတူတူ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဆိုတာမျိုးပဲပေါ့။

မျက်နှာလေးလှလာပြီဆိုတော့ ပိန်ကပ်ကပ်ကိုယ်လုံးလေး လှလာဖို့အရေး သမားကြိုးစားပေးရဦးမည်။ ဆရာဝန်လောင်းတစ်ယောက်ဖြစ်နေပြီး ကိုယ့်ကျန်းမာရေးကို လျစ်လျူရှုထားတဲ့နိုးနိုးကို သမားကပဲ လမ်း ၃၀ ဆေးကုခန်းမှာဝင်ပြီး သွေးစစ်တာကအစ အားလုံး သူပဲ ဦးဆောင်လုပ်ကိုင်ပေးသမျှ





နိုးနိုးက ခေါင်းညိတ် လိုက်နာနေရသည်သာ။

"ဆေးကျောင်းတက်နေပြီး ကိုယ့်ကျန်းမာရေး ကိုယ် ဂရုမစိုက်ဘူး။ ဘယ်လိုကောင်မလေးလဲ"

ဆိုတာက ရှိသေး။ ဖေဖေရှိတုန်းက ဂရုစိုက်ပေမယ့် နာကောင်တုံးလုံးမဟုတ်တော့ နိုးနိုးကိုယ်တိုင်က. . .

"သမီးအတွက် ဘာမှမပူပါနဲ့ဖေဖေရယ်၊ သမီးက ကိုယ့်မှာ ရောဂါဝေဒနာခံစားနေရရင် ခေါင်းလေးကိုက်တောင် ဆေးခန်းပြေးမှာ၊ သိလား။ ပေတော့ပြီး ခံစားမနေနိုင်ပါဘူး"

ဆိုတာနှင့်ပဲ ဖေဖေက ခေါင်းညိတ်ပြီး ပြီးသွားတတ်ခဲ့တာပါ။

"နိုးနိုး"

"ဟင်"

"တို့ ဗိုက်ဆာတယ်၊ တစ်ခုခုစားရအောင်"

"သဘောပဲလေ"

သမားနှင့်နိုးနိုး စားသောက်ဆိုင်တစ်ခုထဲသို့ ဝင်ခဲ့ကြပြီး သမားကပဲ မီနျူးကတ်ကိုကြည့်၍ စားသောက်ဖွယ်တွေကို မှာသည်။ နိုးနိုးကို ဘာစားမလဲလို့မမေးဘဲ မှာလိုက်ပေမယ့် သူမှာတာက နိုးနိုးအကြိုက်တွေပါ။ နိုးနိုး ဘာကြိုက်တတ်တယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သူသိနေတဲ့အတိုင်းပါပဲ။

"စကားမစပ် နှိုးနှိုးကိုမေးရဦးမယ်"

"မေးလေ"

"တို့နဲ့ဝက်ပါ့ပုံပါတဲ့ သော့ချိတ်ကလေး နှိုးနှိုးမှာ ရှိသေးလား"

နှိုးနှိုး ခက်ရင်းတွေကို ကိုင်ထားရာမှ ခဏပြန်ချလိုက်ရင်း . . . .

"မရှိတော့ဘူး သမားရဲ့"

"ဘယ်ရောက်သွားတာလဲ နှိုးနှိုး"

"ဖေဖေနဲ့နှိုးနှိုး ကားအက်ဆီးဒင့်ဖြစ်တဲ့နေ့က အဲဒီနေရာမှာ ထွက်ကျခဲ့တာဖြစ်လိမ့်မယ်ထင်တယ်။ အဲဒါလေးကို နှိုးနှိုး ပြန်ရှာပါသေးတယ်။ မတွေ့တော့ဘူး သမားရဲ့၊ ဝက်ပါ့မှာရှိတယ်ဆိုတော့ သမားမှာလည်း ရှိမှာပေါ့နော်။ ရှိရင် နှိုးနှိုးကို တစ်ခုလောက် ထပ်ပေးပါလားဟင် သမား"

သမား ပထမတော့ ဘာမှပြန်မပြောဘဲ ငြိမ်သက်နေ၏။ နောက်မှ သူ့ကားသော့လေးကိုထုတ်ပြီး သော့ချိတ်ကလေးကို ဖြုတ်၍ နှိုးနှိုးဆီသို့ ကမ်းပေးလေ၏။

နှိုးနှိုးက လှမ်းယူရင်းပဲ . . .





"ကျေးဇူးတင်ပါတယ် သမားရယ်"

"မလိုပါဘူး၊ မင်းနဲ့ဝက်ပါကြားမှာ ကိုယ်က ပေါင်းကူးတံတားတစ်ခုပါ"

"ဘယ်လို"

တို့ကနေ ကိုယ်လို့ပြောင်းပြောမိတာကို နှစ်ယောက်စလုံး သတိမထားမိလိုက်ကြပေ။

"မင်းနဲ့ဝက်ပါကို ကိုယ်အဆင်ပြေစေချင်ပါတယ်။ မင်း ဝက်ပါ့ကို စိတ်ဝင်စားတယ်ဆိုတာလည်းသိတယ်။ ပြီးတော့ နှစ်ဖက်မိဘတွေကလည်း သဘောတူခဲ့ကြပြီးသားဆိုတော့"

"ဟင်! နှစ်ဖက်မိဘတွေ သဘောတူခဲ့ကြပြီးသား။ ဟုတ်လား သမား"

သမား ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ် နှိုးနှိုး၊ နှိုးနှိုးဖေဖေက နှိုးနှိုးကို အရင်ဖွင့်မပြောဘဲ ကလေးချင်းတွေ့ကြပြီးမှ ပြောမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ဝက်ပါ့မွေးနေ့မှာ ဝက်ပါနဲ့နှိုးနှိုးကို ဆုံပေးတာလေ"

"ဒီလိုကိုး"

နှိုးနှိုးမျက်ဝန်းလေးတွေ ရီဝေဆွေးမြေ့သွားပြီး မျက်ရည်လေးတွေ ဝဲလာ၏။ ဖေဖေ့ကိုသတိရမိလို့ပါလေ။ အဲဒီနေ့က



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ တွေတွေငေးငေးလေးဖြစ်နေတာကို မြင်ယောင်ပြီး ရင်ထဲမှာ နင့်သွားရသည်။

ဒါ. . . နိုးနိုးရဲ့ရှေ့ရေးကို တွေးနေလို့ သတိလက်လွတ်ဖြစ်ပြီး ဖေဖေ အက်ဆီးဒင့်နဲ့ ဆုံးခဲ့ရတာပေါ့။

"ဝက်ပါက အလှအပကြိုက်တယ် နိုးနိုးရဲ့။ အဲဒါကြောင့် ကိုယ် နိုးနိုးကို ခုလိုပြုပြင်ပေးနေတာ။ ပြီးတော့ ကိုယ်တိုင်ကလည်း နိုးနိုးအပေါ် စေတနာထားပြီး ပြုပြင်ပေးချင်တာ ပါတယ်"

"အဲဒါ သမား ဘယ်သူ့ကိုစိတ်ချမ်းသာစေချင်လို့လဲ ဟင်"

"နှစ်ယောက်စလုံးကိုပေါ့ နိုးနိုးရဲ့။ ဝက်ပါရော နိုးနိုးပါ ကိုယ့်သူငယ်ချင်းတွေပဲလေ"

နိုးနိုး တွေတွေငေးငေးလေးနှင့် သမားကိုကြည့်လိုက်မိသည်။ ဝက်ပါစိတ်ဝင်စားလာအောင် နိုးနိုးကို အလှအပရေးရာတွေ ပြုပြင်ပေးတာတဲ့လား။ ကျေးဇူးတင်ပါတယ် သမားရယ်။ သမားက သူနဲ့နိုးနိုးကို အဆင်ပြေစေချင်ပေမယ့် နိုးနိုးကတော့ ဝက်ပါ့ကို မမျှော်လင့်ရဲပါဘူး။

လူကြီးတွေသဘောတူခဲ့တာရှိလို့ မဖြစ်မနေ လက်ထပ်ရရင်တောင် ဝက်ပါဘက်က နိုးနိုးကိုချစ်လာနိုင်မှာမဟုတ်ပါဘူး။





ဆိုတာ နိုးနိုးသိနေပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဝက်ပါတွဲခဲ့တဲ့ ပန်းကလေးတွေက နိုးနိုးထက်သာတဲ့သူတွေချည်းပါပဲ။ အဲဒီသာတဲ့သူတွေတောင် တစ်နေ့ ကျန်ခဲ့ကြရတာပဲမဟုတ်လား။

"နိုးနိုး စားလေ"

"ဪ. . . အင်း"

"ဝက်ပါတော့ နိုးနိုးကို ခုလိုပုံစံနဲ့မြင်လိုက်ရရင် ငေးသွားမှာ ကျိန်းသေတယ်။ သိလား"

နိုးနိုးက ပြုံးလိုက်ပြီး. . .

"ဝက်ပါအကြောင်းပဲ ပြောနေတယ်၊ သမားအကြောင်း ကျတော့ ဘာလို့မပြောတာလဲ"

"ကိုယ့်အကြောင်းပြောစရာမှမရှိတာ နိုးနိုးရဲ့။ ဖေဖေရော အမေပါ နိုင်ငံခြားမှာ။ မေမေက နောက်အိမ်ထောင်နဲ့၊ ဖေဖေက အိမ်ထောင်မရှိဘူး။ ကိုယ်က ဒီမှာ လေးလေးနဲ့နေတယ်။ ဒါပဲလေ။ မိသားစုရှိလျက်နဲ့ မိဘမဲ့ဖြစ်နေရတဲ့ကိုယ့်ဘဝက အထီးကျန်တယ်။ ဒါကြောင့် မိဘမဲ့တိုင်းကို ကိုယ်ချင်းစာတယ်ဆိုတာက လွဲရင် ထွေထွေထူးထူးမှမရှိတာ"

"အဟွန်း. . . ပြောစရာမရှိဘူးဆိုပြီး ပြောသွားတာ နားတမ်းပဲ။ နိုးနိုးမေးချင်တာက ဟိုလေ"



www.burmeseclassic.com

www.burmeseclassic.com



နိုးနိုးမေးရမှာ အားနာသလို မျက်လွှာလေး ပင့်ကြည့်တော့ သမားနှင့်အကြည့်ချင်းဆုံသွားသည်။ သမားကပဲ အကြည့်ပြန်လွှဲသွားပြီး ဆံပင်တွေကို ဖိသပ်ချနေတာ ဘာကြောင့်မှန်းမသိ။ ကိုယ့်ကို သူများစိုက်ကြည့်လို့ ရှက်သွားတယ်လို့ ပြောရအောင်က သမားကို ဒီလိုပဲကြည့်တတ်ကြတာ ရိုးနေပြီ။ အခြားမှာက မမြင်ချင်ယောင်ဆောင်သွားလို့ရပြီး အခုက တည့်တည့်ကြီး မရှောင်သာလို့လား။

"နိုးနိုးက ဘာမေးချင်တာလဲ"

"နိုးနိုးမေးရင် သမားစိတ်မဆိုးရဘူးနော်"

"အင်း . . . မေး"

"သမား အခုထိ ဘာလို့ ချစ်သူရည်းစားတစ်ယောက်မှ မထားတာလဲ"

သမား ချက်ချင်းပြန်မဖြေဘဲ အတန်ကြာမှ . . .

"အချစ်ဆိုတာ စပျစ်သီးလေးတွေလို ဘယ်အလုံးက ချိုတယ်၊ ဘယ်အလုံးက ချဉ်တယ်သိရအောင် တစ်လုံးချင်း စားကြည့်ပြီး ရွေးချယ်လို့ရတာမှမဟုတ်ဘဲ နိုးနိုးရယ်။ ကိုယ့်ရင်ထဲက မပါဘဲနဲ့ ကိုယ် ဘယ်သူ့လက်ကိုမှဆုပ်ကိုင်ပြီး ဟန်ဆောင်ပြုံးနဲ့ မဟုတ်ကို အဟုတ်ထင်အောင် မပြောချင်ဘူး။ ကိုယ့်ရဲ့





ပျော်ရွှင်မှုအတွက် တစ်ဖက်မှာ ထိခိုက်နစ်နာတာမျိုးလည်း မဖြစ်စေချင်ဘူးလေ။ မိန်းကလေးတွေကို မျှော်လင့်ချက်ပေးပြီးမှ ကိုယ့်ဘက်က စိတ်မပါလို့ လက်ကိုဖြုတ်ချခဲ့ရမယ့်အစား အစကတည်းက လာဆုပ်တဲ့လက်ကို ပုတ်ချလိုက်ရင် တစ်ခါပဲ အမုန်းခံရမယ်၊ တစ်သက်လုံး နာကြည်းနေတာမျိုးမဖြစ်ဘူးပေါ့"

"ဒါဆို သမားက တကယ်ချစ်တဲ့သူတွေ့မှ တရားဝင်ကြေငြာမယ်ပေါ့နော်"

"ဟုတ်တယ်၊ ကိုယ်တကယ်ချစ်တဲ့မိန်းကလေးအတွက် ကိုယ်က အားကိုးယုံကြည်ထိုက်တဲ့ သူရဲကောင်းတစ်ယောက်ဖြစ်ရမယ်။ အချစ်သူရဲကောင်းပေါ့"

နိုးနိုး၊ သမားစိတ်ဓာတ်ကို အထင်ကြီး လေးစားသွားမိ၏။ လူပုံစံက နွဲ့မလိုနဲ့ မျက်နှာကတော့ အမြဲခပ်တည်တည်အေးစက်စက်နေခဲ့သူမို့ အချစ်နဲ့ပတ်သက်ပြီး ခိုင်မာတဲ့ဆုံးဖြတ်ချက်၊ ပြတ်သားတဲ့စိတ်ကူးနှင့် ဘဝကို အဓိပ္ပာယ်ရှိရှိ ဖြတ်သန်းသွားမည့်သူလို့ ထင်ထားတာ မှန်နေပြီ။

ဝဏ်ပါသာ သမားလိုစိတ်ဓာတ်မျိုး မွေးနိုင်ရင် ဘယ်လောက်ကောင်းလိုက်မလဲ။

"သမားရဲ့ချစ်သူဖြစ်ခွင့်ရမယ့် မိန်းကလေးက အရမ်း



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းမှာပဲ။ သမားချစ်တဲ့မိန်းကလေးကို မြန်မြန်တွေ့ပါစေ
လို့ နိုးနိုးဆုတောင်းပေးပါတယ်''

''နိုးနိုးက ကိုယ့်ကို ဘာလို့ ချစ်သူမြန်မြန်ရစေချင်တာ
လဲ''

''အထီးကျန်နေတဲ့သမားဘဝလေးကို ပျော်ရွှင်မှုတွေနဲ့
လန်းဆန်းစိုပြည်လာစေချင်လို့ပါ''

သမား မျက်ခုံးလေးနှစ်ဖက် မြင့်တက်သွားပြီး ရယ်လေ
သည်။ အချစ်ဆိုတာ ကိုယ်လိုချင်လို့ လိုက်ရှာတိုင်း ရတတ်တဲ့
အရာမှမဟုတ်တာ။ ကိုယ်မလိုချင်လည်း ခလုတ်တိုက်မိတဲ့အခါ
မှာတော့ နာတာကျင်တာကို ဘေးဖယ်ထားလို့ မြတ်နိုးကြင်နာ
ခြင်းများနဲ့ ကောက်ယူကြည့်မိဦးမှာပါ။

''နိုးနိုးနဲ့ စကားပြောနေရတဲ့အချိန်မှာ ကိုယ်ပျော်တယ်
ဆိုရင်ရော၊ အဲဒီအပျော်ကို ဘယ်လိုကင်ပွန်းတပ်ရမလဲ''

''ဟင်!''

နိုးနိုး ခါးလေးမတ်သွား၏။

''ချစ်သူရှိတိုင်းလည်း မပျော်ကြရပါဘူးနိုးနိုးရယ်၊ သဝန်
တိုကြ စိတ်ကောက်ကြနဲ့ စိုးရိမ်ပူပန်ရတဲ့အချိန်တွေလည်း ရှိသေး
တာပဲ။ သူငယ်ချင်းဆိုတာကမှ ပျော်စရာတွေကို အမြဲတမ်း ဖန်





ဆင်းပေးတာလို့ ကိုယ်ထင်တယ်။ ဟုတ်လား''

''အင်း...ဟုတ်ချင်ဟုတ်မှာပေါ့''

ကိုယ်တိုင်ဘာမှမသိသေးတဲ့ကိစ္စအတွက် နိုးနိုးလည်း
သေချာကျကျမဖြေနိုင်ပါ။ သူငယ်ချင်းတွေက ပျော်စရာဖန်ဆင်း
ပေးနိုင်သည်ဆိုတာ မှန်ပေမယ့် အချစ်ဆိုတာကိုလည်း နိုးနိုးက
ပျော်လင့်ခံစားကြည့်ချင်သေးသည်။

အချစ်ဆိုတာ ဘာလဲ...

နွေးထွေးခြင်းလား၊ လောင်မြိုက်ခြင်းလား...

လောလောဆယ်အဖို့မှာတော့ နိုးနိုးအတွက် ဥပေက္ခာ
သာ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

**စန္ဒာနှင့် ညိုညို...**

နှစ်ယောက်သား မီးဖိုချောင်ထဲမှာ ထမင်းဟင်းချက်ကြရင်း နိုးနိုးအကြောင်းကို ပြောလို့မဆုံးနိုင်ဖြစ်နေကြသည်။

"တကယ်ပါ ညိုညိုရယ်၊ ငါအပိုပြောတာမဟုတ်ဘူးသိလား။ နိုးနိုးပြန်လာတာမြင်တော့ ငါတကယ်မှတ်တောင်မမှတ်မိချင်ဘူး။ ခုလိုပြင်ဆင်ထားတော့ မင်းသမီးလေးကျနေတာပဲ"

"မမစန္ဒာ ချီးကျူးတဲ့အကြောင်း မမကိုပြောပေးမယ်လေ၊ အဲဒါမှ မုန့်ဖိုးလေးဘာလေး ပေးမလားလို့"

"ငါက မုန့်ဖိုးကိုမျှော်ကိုးပြီး ပြောတာမှမဟုတ်ဘဲ ညိုညိုရဲ့၊ မှန်တာကိုပြောနေတာ"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်နော်၊ မမက အမြဲတမ်း ဖြစ်သလိုနေလာ တာ၊ ခုမှဘာစိတ်ကူးပေါက်ပြီး အလှပြင်တယ်မသိဘူး"

"အဲဒါ ဝက်ပါနဲ့ ရှေ့သွားနောက်လိုက်ညီအောင် ပြင် တာဖြစ်မှာပေါ့"

နှစ်ဖွဲ့ယောက်သား ရယ်လိုက်မိကြစဉ်မှာပဲ . . .

"ဟိုနှစ်ယောက်"

"ဟင်!"

တံခါးဝမှာ မားခနဲလာရပ်သူက ဝက်ပါ။

"ငါ့နာမည်ကြားလိုက်လို့ ငါ့အကြောင်း ဘာတွေအတင်း တုပ်နေတာလဲ"

ညိုညိုရော စန္ဒာပါ ခေါင်းတခါခါ လက်တကာကာဖြစ် လျက် . . .

"မဟုတ်ပါဘူး အစ်ကိုလေးရဲ့၊ ညိုညိုတို့ မမအကြောင်း ပြောနေရင်းနဲ့ အစ်ကိုလေးနာမည် ပါသွားတာပါ"

ဝက်ပါ အလိုမကျသလို မျက်မှောင်ကြုတ်သွား၏။ သူ့ ကွယ်ရာမှာသာ ဝက်ပါလို့ခေါ်ရကြတာ။ ရှေ့တင်ကျတော့ အစ်ကို လေးလို့သာ ခေါ်ကြသည်။ သူတို့က စပ်စပ်စုစု ဟိုဖြူဖတ်ဖတ် ပိန်ကပ်ကပ်မနဲ့ သူ့နာမည်ကို ဘာလို့တွဲဖက်ပြီးပြောနေကြတာလဲ။





"နှင့်မမက ဘာဖြစ်လို့လဲ"

"အရမ်းလှလာလို့"

"ဘာ!"

ဝက်ပါ သဘောကျစွာ အသံထွက်အောင်ပဲ ရယ်လေ သည်။ လှလာလို့တဲ့။ ဘယ်မျက်စိနဲ့ကြည့်ပြီး ဘယ်လိုလှလာသလဲ တော့ မသိပါဘူး။

"အရမ်းလှလာလို့ ဟုတ်လား . . . ဟား . . . ဟား"

"တကယ်ပြောတာ အစ်ကိုလေးရဲ့၊ အစ်ကိုလေး နိုးနိုး ကို မမြင်ရသေးလို့ပါ။ မြင်လိုက်ရင် ငေးသွားစေရမယ်"

"တော်စမ်းပါဟာ၊ နှင်တို့စကားက ငါ့ကို ကိုယ့်ခါးကိုယ် ကလိထိုး ရယ်ခိုင်းနေသလိုပဲသိလား။ အိမ်မြှောင်အရေခွံလဲထား တဲ့ရုပ်ကိုများ လှသလေးဘာလေးနဲ့"

"ညိုညိုရေ"

"ဟော! ပြောရင်း မမလာပြီ"

မမလာပြီဆိုတော့ ဝက်ပါ မဲ့ခနဲလုပ်ကာ ပခုံးကိုလည်း တွန့်လိုက်လေ၏။ နိုးနိုးလျှောက်လာတဲ့ခြေသံကို နောက်မှာကြား ပေမယ့် လှည့်မကြည့်။ သူမလာရင် ဝင်လို့ရအောင် ကိုယ်ကို တစ်ဖက်ကပ်ပြီး ပခုံးစွန်းနှင့်မှီကာ ရပ်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ ဘာခိုင်းမလို့လဲဟင်"

"မခိုင်းပါဘူး၊ အနဲ့တို့ကိုမတွေ့လို့ ဘယ်သွားလဲမေးမလို့ပါ"

"ဩော်. . . အန်တီကြီးက သူ့သူငယ်ချင်းက ဖုန်းဆက်ခေါ်လို့ဆိုလား၊ ထွက်သွားတာ။ နိုးနိုးပြန်လာတာနဲ့ လွဲရုံလေးပဲ နိုးနိုးရဲ့"

"ဩော်"

နိုးနိုးမျက်နှာလေး ဒီဘက်လှည့်လာတော့ ဝက်ပါ ဧေးခနဲဖြစ်သွားရာကနေ မျက်တောင်ခတ်ဖြစ်ရဲ့လားပင် မသိတော့။ ပါးစပ်ကနေ ထုတ်ဖော်မပြောပေမယ့် ရင်ထဲမှာတော့ လှလိုက်တာဟု ချီးမွမ်းမိသည်။

"ဝက်ပါ ပြန်ရောက်နေပြီကိုး"

နိုးနိုးက အပြုံးလေးနှင့် မေးသော်လည်း ဝက်ပါ ဆွံ့အနေသည်။

"ရုပ်ရှင်ကား ကောင်းရဲ့လား"

"ဩော် . . . အင်း . . . ကောင်းပါတယ်"

နိုးနိုး မီးဖိုခန်းထဲက ထွက်သွားတော့ ဝက်ပါပါ နောက်ကနေ ထပ်ချပ်မကွာလိုက်သွားကာ. . .





"မင်း ဒီနေ့ အရမ်းလှနေပါလား"

"ဟုတ်လို့လား"

"တကယ်ပြောတာ၊ ကိုယ်အရမ်းအံ့ဩသွားတယ်။ ယုံတောင် မယုံချင်ဘူး"

"အဲဒါ သမားကျေးဖူးကြောင့်လေ"

"ဟင်! သမားကျေးဖူးကြောင့်ဟုတ်လား"

"ဟုတ်တယ်၊ နိုးနိုးကို သူပဲ ဖြူတီပါလာ ခေါ်သွားပေးတာ"

ဝက်ပါ နောင်တပင် ရချင်သွား၏။ တကယ်ဆို သမားမလုပ်ခင်က သူဦးစွာစဉ်းစားမိသင့်တာ။ ခုတော့ သမားက ခြေတစ်လှမ်း ဦးသွားပြီလား။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

"ခုတလော ကျောင်းမှာ နင့်နာမည်ကို ရေရွတ်နေကြတယ် နိုးနိုး"

"ဟုတ်လား၊ ဘာတဲ့လဲ"

"နင် အရမ်းလှလာတဲ့အကြောင်းလေ"

နိုးနိုး ဆံပင်လေးတွေ နွဲ့ခါသွားအောင် လှည့်ကြည့်ပြီး ရယ်လေသည်။ ဒါ သမားရဲ့ကျေးဇူးကြောင့်လေ။ နိုးနိုးကို ခုလို သူများထေးအောင် ပြုပြင်ပေးခဲ့သူက သမားဆိုတာသိရင် ဘာပြောကြဦးမလဲ။ မနာလိုဝန်တို ဖြစ်ကြလိမ့်မည်ထင်သည်။

ဝက်ပါတစ်ယောက်မှာလည်း အရင်လို နိုးနိုးကို မတူတောန်သလို မဆက်ဆံတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"မိုးမိုးပြောတာ ဟုတ်တယ်နိုးနိုးရဲ့၊ နင့်ပိန်ကပ်ကပ်ကိုယ်လေးကလည်း ခုဆို စိုစိုပြည်ပြည်လေးဖြစ်လာတော့ နင်အရမ်းလှလာတယ် သိလား"

"ဒါကတော့ ကိုယ့်ခြံထဲက သံပုရာပင်မို့လို့ နေမှာပေါ့"

"မဟုတ်ဘူးဟ၊ နင်တကယ်လှလာတာပါ နိုးနိုးရယ်။ ဝက်ပါနဲ့တွဲခဲ့ဖူးတဲ့ ဖူးဖူးတို့ ယမင်းသဇင်တို့တောင် နင့်ကို မနာလိုဖြစ်နေကြတာဟ။ ဝက်ပါက နင့်ကို အရင်လို မတူမတန်သလို မဆက်ဆံတော့တာလည်း အသိသာကြီး"

"အရင်လိုမဆက်ဆံတာက သူနဲ့ငါ တစ်အိမ်တည်းနေရတာလေဟယ်"

"သမားကလည်း နင့်ကို အရေးပေးနေတယ်လေ"

"အဲဒါလည်း သူနဲ့ငါ သူငယ်ချင်းဖြစ်နေပြီကိုး"

နိုးနိုးက စကားကို ဝေ့လည်ကြောင်ပတ် ပြောနေသဖြင့် စကားက မျက်စောင်းထိုးလေသည်။ သူတို့ထိုင်နေကျ ဆိုင်လေးထဲသို့ ဝင်လာတော့ သမားတို့အုပ်စုလည်း ရောက်နှင့်နေတာမို့ နိုးနိုးပြုံးပြမြီးသာ အသံတိတ်နှုတ်ဆက်လိုက်၏။

"အရင်နဲ့တော့ တခြားစီပဲ"

သူရိယက နိုးနိုးကိုလှမ်းကြည့်ရင်း ဆိုလေသည်။ ဘုန်း





မြတ်ကပါ ဆက်၍...

"ဘယ်ကောင်က ပြောင်းလဲပေးလိုက်တယ်မသိဘူး။ အဲဒီကောင်ကို ဆုပေးဖို့တောင် ကောင်းနေပြီ"

"ဘယ်ကောင်ရှိရဦးမှာလဲ၊ ပေးဝေးမကြည့်နဲ့. . . အနီးမှာပဲ ရှိနေတာ"

"ဟေ!"

"ဟင်!"

ဝက်ပါ့အပြောကြောင့် သူရိယနှင့်ဘုန်းမြတ်အကြည့်က ဝက်ပါ့ဆီသို့ ရောက်သွားသည်။ နိုးနိုးက ဝက်ပါနှင့် တစ်အိမ်တည်းမှာ အတူနေကြပြီဆိုတော့ ဝက်ပါကပဲ အမြင်မတော်လို့ ပြုပြင်ပေးသလားလို့ တွေးကြမှာ မလွဲမသွေပါ။

ဝက်ပါက အလှအပကြိုက်သူကိုး။ ဒီကောင် ဘာတွေလုပ်ပြီး သူတို့ကိုမပြောသလဲလို့ အပြစ်ချင်သွားပုံက မျက်ဝန်းတွေမှာ အရိပ်ထင်လျက်...

"မင်းလား"

ဝက်ပါက ခေါင်းခါလျက် သမားဆီသို့မေးငေါ့ပြကာ

"သမားတော်လေ"

သမားဆီသို့ အကြည့်တွေ ရောက်လာပြန်တော့ သမား



www.burmeseclassic.com

www.burmeseclassic.com



က မတုန်မလှုပ်နှင့် ကျောက်ရုပ်လုပ်နေသည်။ သမားဆိုသော ကြောင့် သူရိယ မနေနိုင်စွာ သမားဘက်သို့ရွှေ့ထိုင်လိုက်ပြီး

“ဟုတ်လား သမား၊ နိုးနိုးကို မင်း ကုသပေးလိုက်တာ လား”

“ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ”

“မဖြစ်ပါဘူး၊ ကောင်းကင်မှာ ရေကြီး၊ မြေကြီးက လသာသွားမှာစိုးလို့၊ ဘယ်လိုဖြစ်တာလဲ ဆရာလေးရယ်၊ ခင်ဗျား ဘယ်မိန်းကလေးကိုများ ဂရုတစိုက်ရှိုးဖူးလို့လဲ။ ပြောပါဦး”

“အရင်မရှိတာ ခုရှိပြီလေကွာ”

“အမြွတ်တနိုးကတော့ ကံစမ်းမဲပေါက်တာပဲ”

သူငယ်ချင်းနှစ်ယောက် တစ်ယောက်တစ်ပေါက် ပြော နေတဲ့ကြားထဲမှာ သမားနှင့်ဝက်ပါက တိတ်ဆိတ်ငြိမ်သက်နေ၏။

“ဟေ့ကောင်! သမား”

ဘုန်းမြတ် အားမလိုအားမရပုံစံနှင့် သမားပခုံးကို လှမ်း ပုတ်ကာ. . .

“မင်း ဟုတ်တော့ မဟုတ်တော့ဘူးထင်တယ်၊ အမြွတ် တနိုးအပေါ် မင်းရိုးရဲ့လားကွ”

“ဟာ! ဟေ့ကောင်၊ တိုးတိုးပြောစမ်းပါ။ ဟိုက ကြား





သွားဦးမယ်”

ဘုန်းမြတ်အသံ ကျယ်သွားသဖြင့် သမားလှုပ်လှုပ်ရှား ရှားဖြစ်သွားသည်။ ဝက်ပါကိုလည်း စိတ်မလုံသလို လှမ်းကြည့် နေ၏။

“ကြားတော့ ဘာဖြစ်လဲ၊ မင်းဖွင့်ပြောစရာမလိုကဲ သိ သွားတာပေါ့”

“ကျွတ်!”

သမားစိတ်ပျက်သလို ခေါင်းခါလိုက်၏။ ပြီးမှ အသံကို နှိမ့်၍. . .

“အမြွတ်တနိုးနဲ့ငါက ရိုးရိုးသားသားပဲ။ သူငယ်ချင်းထက် ပိုစရာအကြောင်းမရှိဘူးကွ။ အေး! ပတ်သက်နေတာက ဝက်ပါ နဲ့ သိပြီလား”

“ဟေ!”

ဝက်ပါ့ဘက်သို့ လှည့်သွားကြပြန်၏။

“သမားပြောတာ ဟုတ်လား ဝက်ပါ”

“ဟုတ်တယ်”

“ဟုတ်တယ်ဆိုရင် ဘယ်လိုပတ်သက်တာလဲပြောပါဦး”

“သူနဲ့ငါကို လူကြီးချင်းသဘောတူခဲ့ကြတာ”



www.burmeseclassic.com

www.burmeseclassic.com



"သူကရော သိလား"

"သူကတော့ မသိဘူးထင်တယ်၊ ဖေဖေပြောတာတော့ သူ့ဖေဖေက သူ့ကိုဖွင့်မပြောရသေးခင် သေသွားတာတဲ့၊ ငါ့ဘက်ကလည်း အတင်းအကျပ်စီစဉ်တာမျိုးမဟုတ်ပါဘူး။ လူငယ်ချင်း အဆင်ပြေမှ စီစဉ်ပေးချင်တာမျိုးပါ"

သမားစိတ်ထဲမှာ မတင်မကျဖြစ်သွား၏။ ဝက်ပါနဲ့နိုးနိုးကို လူကြီးတွေသဘောတူထားတဲ့အကြောင်း သူ နိုးနိုးကိုပြောပြခဲ့ပြီးပြီ။ ဒါကို ဝက်ပါသိအောင် ပြောပြရမလား၊ အလိုက်အထိုက် မသိသလို နေလိုက်ရမလား။

"မင်းဘက်က ဘယ်လိုသဘောရလဲ ဝက်ပါ"

ဝက်ပါ တွေခနဲဖြစ်သွားပြီးမှ . . .

"အဲဒီမေးခွန်းကိုဖြေဖို့ ငါ့ရင်ထဲမှာ တိကျတဲ့အဖြေမရှိသေးတာတော့ အမှန်ပဲ ဘုန်းမြတ်။ အစကတော့ ငြင်းဖို့အဖြေတစ်ခုပဲ ငါ့ဘက်က အသင့်ရှိခဲ့တာ"

"ခုရော"

ဝက်ပါ ရယ်လိုက်ပြီးမှ . . .

"အခုကျတော့ ငြင်းလိုက်ရင် ငါ လူမိုက်များ ဖြစ်နေမလားလို့"





"ဒါဆို မင်းတို့နှစ်ယောက်က ပန်းပျိုးလက်နဲ့ ပန်းပန်တဲ့ခေါင်း ဖြစ်နေပြီပေါ့"

"ဘယ်လို"

"လက်ကပျိုးပြီး ခေါင်းက ပန်းကိုပန်သွားတာကို ပြောတာကွ။ ရှင်းပြီလား"

သူ့ရီယအသံက စိတ်မရှည်သလိုနှင့် ခပ်ဆောင့်ဆောင့်ထွက်လာသည်။ ဘယ်နှယ် သမားမျှား အချစ်ရေးကိုစိတ်ဝင်စားပြီး နိုးနိုးနဲ့နီးစပ်မလား အောင်းမေ့ပါတယ်၊ ဝက်ပါက ပါလာပြန်ပြီ။ တကယ်ရိုးရိုးသားသားကူညီတာပဲဖြစ်ဖြစ်၊ မရိုးသားစိတ်နဲ့ ဖြုပြင်ပြောင်းလဲတာပဲဖြစ်ဖြစ် သူ့ရီယအနေနဲ့ကတော့ . . .

ဖြူစင်ရိုးသားတဲ့သူချင်း သမား ရေလောင်းပေါင်းသင်လုပ်ပေးလို့ ပွင့်လာတဲ့ပန်းကို သမားပဲ ပန်စေချင်သည်။

"မင်း အမြတ်တနိုးကို စိတ်ဝင်စားသွားပြီလား ဝက်ပါ"

"ဝင်စားသလိုလိုတော့ ရှိနေတာပဲ"

"မသေချာရင်လည်း သမားအတွက် ချန်ထားလိုက်ပါကွာ။ ဒီကောင်က မင်းလို အဖြစ်ရှိတာမဟုတ်ဘူး"

"ဘုန်းမြတ်"

ဘုန်းမြတ်စတော့ သမားစိတ်ထဲမှာ ဖျင်းခနဲဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က သူများချန်ထားမှ ရမယ့်ကောင်လား။ ဒီစကားက ကိုယ့်သိက္ခာကို ထိပါးတာထက်၊ ပိုဆိုးတာက နိုးနိုးရဲ့သိက္ခာ။

ယောက်ျားနှစ်ယောက်ကြားမှာ လှေနံနှစ်ဖက်နင်းမယ့် မိန်းကလေးမျိုးမဟုတ်သလို ငါးမရလို့ ရေချိုးပြန်တဲ့ အပေါစားအညံ့စားလည်းမဟုတ်။

"မင်းစကားက ငါနဲ့နိုးနိုးရဲ့သိက္ခာကို ရိုက်ချိုးလိုက်တာပဲ။ ငါက မင်းပြောသလောက် မညံ့သလို နိုးနိုးကလည်း အပေါစားမိန်းကလေးမဟုတ်ဘူးဆိုတာ မင်းနားလည်ထား"

"အချင်းချင်းမို့ စတာကို မင်းက ဘာထဖြစ်တာလဲ"

"စတယ်ဆိုရင် သူများသိက္ခာကို မထိခိုက်အောင် စ ... ။ ခုတော့ မင်းစကားက ... တောက်!"

သမား စားပွဲကိုလက်သီးနှင့်ထု၍ ထသွားလေသည်။

"သမား"

"သမား"

နိုးနိုး သူတို့ပြောတာတွေကိုကြားပြီး သမားစိတ်ဆိုးသွားတာနောက်ကို ထလိုက်သွားလေလျှင်၊ ဝက်ပါလည်း ကသုတ်ကပျာနှင့် ထလိုက်သွားလေတော့...

"အမေ့!"





"ဟင်"

ဝက်ပါနှင့်နိုးနိုး မထင်မှတ်ဘဲ ဝင်တိုက်မိလေ၏။ ဝက်ပါတာ ဒီနေ့မှ အင်္ကျီအဖြူကိုဝတ်ထားသဖြင့် လက်မောင်းမှာ လိမ္မော်ရောင်နှုတ်ခမ်းလေး ထင်သွားသည်။ ဒါကို ဂရုမစိုက်နိုင်ကြဘဲ

"ဆောရီး ... ဝက်ပါ"

"ရပါတယ်"

ဝက်ပါက ရပ်ကျန်နေဖြစ်ခဲ့ပြီး နိုးနိုးက သမားနောက်ကို ပြေးလိုက်သွားလေသည်။

"သမား"

"..."

"သမား ... ခဏနေပါဦး"

သမားခြေလှမ်းတွေက လှမ်းမြဲလှမ်းနေဆဲမို့ နိုးနိုးမှာမီအောင်ပြေးလိုက်သွားရပြီး ...

"သမား"

လက်ကိုဆွဲထားလိုက်တော့မှ သမားခြေလှမ်းတွေ ရပ်သွား၏။

"ဟ! ပြောင်းပြန်တွေ ဖြစ်ကုန်ပြီ"

မြင်တဲ့သူတွေ တိုးတိုးကျိတ်ကျိတ် လက်တို့ပြောသွား



www.burmeseclassic.com

www.burmeseclassic.com



ကြတာကို ဘယ်သူမှရမစိုက်နိုင်။

"နိုးနိုးတောင်းပန်ပါတယ် သမားရယ်၊ နိုးနိုးကြောင့် သမားတို့အချင်းချင်း စိတ်ဝမ်းမကွဲကြပါနဲ့နော်"

"..."

"နော်...သမား"

"တို့နှစ်ယောက်သိက္ခာကို ချနင်းနေတာ သိသိနဲ့ ကိုယ်က ဒီအတိုင်းငြိမ်နေလိုက်ရမှာလား။ ပါးစပ်စည်းမစောင့်တာကို တစ်ခါသည်းခံလိုက်ရင် အဲဒီပါးစပ် နောက်ထပ်စည်းချိုးလာဦးမယ်ဆိုတာ မင်းသိလား"

"နိုးနိုးနားလည်ပါတယ်၊ ဒါပေမဲ့"

"အဲဒီဒါပေမဲ့ကို ထား။ ကိုယ့်သိက္ခာထက် ပိုအရေးကြီးတာက မင်းရဲ့သိက္ခာဆိုတာသိရင် နိုးနိုး ဝင်မပါနဲ့၊ အေးအေးဆေးဆေးပဲနေ"

သမားခြေလှမ်းတွေ ဆက်လျှောက်သွားတော့ နိုးနိုးဆက်မလိုက်ဖြစ်ဘဲ နေရာမှာတင် ရပ်ကျန်ခဲ့၏။ တကယ်ဆို သမားစိတ်ဆိုးမယ်ဆိုလည်း ဆိုးစရာပါလေ။ နိုးနိုးလိုမိန်းကလေးတစ်ယောက်ကို သူလိုလူက သူများသနားလို့ ချန်ထားပေးမှ ချဉ်းကပ်ခွင့်ရမယ့်လူမျိုးမှမဟုတ်တာ။

❀❀❀



## အခန်း (၁၈)

ဦးကမ္ဘာကျော်နှင့် ဦးမျိုးသိုက်တို့နှစ်ယောက် မြက်ခင်းပြင်ပေါ်မှာ အေးအေးလူလူစကားပြောနေကြ၏။ သမားက သူတို့နှင့်မနီးမဝေးမှာ ဂစ်တာတစ်လက်ကို ရင်ခွင်ထဲမှာပိုက်လျက် တီးတာလည်းမဟုတ်ဘဲ တစ်နေရာရာကို ရီဝေဝေလေး ငေးမောနေသည်။

ဦးမျိုးသိုက်က ကုတ်တစ်ဘူးကိုယူ၍ ဖောက်လိုက်ရင်း တူဖြစ်သူကို တစ်ချက်ငဲ့ကြည့်ပြီးမှ ဦးကမ္ဘာကျော့်ဘက်သို့ ပြန်လှည့်ကာ...

"ကိုကမ္ဘာကို ကျွန်တော် မေးမယ်...မေးမယ်နဲ့ မမေးဖြစ်ဘူး ဖြစ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ ကိုမျိုးသိုက်ရဲ့"

"ကျွန်တော့်ကို ယောက်ျားကြီးတန်မဲ့ စပ်စုတယ်လို့တော့ မထင်နဲ့နော်။ အိမ်နီးချင်းတွေဆိုတော့ သိထားသင့်တယ်ထင်လို့ ပါ"

"ပြောနေစရာလူတွေလား ကိုမျိုးသိုက်ရယ်၊ မေးမှာသာ မေးစမ်းပါ"

ဦးမျိုးသိုက် ဖောက်ထားသောကုတ်ဘူးကို ဦးကမ္ဘာကျော် ရှေ့သို့ ချပေးလိုက်သည်။ နောက်ထပ်တစ်ဘူးဖောက်ပြီးမှ သူ့ ရှေ့မှာ ချ၏။

"ဝက်ပါနဲ့အမြွတ်တနိုးကို ကိုကမ္ဘာတို့ လက်ထပ်ပေးဖို့ တွေဘာတွေများ ရည်ရွယ်ထားသလားလို့ပါ"

"ကိုမျိုးသိုက်က အမွှေးမြင်အပင်သိနေတာပဲ။ ဒါကြောင့် ကျွန်တော်လေးစားရတဲ့ ကိုမျိုးသိုက်ဖြစ်နေတာပေါ့"

"ဒါဆို ဟုတ်တယ်လို့ ဝန်ခံတာပေါ့"

ဦးကမ္ဘာကျော် ကုတ်ဘူးကိုကောက်ယူ၍ မော့သောက် ပြီးမှ ပြန်ချထားလိုက်ကာ...

"ရည်ရွယ်တာတော့ အမှန်ပဲ ကိုမျိုးသိုက်ရေ။ ဒါပေမဲ့ မြားနတ်မောင်က မြားကို မျက်စိစုံမှိတ်ပြီး ပစ်နေသလားမသိပါ





ဘူးဗျာ"

"ဗျာ"

"ကျွန်တော်လည်း ကိုယ်ချစ်တဲ့သူကို ယူလာခဲ့တော့ ကလေးတွေကိုလည်း သူတို့ဆန္ဒမပါဘဲနဲ့ အတင်းမစီစဉ်ချင်ဘူး။ ပေါင်းကြရမှာက သူတို့လေ"

"ဒါဆို ကလေးချင်းက အဆင်မပြေကြဘူးလား"

ဦးမျိုးသိုက် ဒီစကားတွေ မေးနေရတာ အကြောင်းရှိ လို့ပါ။ တကယ်လို့ အမြွတ်တနိုးဆိုတဲ့မိန်းကလေး ဝက်ပါနဲ့အဆင် မပြေဘူးဆိုရင် ကိုယ့်တူလေးနှင့် လက်ဆက်ပေးချင်သည်။ ကောင် မလေးက ရည်ရည်မွန်မွန်လေးနှင့်မို့ သဘောကျတာထက်၊ ဒီ ကောင်မလေးနှင့်ကျမှ သမားအသွင်တွေ ထူးနေသလားလို့ပါ။ မိန်းကလေးအပေါင်းအသင်းမထားတဲ့ကောင်က အမြွတ်တနိုးကို ကျမှ ဂရုစိုက်ခင်တွယ်နေသည်လို့ ထင်ရသည်လေ။

"ဘယ်လိုပြောရမှန်းကိုမသိအောင်ပါဘဲ ကိုမျိုးသိုက်ရာ၊ ကျွန်တော့်သားက နိုးနိုးကို အဖက်မတန်သလို ဆက်ဆံနေတာ ဗျ။ အဲဒါ အရင်ကလေ။ အခုကျတော့ သူ့ဘက်က လျှော့သွား သလိုတော့ ထင်ရတယ်။ နိုးနိုးက ဒီကိစ္စကိုမသိသေးတော့ ပုံမှန် ပဲ။ ကျွန်တော်တို့ဘက်က ဖွင့်ပြောဖို့သင့်တော်ပါ့မလားလို့ စဉ်း



www.burmeseclassic.com

www.burmeseclassic.com



စားနေရတာ ဦးနှောက်တွေ ရေခဲစိမ်ရတော့မယ်ထင်ပါရဲ့''

''ဒါဆိုရင် သူတို့စိတ်ကြိုက်ကို ရွေးချယ်ကြပါစေဗျာ။ ကလေးတွေမှမဟုတ်ကြတာ။ အဆိုးအကောင်းကို သူတို့ခွဲခြားတတ်နေပြီပဲ''

''ကျွန်တော့်အထင်ပြောရရင်တော့ သူတို့ရဲ့ သုံးပင်လိမ်ကြိုးက ရှုပ်တော့မယ်ထင်တယ်''

''ဘယ်လို''

ဦးကမ္ဘာကျော် သက်ပြင်းချပြီး သမားရှိရာဘက်သို့ ငဲ့ကြည့်သည်။ ငယ်ရာက ကြီးလာသူတွေမို့ ဖြစ်တတ်တဲ့သဘောတရားကို ချောင်ထိုးပြီး လိုချင်တာ ကွက်ကြည့်လို့မှမဖြစ်တာ။ ဝက်ပါက ပွင့်လင်းပြီး သမားက မျိုသိပ်တတ်သူ။

ပြီးတော့ ဝက်ပါက ပျော့လွယ်မာလွယ် တိမ်းညွတ်လွယ်ပြီး သမားက စိတ်ခေတ်ခိုင်မာသူ။ လောလောဆယ်အဖို့မှာ အနေနီးစပ်နေတာက သမားနှင့်နိုးနိုးပဲဖြစ်ကာ၊ ဝက်ပါက တင်းနေတဲ့ကြိုးကို ခုမှဖြည်းဖြည်းချင်းလျှော့ဖို့ ကြိုးစားနေတော့၊ နိုးနိုး ဘယ်ဘက်ကို တိမ်းပြီး၊ ဘယ်လိုယိမ်းမှာလဲကိုသာ စောင့်ကြည့်နေရမည့်အဖြစ်ပါ။

''ကိုကမ္ဘာပြောတဲ့ သုံးပင်လိမ်ကြိုးဆိုတာက''





''သမားနဲ့ နိုးနိုးများ. . .''

ဦးကမ္ဘာ အားနာသလို စကားကိုမဆက်ဘဲ ဖြတ်ထားလိုက်၏။ ဒါကို ဦးမျိုးသိုက်က သဘောပေါက်စွာနှင့်သာ. . .

''သမားတော်ဆိုတဲ့ ကျွန်တော့်တူက သူများရင်ထဲက ဝေဒနာတွေကိုသာ ကုစားပေးမယ်၊ သူကိုယ်တိုင်က သူများရင်ထဲကို ဝေဒနာတွေ ထည့်မပေးဘူးဆိုတာ ကျွန်တော် ယုံကြည်တယ် ကိုကမ္ဘာ။ အထူးသဖြင့် ဝက်ပါ့အပေါ်မှာ သူ သစ္စာဖောက်မှာမဟုတ်ပါဘူး။ ဒါကြောင့် စိတ်ပူရမယ့်သူက ကျွန်တော်ဖြစ်နေတယ်''

''ဒီလောက်ကြီးလည်း စိတ်မပူပါနဲ့ ကိုမျိုးသိုက်ရယ်။ ကျွန်တော်တို့က ပရိသတ်လုပ်ပြီး နိုးနိုးရဲ့ရွေးချယ်မှုကိုပဲ စောင့်ကြည့်လက်ခံကြတာပေါ့''

တရားမျှတစွာ ဆုံးဖြတ်လိုက်ကြပေမယ့် ရင်ထဲမှာတော့ ကိုယ့်သွေးသားအတွက် အတ္တကိုယ်စီရှိနေကြမည်သာ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"မဟုတ်ဘူး။ အဲဒီလိုမဟုတ်ဘူးလေ။ ဘက်တံကို ဘယ်လိုကိုင်နေတာလဲ"

တင်းနစ်ရိုက်တာ သင်ပေးပါဆိုလို့ သမားက စိတ်ရှည်လက်ရှည်နှင့် နိုးနိုးကို သင်ပေးနေတာပါ။ ဝင်္ကပါက ဘေးကနေထိုင်ကြည့်နေ၏။ အဖြူရောင်အားကစားဝတ်စုံနှင့် အမြွတ်တနိုးပုံစံလေးက ချစ်စရာကောင်းနေသည်။ ခပ်မြင့်မြင့်လေး စည်းထားသော ဆံနွယ်ပျော့လေးတွေက သမားကို ပြန်ငဲ့အကြည့်မှာ ခါသွားလေ၏။

"ဒီလိုလေ၊ ဒီဘက်လက်က ဒီလိုကိုင်ရတယ်"

သမားက နိုးနိုးနောက်ကျောဘက်နေကျော်ပြီး နိုးနိုးလက်



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုင်၍ လက်အနေအထား နေရာချပေးစဉ်၊ သမားရင်ဘတ်မှာ နိုးနိုးကျောပြင်လေး ကပ်သွား၏။ ဒါကိုမြင်ပြီး ဝက်ပ့ါစိတ်ထဲမှာ အလိုမကျမှုတွေ ဖြစ်တည်လျက် ဘာတွေဖြစ်ကုန်မှန်းမသိ။

"သမား"

"ဟင်"

"သူ့ကိုထားလိုက်၊ သင်မနေနဲ့တော့"

"ဘာဖြစ်လို့လဲ"

"မင်းနဲ့ငါ ကစားရအောင်"

"ဝက်ပါကလည်း နိုးနိုးက မတတ်သေးလို့ သင်ခိုင်းနေတဲ့ဟာကို။ တတ်ပြီးသားလူတွေက ဘယ်အချိန်ပဲ ကစားကစား ရနေတာကိုများ"

ငယ်ငယ်ကတည်းက ပေါင်းလာခဲ့သည့် သူငယ်ချင်းမို့ ဝက်ပ့ါစိတ်ထဲမှာ ဘာဖြစ်သည်ဆိုတာကို သမားသိသည်။

"ငါသွားစရာရှိသေးလို့ ခုပဲပြန်တော့မှာကွ။ နောက်နေ့မှ မင်းနဲ့ငါ ကစားကြတာပေါ့။ လောလောဆယ် နိုးနိုးကို မင်းပဲ ဆက်သင်ပေးလိုက်ပါကွာနော်။ တတ်ချင်တဲ့သူ့ခမျာ သနားပါတယ်"

"ဝက်ပါက သမားလောက် စိတ်မရှည်ဘူး သမားရဲ့။





နိုးနိုးဆိုရင် အော်ဖို့ငေါက်ဖို့ပဲ စဉ်းစားနေတာ"

"အရင်က စိတ်မရှည်ပေမယ့် အခု စိတ်ရှည်ချင် ရှည်နေမှာပေါ့ နိုးနိုးရဲ့။ ဟုတ်တယ်မို့လား ဝက်ပါ၊ နိုးနိုးကို တင်းနစ်ရိုက်သင်ပေးဖို့ မင်းပဲ တာဝန်ယူလိုက်တော့ကွာ။ ငါသွားပြီ"

"ဟာ! ဟော့ကောင်"

ဝက်ပါ တားဆီးချိန်ပင် မရလိုက်ပေ။ သမားထွက်သွားတာကို ကြောင်ငေးကြည့်နေရာမှ နိုးနိုးလည်း ဝက်ပ့ါရှေ့က ထွက်သွားဖို့ ခြေလှမ်းပြင်လိုက်တော့ . . .

"ဟိတ်!"

"ဟင်"

နိုးနိုးရဲ့လက်ကောက်ဝတ်လေးကို ဝက်ပါ ဖမ်းဆုပ်ထားလိုက်၏။

"ဒါက ဘယ်ကိုလဲ"

"သင်ပေးမယ့်သူမှ မရှိတော့တာ၊ အိမ်ထဲဝင်တော့မှာပေါ့"

"ဘာ!"

လက်က ပို၍တင်းဆုပ်မိသွားတော့ နိုးနိုးမျက်နှာလေး မဲ့ကာနဲ့ဖြစ်သွားသည်။ လက်က နာသွားတာလေ။ ဝက်ပါက မူ



www.burmeseclassic.com

www.burmeseclassic.com



မှောင်ကြုတ်ကြည့်လိုက်ပြီး . . .

"မင်းက သမားတစ်ယောက်တည်းကိုမှ ဒီတော်တယ် တတ်တယ်လို့ ထင်နေတာလား နိုးနိုး"

"ဝက်ပါကမှ သင်မပေးနိုင်တာ"

"ဘယ်သူက သင်မပေးဘူးပြောလို့လဲ"

"ဒါဆို သင်ပေးမယ်ပေါ့"

"ပေးမယ်"

နိုးနိုးမျက်နှာလေး ပြုံးသွားလေ၏။ ထိုအပြုံးလေးကိုပဲ အမိအရဆုပ်ဖမ်းလိုက်မိတာ ရင်ထဲမှာ။ ဝက်ပါ နိုးနိုးကိုငေးစိုက်ကြည့်နေသဖြင့် နိုးနိုးမနေတတ်စွာ ခေါင်းလေး ငုံ့လိုက်မိသည်။ ဆက်ရပ်နေရမလား ရှောင်ထွက်သွားရမလား စဉ်းစားနေဆဲမှာပဲ . . .

"ကဲ . . . လာ"

သူ့ပဲ နိုးနိုးလက်ကိုဆွဲခေါ်ပြီး တင်းနစ်ရိုက် သင်ပေးလေသည်။ နိုးနိုး ဝက်ပါရဲ့ဂရုစိုက်မှု ယုယမှုတွေကို လိုချင်တောင့်တနေခဲ့တာ ကြာပြီ။ အခု သူ့ဂရုစိုက်တော့လည်း ခံစားမှုက ဘာမှ မထူးခြားပါလား။ သူနဲ့အတူရှိနေရချိန်လေးမှာ ရင်ခုန်တတ်တာလေးရှိပေမယ့် ရင်ထဲမှာ မပြည့်စုံသလို ဟာတာတာဖြစ်နေတာ





ဘာကြောင့်မှန်းမသိ။

"နိုးနိုးမောနေပြီ၊ ခဏနားဦးမယ်"

ပြောပြီး နိုးနိုးထိုင်ချလိုက်တော့ ဝက်ပါလည်း နိုးနိုးဘေးမှာ ထိုင်လေ၏။ ညိုညိုက အချိုရည်ပုလင်းတွေ လာပို့တော့ နိုးနိုးလှမ်းယူပြီး ဝက်ပါ့ကိုလည်းပေးသည်။ ညိုညိုပြန်ထွက်သွားတော့ . . .

"နိုးနိုး"

"ဟင်"

"နိုးနိုးကို ကိုယ်မေးစရာရှိတယ်"

"အင်း . . . မေးလေ"

"ကိုယ်နဲ့နိုးနိုးကို လူကြီးတွေက သဘောတူခဲ့ကြဖူးတယ် ဆိုတာ နိုးနိုးသိလား"

နိုးနိုး ခေါင်းမညိတ်ခေါင်းမခါနှင့် ငြိမ်သက်နေသည်။

"ကိုယ် ဝန်ခံပါတယ်၊ အစကတော့ ကိုယ် နိုးနိုးကို လုံးဝစိတ်ဝင်စားလို့ မရခဲ့ဘူး"

"အခုရော"

"အခုစိတ်ဝင်စားတာထက် ပိုနေတာ သေချာတယ်။ သမားနဲ့မင်း ရင်းနှီးလွန်းတာကို ကိုယ်မကြိုက်ဘူးကွာ။ မင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



သမား ဒီထက်ပိုရင်းနှီးသွားမှာကို ကိုယ်စိုးရိမ်နေမိတယ်။ အဲဒါ ဘာကြောင့်လဲ နိုးနိုးသိလား''

''ဒါတော့ ဝက်ပါ အတွေကြီးတာပါ''

''အင်း. . . ပြောလို့ရပါတယ်၊ ခုတလော ကိုယ့်စိတ်ထဲ မကြည်လင်ဘူးဖြစ်နေတယ်လေ။ အဲဒါ နိုးနိုးနဲ့ပတ်သက်နေတယ် နိုးနိုး။ ဖြစ်နိုင်ရင် နိုးနိုးနဲ့သမားကို ခပ်ကင်းကင်းပဲ နေစေချင်တယ်''

နိုးနိုး အလန့်တကြားပုံစံနှင့် ဝက်ပါကိုကြည့်လိုက်သည်။ သမားနဲ့ခပ်ကင်းကင်းနေပါတဲ့လား။ ပြောထွက်ရက်လိုက်တာ ဝက်ပါရယ်။ နိုးနိုးက သမားနဲ့တွေ့မှ သူ့ရဲ့လောင်းပေါ်ဝင်းသင် ပေးလို့ အညွန့်တလူလူ အဖူးဆင့်လာတဲ့ ပန်းလေးတစ်ပင်ပါ။

အားငယ်နေတဲ့နိုးနိုးကို အားပေးစကားတွေနဲ့ ခွန်အား ဖြည့်ပေးခဲ့တာ သမား၊ နေခြည်မတိုးလို့ ကုတ်ကျိုးကျနေတဲ့ပန်း ပင်လေးကို ပြုပြင်လန်းဆန်းစေခဲ့တာလည်း သမားပါ။ ဒီလို သူငယ်ချင်းကောင်းတစ်ယောက်ကို အကြောင်းမဲ့သက်သက်တော့ စိမ်းကားရက်စက်ဖို့ မဖြစ်နိုင်ပါဘူး ဝက်ပါ။

''ကိုယ်ပြောတာ ကြားရဲ့လား နိုးနိုး''

''သမားက ဝက်ပါရဲ့အချစ်ဆုံးသူငယ်ချင်းပဲလေ''





''သူငယ်ချင်းက သူငယ်ချင်းပဲလေ၊ နိုးနိုးနဲ့ပတ်သက်ရင်း ကိုယ် သဘောထားမကြီးနိုင်ဘူး''

''အဲဒီစကားကို ယမင်းသဇင်ရှေ့မှာ ပြောပါလား''

''ကိုယ်မပြောရဲဘူးထင်လို့လား။ ယမင်းသဇင်ရှေ့မှာတင် မဟုတ်ဘူး၊ ဘယ်သူ့ရှေ့မှာဖြစ်ဖြစ် ကိုယ်ပြောရဲတယ်''

''အဟွန်း. . .''

နိုးနိုးရဲ့အပြုံးက ဝမ်းသာလှိုက်လှဲခြင်းများ ကင်းမဲ့နေသည်။ ဝက်ပါ့ကိုမျှော်လင့်ခဲ့မိတာ မှန်ပေမယ့် သမားနဲ့ကင်းကင်း နေပေးဖို့ကျတော့ လက်မခံနိုင်။ သမားက နိုးနိုးယုံကြည်အားကိုး ရတဲ့သူငယ်ချင်းကောင်းတစ်ယောက်ပဲလေ။

''နိုးနိုးဆီမှာ ကိုယ့်ဆီက ရထားတဲ့ သော့ချိတ်ကလေး ရှိသေးလား''

''မရှိတော့ဘူး''

''ဟင်!''

ညာလို့မရတဲ့ကိစ္စကို ဘာလို့ဖုံးကွယ်ထားရမှာလဲ။ ဝက်ပါ့ ဆီက သော့ချိတ်နဲ့ သမားဆီက သော့ချိတ်မှာ သူတို့နှစ်ယောက် ရုပ်ပုံလေးတွေ ပါတာချင်းတူပေမယ့် မတူတာက ရှိနေသေးသည်။ ဝက်ပါ့ဆီကရတဲ့သော့ချိတ်မှာ ဝက်ပါက အဝါရောင်အင်္ကျီနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး သမားက အပြာရောင်အကျီနှင့်ပါ။

သမားဆီက ရတဲ့သော့ချိတ်ကျတော့ သမားက အပြာရောင်အကျီနှင့်ဖြစ်ပြီး ဝက်ပါက အနက်ရောင်အကျီနှင့်လေး လိုသော့ချိတ်ပုံစံနှစ်မျိုးလုံးက သူတို့နှစ်ယောက်လုံးဆီမှာ ရှိ တာမှန်ပေမယ့် နိုးနိုးလက်ထဲကိုရောက်လာတဲ့ သော့ချိတ်ပုံစံ ဝက်ပါ မှတ်မိချင်မှတ်မိနေမှာပေါ့။

ပုံစံနှစ်မျိုးလုပ်ပြီး တစ်မျိုးစီကို တစ်ယောက်တစ်ခု ခွဲယူထားတာလို့ အန်တီပြောပြခဲ့ဖူးသည်။

''ဘယ်ရောက်သွားလို့ မရှိတော့တာလဲ နိုးနိုး''

''နိုးနိုးတို့ အက်ဆီးဒင့်ဖြစ်တဲ့နေ့က ပျောက်သွားခဲ့တာ''

''ဒါဆို ကိုယ်တစ်ခုထပ်ပေးမယ်လေ၊ ယူမယ်မဟုတ် လား''

ဝက်ပါ့မျက်နှာကို တွေတွေကလေးမော့ကြည့်ပြီးမှ နိုးနိုး ခေါင်းညိတ်လိုက်သည်။

''အင်း. . . ဟိုတစ်ခါနဲ့မတူတဲ့ဒီဇိုင်းလေး ပေးမယ်။ ခဏ စောင့်နော်''

''ဝက်ပါ''

''ဟင်''





ထသွားတော့မည့် ဝက်ပါ့လက်ကို လှမ်းဆွဲလိုက်ပြီးမှ နိုးနိုးကတန်းနှင့် ကိုယ့်လက်ကို နိုးနိုးပြန်ရုတ်လိုက်၏။

''ဘာလဲ နိုးနိုး''

''ဟိုတစ်ခါ ဒီဇိုင်းမျိုးပဲပေးပါ''

''အပြောင်းအလဲလေး ဖြစ်သွားအောင်ပါ နိုးနိုးရဲ့''

''ဟင့်အင်း. . . နိုးနိုးမပြောင်းလဲချင်ဘူး''

''ကဲ. . . ပြီးရောဗျာ''

ဝက်ပါ ခပ်သုတ်သုတ်ကလေး အိမ်ထဲဝင်သွားပြီး ပြန် ထွက်လာသည်။ နိုးနိုးဘာဖြစ်နေတာလဲ။ ဝက်ပါ ကိုယ့်အပေါ် ရောက်ရှိလာတဲ့အတွက် ဝမ်းသာရမယ့်အစား သမားပြန်သွား တဲ့အတွက်ပဲ စိတ်မကောင်းဖြစ်နေမိသည်။

သမား တမင်ရှောင်ထွက်သွားတာကို နိုးနိုးမသိဘဲ နေ မှာလား။ ဝက်ပါနဲ့နိုးနိုး နှစ်ယောက်စလုံးကို စိတ်ချမ်းသာစေချင် ခဲ့တာလေ။

''ရော့! နိုးနိုး''

နိုးနိုးလက်ထဲသို့ သော့ချိတ်ကလေး ထည့်ပေးတဲ့ဝက်ပါ့ မျက်နှာက ပြုံးချိုနေသည်။ နိုးနိုးမျက်နှာလေးကို စိုက်ကြည့်နေ ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ကစပြီး ကိုယ်တို့နှစ်ယောက် ကျောင်းအတူသွား ကြမယ်နော်"

"သမားကရော"

"သူ့မှာလည်း ကားရှိတာပဲဟာ၊ ခြေချင်းလက်ချင်း ... နေကြတာမှမဟုတ်တာ နိုးနိုးရဲ့။ သူ့ဘာသာ သွားလိမ့်မယ်ပေါ့"

"ဝက်ပါ"

"ဟင်"

"နိုးနိုးက နောက်မှပေါက်တဲ့ ရွှေကြာပင်ပါ ဝက်ပါရယ်၊ သမားနဲ့စိတ်ဝမ်းမကွဲပါနဲ့နော်"

ဝက်ပါ မျက်မှောင်ကြုတ်သွားပြီး စိတ်ထဲမှာ နိုးလို့ ... ဖြစ်သွားသည်။ သမားအပေါ်မှာ သူစိတ်ကွက်နေတာမှမဟုတ် ဘဲ၊ နိုးနိုးနှင့်နီးစပ်သွားမှာစိုးတာကလွဲရင် သမားက ထာဝရ သူ့ ... အချစ်ဆုံးသူငယ်ချင်းပါ။

"သမားကို နိုးနိုးခင်တယ်။ မခေါ်မပြောဘဲတော့ နိုး... မနေနိုင်ဘူး ဝက်ပါ"

အတိအလင်းကြေငြာလိုက်သည့်မို့ ဝက်ပါ သက်ပြင်း... လေးချ၍ ခေါင်းညိတ်လိုက်ရသည်။ သူ ဘာလို့ လိုက်လျှောတ... သွားတာလဲ။

❦❦❦



## အခန်း (၂၀)

နိုးနိုးမရောက်တာ ကြာပြီဖြစ်တဲ့ ကိုယ့်အိမ်သို့ သတိရ၍ ပြန်လာခဲ့သည်။ ကိုယ့်အိမ်ကိုယ်ပြန်လာတာဆိုတော့ တစ်ယောက်တည်းပေါ့။

နိုးနိုးကားလေး ခြံဝင်းထဲသို့ ရောက်သည်နှင့် ခြံဝင်းတံခါးက ပိတ်သွား၏။

"ဦးလေး"

နိုးနိုး ကားပေါ်ကဆင်းလိုက်တာနှင့် ဦးချစ်မောင်ကို အော်ခေါ်လိုက်သည်။ ခြံတံခါးလာဖွင့်ပေးတာက ဦးချစ်မောင်မဟုတ်ဘဲ အသားမည်းမည်း ဆံပင်ကောက်ကောက်နှင့် လူတစ်ယောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး . . . ဦးလေး ဦးချစ်မောင်"

"လာပြီ"

ဦးချစ်မောင် ကားဂိုဒေါက်ဘက်ကနေ ခပ်သုတ်သုတ် ထွက်လာ၏။

"နိုးနိုး ပြန်လာတာကိုး"

"ဟုတ်တယ် ဦးလေး၊ ဖေဖေ့ကိုသတိရတာနဲ့ ဖေဖေ့ အငွေ့အသက်တွေရှိနေတဲ့ ဒီအိမ်ကိုပြန်လာခဲ့တာ။ ဦးလေးတို့ ရော နေရတာ အဆင်ပြေရဲ့လား။ ဘာတွေလိုအပ်သေးလဲ၊ လို အပ်တာရှိရင် နိုးနိုးကိုပြောလေ"

"ဘာမှမလိုပါဘူး"

နိုးနိုး ခြံဝါးခါးဆီကနေ အိမ်ဘက်ကိုပြန်လျှောက်လာ တဲ့လူကို လှမ်းကြည့်လိုက်ရင်း . . .

"ဟိုက လာနေတာ ဦးလေးရဲ့တူဆိုတာလား"

"ဟုတ်တယ် နိုးနိုး၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ နိုးနိုးနဲ့မိတ်ဆက်ပေးဦးလေ"

ဦးချစ်မောင် ခေါင်းညိတ်လိုက်ပြီး . . .

"ဟေ့ကောင် ကျော်ထင်၊ ဒီကိုလာဦး"

ခေါ်ပုံက အမိန့်ဆန်ဆန်ပါ။ အင်းလေ . . . တူဝရီးဆို





တော့ ဒီလိုတွေရှိချင်ရှိမှာပေါ့လို့ နိုးနိုးတွေးနေတုန်းမှာ မျက်ဝန်း ထောင့်၌ အရိပ်တစ်ခု ဖြတ်သွားသည်။

"ဟင်! "

နိုးနိုးလှည့်ကြည့်လိုက်တော့ အသားလတ်လတ် အရပ် ရှည်ရှည်နှင့်လူတစ်ယောက်က အိမ်၏မျက်နှာစာနံရံကိုမှီ၍ ပန်းသီး တစ်လုံးကို မာနနှင့်စိတ်၍ စားနေသည်။

"ဦးလေး"

"ဟင်"

"ဟိုလူကရော ဘယ်သူလဲဟင်"

"သူလည်း ဦးလေးရဲ့တူပဲလေ"

"ဦးလေးခေါ်ထားဖို့ပြောတာ တစ်ယောက်ပဲလေ"

ဦးချစ်မောင် ဘာမှပြန်မပြောခင် ကျော်ထင်ဆိုတဲ့လူ အနားသို့ရောက်လာ၏။ ဦးချစ်မောင်က ပန်းသီးစားနေသူဘက် သို့လှည့်၍ ခေါ်လိုက်ပြန်သည်။

"ကျော်ဇင် . . . မင်းပါ လာဦး"

ကျော်ဇင်ဆိုတဲ့လူက ပန်းသီးစိတ်ကို ပါးစပ်ထဲသို့ထည့် ရင်း နိုးနိုးကို ပေစောင်းစောင်းနှင့်လှမ်းကြည့်သည်။ ပြီးမှ မထီ တရိုပုံစံနှင့် တစ်လှမ်းချင်းလျှောက်လာ၏။ ပုံစံတွေက လူမိုက်



www.burmeseclassic.com

www.burmeseclassic.com



ပုံပေါက်နေသဖြင့် နိုးနိုး ကျောပင်ချမ်းလာသလိုလိုပါ။

"သူက ကျော်ထင်တဲ့၊ သူကတော့ ကျော်ဇင်။ သူတို့နှစ်ယောက်က ညီအစ်ကိုတွေလေ။ အစကတော့ ကျော်ဇင်တစ်ယောက်တည်းကို ခေါ်ထားဖို့ပါ။ အခုကျော်ထင်က မိန်းမနဲ့ကွဲလာပြီး နေစရာမရှိဘူးဆိုလို့ သူ့ကိုပါခေါ်ထားဖြစ်သွားတာလေ။ နိုးနိုး မထားစေချင်ဘူးဆိုရင်"

"အို . . . နိုးနိုး အဲဒီသဘောမျိုးနဲ့မေးတာ မဟုတ်ပါဘူး ဦးလေးရယ်၊ တစ်ယောက်ဆိုပြီး နှစ်ယောက်ဖြစ်နေလို့ သိချင်ရုံ မေးကြည့်တာပါ"

နိုးနိုး စကားကိုလွှဲချလိုက်ရ၏။ အခုချိန်ကျမှ အိမ်ထဲမဝင်ဘဲ ပြန်ထွက်သွားလို့ကလည်း မဖြစ်ပေ။ ရောက်တုန်းရောက်ခိုက် ကိုယ့်အိမ်ထဲတော့ ဝင်ကြည့်ချင်သေးတာက တစ်ကြောင်း၊ ကိုယ် ကြောက်စိတ်ဝင်သွားမိတာကို သူတို့ရိပ်မိသွားမှာကို စိုးရိမ်တာက တစ်ကြောင်းကြောင့် . . .

နိုးနိုး . . .

စိတ်ကိုတင်း၍ အိမ်ထဲဝင်ဖို့ ဆုံးဖြတ်လိုက်သည်။ နိုးနိုး တစ်ယောက်တည်း ပြန်လာခဲ့မိတာ မှားပြီလား။ ဘာမှန်းမသိရသေးပေမယ့် ကိုယ့်ဘာသာပဲ အပြစ်တင်နေမိ၏။ ဝက်ပါဖြစ်ဖြစ်





သမားဖြစ်ဖြစ် ခေါ်လာခဲ့ရအကောင်းသားလို့လည်း နောင်တရနေမိသည်။

"အခု ဦးလေးရှင်းပြပြီးပြီဆိုတော့ နိုးနိုး အိမ်ထဲဝင်မှာဝင်လေ"

"ဟုတ် . . . ဟုတ်ကဲ့"

"ကျော်ဇင်"

"ဗျာ"

"နိုးနိုးနဲ့အဖော် မင်းလိုက်သွားလိုက်"

"ဟုတ်ကဲ့"

"နေ . . . နေပါစေ ရပါတယ်၊ နိုးနိုးဘာသာပဲ သွားလိုက်ပါ့မယ်"

"ဒါဆိုလည်း သွား"

နိုးနိုးပြုံးပြပြီး လှည့်ထွက်သွားဖို့ ခြေလှမ်းပြင်လိုက်စဉ်မှာပဲ ခြံဝသို့ ကားတစ်စီး ထိုးဆိုက်လာသည်။ နိုးနိုးကြည့်လိုက်တော့ ဝက်ပါ့ကားမို့ အားတက်သွားသည်။

"ဝက်ပါ လိုက်လာတယ်ထင်တယ်"

"ဘယ်က ဝက်ပါလဲ နိုးနိုး"

ဦးချစ်မောင် မေးလိုက်ပုံက မနှစ်မြို့ဟန်နှင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ဟို. . . နိုးနိုးနေတဲ့အိမ်က ဦးကမ္ဘာကျော်ရဲ့သားပါ။ သူ့ကို ခြံတံခါးသွားဖွင့်ပေးလိုက်ပါဦး"

"ကျော်ထင်"

"ဗျာ"

"မင်းသွားဖွင့်ပေးလိုက်"

"ဟုတ်ကဲ့"

ကျော်ထင် တံခါးသွားဖွင့်ပေးတော့ ဝက်ပ့်ကားက ခြံထဲသို့ဝင်လာသည်။ ဒီအချိန်မှာရောက်လာပေးတဲ့အတွက် ထိုင်ပြီးတောင် ကန်တော့လိုက်ချင်၏။

"နိုးနိုး"

"ဝက်ပ်"

"ဘာလို့ တစ်ယောက်တည်းပြန်လာတာလဲ၊ ပြန်ချင်တယ်ဆို ကိုယ့်ကိုပြောရောပေါ့။ ခုတော့ သမားပြောမှသိရတယ်။ သမားက မင်းလိုက်သွားသင့်တယ်ဆိုလို့ ကိုယ်လိုက်လာတာ"

"ဟင်! နိုးနိုး ဒီကိုထွက်လာတာ သမား ဘယ်လိုသိသွားတာလဲ"

"နိုးနိုးကိုယ်တိုင် ကားမောင်းထွက်သွားတာမြင်လို့ ညီညီ့ကို မေးကြည့်တာတဲ့"





"Thank you... "

ဝက်ပ်ကပြုံးလျက် . . .

"ဘယ်သူ့ကိုလဲ"

"သမားရော ဝက်ပ် နှစ်ယောက်စလုံးကိုလေ။ လာ၊ ဝက်ပ်။ အိမ်ထဲဝင်ရအောင်"

သူတို့ရပ်နေတာကို ဂရုမစိုက်ဘဲ ပြုံးရယ်သွားကြတဲ့ နိုးနိုးတို့နောက်ကျောဘက်မှာတော့ မကျေနပ်သောမျက်ဝန်းတွေ စူးနစ်ဝင်နေမည်သာ။ အိမ်ထဲကိုရောက်မှ နိုးနိုး နောက်ပြန်ငဲ့ကြည့်ရင်း အသံကိုနှိမ့်၍. . .

"ဝက်ပ်ရောက်လာလို့ တော်ပါသေးရဲ့ ဝက်ပ်ရယ်။ နို့မဟုတ်ရင် နိုးနိုးတစ်ယောက်တည်း ရှေ့တိုးရခက် နောက်ဆုတ်ရခက်နဲ့ ကြောက်နေတာ"

"ဟင်! ဘာဖြစ်လို့လဲ နိုးနိုးရဲ့"

"ဘာဖြစ်ရမှာလဲ၊ ဦးချစ်မောင်ရဲ့တူဆိုတဲ့နှစ်ယောက်ကိုကြည့်လေ။ လူမိုက်ရုပ်တွေနဲ့"

"ဒါနဲ့များ ဂျက်မလို စွန့်စားခန်းထုတ်ပြီး လာချင်သေးတယ်။ ကိုယ်ရောက်မလာရင် ဘယ်လိုလုပ်မလဲ"

"ရောက်မလာရင်လည်း ဝက်ပ်နဲ့သမား တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ဖုန်းဆက်ပြီး လိုက်လာခိုင်းမလို့ပါပဲ''

''ပါလာပြန်ပြီ ဒီသမား''

သမားရဲ့နာမည် နိုးနိုးပါးစပ်ဖျားမှာ ပါလာပြန်သဖြင့် ဝက်ပါ့မျက်နှာ ရှုတည်တည်ဖြစ်သွား၏။

''သူငယ်ချင်းအချင်းချင်း ဘာဖြစ်နေတာလဲ''

''နိုးနိုးပါးစပ်က သမားနာမည် ခဏခဏခေါ်တာကို ကိုယ်မကြိုက်ဘူး''

''အဲဒါ ရှင်သက်သက် အူပုပ်တာ''

''ဘာ!''

ဝက်ပါ နိုးနိုးလက်ကိုဖမ်းဆွဲလိုက်ပေမယ့် မမိပေ။ နိုးနိုးကလည်း လျင်၏။ ဝက်ပါ့ကိုထားခဲ့ပြီး အပေါ်ထပ်သို့ပြေးတက်လာခဲ့သည်။ နိုးနိုး ပထမဆုံး ဖေဖေ့ကိုသတိရွှာဖြင့် ဖေဖေ့အခန်းထဲသို့ ဝင်လိုက်၏။

ဖေဖေ. . .

လွမ်းဆွတ်တမ်းတစွာ ရင်ထဲမှာခေါ်ကြည့်ရင်း ဖေဖေ့စားပွဲပေါ်က ဖေဖေ့ဓာတ်ပုံလေးကို နိုးနိုးစိုက်ကြည့်ကာ မျက်ရည်တွေ ဝဲလာမိ၏။ လွမ်းလိုက်တာဖေဖေရယ်လို့ ဖေဖေကြားအောင် ဘယ်လိုပြောရမလဲ။





''ဖေဖေရယ်''

ဖခင်၏ဓာတ်ပုံကို ရင်မှာအပ်ထားမိရင်း ရင်နင့်စွာ မျက်ရည်ဥလေးတွေက အညှာမခိုင်တော့ပေ။ အတန်ကြာမှ ဓာတ်ပုံလေးကို စားပွဲပေါ်သို့ နေရာတကျပြန်တင်ပြီး ဟိုဟိုဒီဒီလိုက်ကြည့်လိုက်စဉ်. . .

''ဟင်!''

နိုးနိုးမျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားပြီး တစ်နေရာကို စူးစိုက်နေမိ၏။

''ဘုရား. . . ဘုရား''

နိုးနိုး ရင်ဘတ်ကို လက်ကလေးနှင့်ဖိ၍ ဘုရားတမိ၏။ ဘာကြောင့်လဲဆိုလျှင် ဖခင်ဖြစ်သူ၏အခန်းထဲက နံရံကပ်ဗီရိုမှာ မှန်တွေကွဲပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်လေ။

ဒါ. . . မတော်တဆလား၊ တမင်တကာလား။ နိုးနိုး သွေးပျက်လုမတတ် ချောက်ချားသွားပြီး ဖခင်၏အခန်းထဲမှ ပြန်ထွက်လာ၏။ အခန်းပြင်ကိုရောက်မှ နံရံကိုကျောကပ်ပြီး အသက်ကို ဝအောင်ရှူလိုက်သည်။ နိုးနိုးအခန်းထဲမှာရော ဘာတွေဖြစ်နေမလဲလို့ စိတ်ကို အတတ်နိုင်ဆုံးထိန်းချုပ်၍ ဆက်လျှောက်လာခဲ့ပြီး အခန်းတံခါးကိုဖွင့်လိုက်တော့. . .



www.burmeseclassic.com

www.burmeseclassic.com



"အို. . ."

"နိုးနိုး"

"အမေ့!"

"ဝုန်း. . ."

နောက်ကခေါ်သံကြောင့် နိုးနိုး အခန်းတံခါးကို လန့်ဖျပ်ပြီး ဆောင့်ပိတ်ပစ်လိုက်၏။

"ဘာဖြစ်လို့လဲ"

"ဟင့်အင်း"

တစ်ခန်းလုံး မွှစာကြဲနေသည့်မြင်ကွင်းကို ဖုံးကွယ်ပစ်လိုက်၏။ ဒီကိစ္စ ဝက်ပါသိလို့ မဖြစ်ပါဘူး။ သိသွားရင် ဟိုလူတွေကို ပြဿနာလုပ်လို့ကတော့ နိုးနိုးတို့ပဲ ပြန်လမ်းမရှိဖြစ်သွားနိုင်သည်။ ရာဇဝတ်ဘေး ပြေးမလွတ်ဘူးဆိုပေမယ့် ဥပဒေလာမှာက နောက်၊ မိနစ်ပိုင်းအတွင်းမှာ ဘေးတွေ့ပြီး ဒုက္ခရောက်မယ့်အဖြစ်မျိုးတော့ နိုးနိုးအဖြစ်မခံနိုင်ပါ။

"ဟင့်အင်းသာဆိုတယ်၊ မင်းပုံစံက ကြောက်နေသလိုပါပဲလား"

"ဟို . . . အဲဒါလေ၊ အဟွန်း! ဟို . . . ကြွက် . . . ကြွက်ဖြတ်ပေးတာကိုမြင်ပြီး လန့်သွားလို့ပါ"





"ကြွက်များ ကြောက်စရာလား နိုးနိုးရဲ့။ လူမြင်တာနဲ့ သူတို့က ပြေးရတဲ့သတ္တဝါ။ သူတို့က လူသတ်နိုင်တာမှ မဟုတ်ဘာ။ လူကသာ သူတို့ကို သတ်နိုင်တာလေ"

"ဒါတော့ဒါပေါ့ ဝက်ပါရဲ့၊ နိုးနိုးကြောက်တာက ကြောက်တာပဲလေ"

ဝက်ပါက ခေါင်းကိုမော့၍ ရယ်ကာ . . .

"ဆရာဝန်ဖြစ်မယ့်သူက ကြွက်ကိုကြောက်ရတယ်လို့မှာ . . . ဟား . . . ဟား . . . ဟား . . . ကျောင်းမှာများ နိုးနိုး ကြွက်ကြောက်ပါတယ်ဆိုတဲ့စကား သွားပြောမိလို့ကတော့ ဝိုင်းအားကြမှာ ကျိန်းသေတယ်"

နိုးနိုး သူ့ကိုဘာမှပြန်မပြောဖြစ်ပေ။ သူပြောတာလည်း ဟုတ်နေတာကိုး။ နိုးနိုးတို့လက်တွေ့လုပ်ပြီဆို ကျန်တာအပထား၊ လူသေကောင်ကိုတောင် ကိုင်ရတွယ်ရ ခွဲရစိတ်ရတာပဲလေ။

"ကဲပါ၊ ရယ်မနေနဲ့တော့။ သွားရအောင်"

နိုးနိုး ရှေ့ကနေထွက်လာတော့ ဝက်ပါလည်း နောက်ကနေ လိုက်ထွက်လာသည်။ အိမ်ထဲကနေ အပြင်ရောက်တော့ ကြွက်မောင်တို့သုံးယောက် ရှိနေဆဲ။

"နိုးနိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဪ. . . ဦးလေးတို့ ဒီနားမှာပဲ ရှိနေသေးတာကိုး"

"နိုးနိုး ဘာတွေမိန့်တော်မူဦးမလဲလို့ စောင့်နေတာပါ"

"ထွေထွေထူးထူးတော့ မရှိပါဘူး။ အိမ်ကို တစ်ပတ် တစ်ခါလောက်တော့ သန့်ရှင်းရေးပုံမှန်လုပ်ပေးပါနော်"

"အဲဒီအတွက်တော့ စိတ်ချပါ၊ ဒါနဲ့ နိုးနိုးတို့ အခန်းထဲ ထဲရော ဝင်ကြည့်ဖြစ်သေးလား"

"မကြည့်တော့ပါဘူး ဦးလေးရယ်၊ နိုးနိုး သိပ်အချိန်မ လို့ပါ"

နိုးနိုး အတတ်နိုင်ဆုံး ဟန်မပျက်အောင် အပြုံးနှင့် ဖြေ လိုက်၏။ လူထက် ဘာကများ ပိုပြီးတန်ဖိုးရှိလို့လဲ။ သူတို့ ဘာ ကိုလိုချင်လို့ ဘာပဲရှာရှာ မသိဟန်ဆောင်ပေးလိုက်ရင် ပြီးတာ ပဲ။ သူတို့ တိုက်ကိုဖြိုပြီး မြေလှန်တဲ့အထိတော့ မလုပ်ရဲပါဘူး ဟန်ကိုယ့်ဖို့တဲ့လေ။

"ဒါနဲ့ နိုးနိုး ဟိုမှာ ဘယ်လောက်ကြာကြာ နေဦးမှာလဲ"

"နိုးနိုးစိတ်တွေ အနည်ထိုင်သွားတဲ့နေ့ နိုးနိုး ပြန်လာ ခဲ့မှာပါ"

"အေးအေး. . . ကျန်းမာရေးကို ဂရုစိုက်နော်၊ ဟိုမှာ နေမှ တူမကြီး လှလာဝလာတာမြင်ရတော့ ဦးလေး စိတ်ချမ်းသာ





ပါတယ်"

ပြောပြီး ဝက်ပါကိုကြည့်ကာ ပြုံးပြလိုက်သေး၏။ ဝက်ပါ ကလည်း အပြုံးနှင့်ပဲ တုံ့ပြန်နှုတ်ဆက်လိုက်ပါသည်။

"ဒါဆို နိုးနိုးတို့ သွားတော့မယ်နော် ဦးလေး"

"အေးအေး. . . ကားကိုဂရုစိုက်မောင်းနော်"

"ဟုတ်ကဲ့ပါ ဦးလေး"

အပေါ်ယံရွှေမှုန်ကြဲပြီး အတွင်းမှာ မည်းနေသလား ဦး ချစ်မောင်ရယ် . . .



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"သား"

လသာဆောင်မှာ ဒရင်းဘက်ဒ်အပေါ်၌ အိပ်နေသော သမားအနားသို့ ဦးမျိုးသိုက် ရောက်သွားလေသည်။ နဖူးပေါ်ကို လက်တင်ထားတယ်ဆိုကတည်းက အိပ်ပျော်နေတာမဟုတ်ဘဲ တစ်ခုခုစဉ်းစားနေပြီဆိုတာသိ၏။

သမား . . .

လေးလေးလာတာကြောင့် ဒရင်းဘက်ဒ်ပေါ်မှာ ထထိုင်ပြီး လေးလေးဝင်ထိုင်လို့ရအောင် နေရာရွှေ့ပေးလိုက်၏။

"ခုတလော သားကိုကြည့်ရတာ မရွှင်လန်းသလိုပဲ။ ဘာဖြစ်နေတာလဲ၊ လေးလေးကိုပြောစမ်း! သား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူး လေးလေးရဲ့။ ပုံမှန်ပါပဲ"

"မညာပါနဲ့ . . . လေးလေးက သားကို ငယ်ငယ်လေးကတည်းက အရိပ်လိုကြည့်နေတဲ့သူပါကွာ။ သား တစ်ခုခုကို အလိုမကျဖြစ်နေတာ၊ မျက်နှာညှိုးတာ၊ လန်းတာ၊ လေးလေး အမြဲသိတယ်။ အလုပ်တစ်ဖက်နဲ့ဆိုပေမယ့် မျက်လုံးကတော့ သား မျက်နှာကိုကြည့်ပြီး အကဲခတ်နိုင်ပါသေးတယ်ကွာ"

"သား တကယ်ဘာမှမဖြစ်ပါဘူး"

ဦးမျိုးသိုက် သက်ပြင်းချလိုက်၏။ ဒီကလေး ဘယ်တုန်းကများ သူ့ရင်ထဲကခံစားချက်ကို သူများသိအောင် ရင်ဖွင့်တာရှိဖူးလဲ။ မျိုသိပ်နိုင်လွန်းသူ၊ လျှို့ဝှက်နိုင်လွန်းသူမို့ပဲ ဦးမျိုးသိုက်စိုးရိမ်ခဲ့ရတာပါ။ မှတ်မှတ်ရရပြောရလျှင် သမားတို့ ဆယ်တန်းအောင်တဲ့နှစ်ကပေါ့။

ဝက်ပါနှင့်တွဲနေသည့်ကောင်မလေးရဲ့ ပထမရည်းစားဟောင်းက ဝက်ပါ့ကိုစိန်ခေါ်သည့်စာတစ်စောင် ပို့လာတော့၊ အဲဒီစာက သမားလက်ထဲကိုမှ တည့်တည့်ရောက်သွားသည်။ ဒါကို သမားက ဝက်ပါ့ကို အသိမပေးဘဲ၊ ချိန်းတဲ့နေရာကို သူတစ်ယောက်တည်း သွားခဲ့တာလေ။

ပြန်လာတော့ ဓားဒဏ်ရာ လက်မောင်းမှာ ရလာခဲ့တာကို ဘယ်သူမှမသိအောင် နောက်ဖေးပေါက်ကနေ တိတ်တိတ်ပြန်လာပြီး သူ့ဘာသာဆေးထည့် ပတ်တီးစည်းပြီး ဟန်မပျက်နေတာ၊ အနီးကပ်နေသူ ဦးမျိုးသိုက်ပင် လုံးဝမရိပ်မိခဲ့ပေ။ နောက်အနာရှိန်နဲ့ဖျားပြီး သတိလစ်တော့မှ သိခဲ့ရသည့်အဖြစ်။

"ဒီရက်ပိုင်းမှာ လေးလေးသတိထားမိတာတော့ ဝက်ပါ သားဆီကို အလာကျဲသွားတယ်။ သားလည်း သူ့ဆီကို မသွားတော့ဘူး။ အဲဒါဘာဖြစ်လို့လဲ လေးလေးသိချင်တယ်"

"လေးလေးကလည်း သားကို တရားခံများမှတ်နေတာလား"

"တရားခံကမှ ပရိယာယ်သုံးပြီးမေးရင် အမှုပေါ်သေးတယ်။ မင်းက လက်မောင်းဓားထိုးခံရတာတောင် တစ်ချက်ညည်းပြခဲ့တာမဟုတ်ဘူး။ အဲဒါကြောင့်ပဲ စိုးရိမ်တာ"

သမား တောခဲ့ပေခဲ့တာကို လေးလေး ခုထိမမေ့နိုင်သေးပါလား။ သမား သတိတရပြုံးလိုက်ရင်း . . .

"ဘာမှစိုးရိမ်မနေနဲ့၊ ဝက်ပါ ဒီကိုမလာတာ သူလာချင်စိတ်မရှိလို့။ သူ့ဆီကို သားမသွားဖြစ်တာလည်း မသွားချင်သေးသို့ မသွားတာ။ အဲဒါထက်ပိုပြီး လေးလေး ဘာမှခေါင်းရှုပ်ခံပြီး တွေးမနေနဲ့"





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မင်းပြောမှလားကွ"

မဖြေမှန်းသိသိနဲ့မေးပြီး သိချင်တာမသိရပြန်တော့ သူ့ဒေါသတွေ ထွက်ရပြန်၏။ သမားကတော့ မတုန်မလှုပ် ကျောက်ရုပ်ကြီးအတိုင်းပါပဲ။

"သမား"

"ဗျာ"

"ငါထင်တာပြောရမလား"

"သားက ဘာဖြစ်လို့ လေးလေးက ဘာကိုထင်နေတာလဲ"

"မင်း ငါ့ကို ဆင်ဝှေ့ရန်ရှောင်စကား မပြောနဲ့။ မင်းဘာဖြစ်နေတယ်ဆိုတာ ငါသိတယ်"

"ပြောပါဦး"

ပြောပါဦးဆိုတော့ ဦးမျိုးသိုက် သမားဘက်သို့လှည့်၍ သမားမျက်နှာကိုတည့်တည့်ကြည့်ကာ. . .

"မင်း ဝက်ပါ့အပေါ်မှာ အလျှော့ပေးလွန်းတာတွေ များနေပြီ။ မင်းက ဝက်ပါထက်ညံ့တာ ဘာမှရှိတဲ့ကောင် မဟုတ်ဘူးနော်။ မင်းလည်း ယောက်ျား ငါလည်း ယောက်ျားဆိုပြီး လက်သီးချင်း ယှဉ်ထိုးရင်တောင် မင်းရဲ့လက်သီးက အရင်ထိအောင်





မင်းတော်နေတတ်နေလျက်နဲ့"

"ကျွတ်!"

သမားခေါင်းခါပြီး ထရပ်လိုက်သည်။ သူတော်နေတတ်နေတာတွေက ဝက်ပါနဲ့ယှဉ်ပြိုင်ဖို့မှမဟုတ်တာ။ ဝက်ပါကလည်း သူ့ထက်မတော်တောင် မညံ့တဲ့အရည်အချင်းများနှင့်။

"လေးလေးက သားတို့နှစ်ယောက်ကြားမှာ သွေးခွဲနေတာလား"

"ဟော့ကောင်! ငါက မင်းရဲ့ဦးလေးအရင်းခေါက်ခေါက်နော်။ လူချင်းအတူတူ မင်းက သူများကို ခြေတစ်လှမ်းအသာပေးတတ်တာကို မကြိုက်လို့ ပြောနေတာကွ။ လူတွေရဲ့သဘောတရားကို မင်းသိပါတယ်။ အဆုံးစွန်ထိပြောရရင် ခွေးတောင်မှ ကိုယ့်အိမ်ကခွေးနဲ့ သူများအိမ်ကခွေးကိုက်ကြရင် ကိုယ့်အိမ်က ခွေးကို နိုင်စေချင်ကြတာ ဓမ္မတာပဲ"

"လေးလေးကတော့ လုပ်ပြီဗျာ"

သမားရယ်ကျဲကျဲဖြစ်သွားပြီး ဆံပင်တွေကို ထိုးဖွပစ်မိ၏။ ခိုင်းနှိုင်းစရာရှားလွန်းလို့ ခွေးနဲ့မှနှိုင်းရတယ်။

"သူတို့ဘက်ကလည်း ဒီလိုပဲနေမှာပေါ့။ ကိုကမ္ဘာက သဘောကောင်းတယ်ဆိုပေမယ့် အပြင်မှာ အပြုံးဆောင်ပြီး ရှင်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ သူ့သားအတွက် အတ္တဆိုတာ မဖြစ်မနေရှိနေမှာ''

''နေပါဦး၊ လေးလေးက ဘာကိုပြောချင်တာလဲ။ သားနဲ့ဝက်ပါက ဘာဖြစ်နေကြလို့ လေးလေးကပါ လူကြီးချင်း အတ္တတွေပြိုင်ချင်နေတာလဲ။ ပြောပါဦး''

''အေး . . . ငါ့ကို လူပျိုကြီးဆိုပြီးတော့ အထင်မသေးနဲ့။ မင်းတို့မျက်လုံးတွေကိုကြည့်ပြီး ရင်ထဲမှာ ဘာရှိတယ်ဆိုတာ ငါသိတယ်''

''လေးလေးက ဘာသိတာလဲ''

''မင်း အမြွတ်တနိုးကိုချစ်နေတာလေ''

တည့်တည့်ကြီးပြောချလိုက်ပြီး လူကပါ သမားအနားသို့ရောက်လာတော့ သမားမျက်နှာလွှဲလိုက်၏။

''ငြင်းဖို့တော့ မကြိုးစားနဲ့၊ ဟုတ်ကိုဟုတ်နေတာ ငါသိတယ်။ မင်းအရွယ်ရောက်လာကတည်းက ဘယ်မိန်းကလေးကို ဂရုစိုက်ကြင်နာဖူးလို့လဲ။ အခု အမြွတ်တနိုးကျမှ''

''အဲဒါက''

''မိဘမဲ့ချင်း ကိုယ်ချင်းစာလို့ပါလို့ ပြောဦးမလို့လား။ မပြောနဲ့ . . . ငါမယုံဘူး။ မင်းက ငါ့မျက်စိအောက်မှာ ကြီးလာတဲ့ကောင်''





''ဖွတ်ကြီး စွပ်စွဲနေတော့တာပါလား လေးလေးရာ။ သားအမြွတ်တနိုးအပေါ်မှာ တကယ်ရိုးရိုးသားသားပါ''

''ဒါဆို မင်း ကျိန်ရဲလား . . . ပြော''

သမားစိတ်ရှုပ်စွာ သက်ပြင်းချလိုက်၏။ ကျိန်စာစူးတာမစူးတာတွေ သမားစိတ်မဝင်စားပေ။ ကျိန်ရလောက်တဲ့အထိတော့ သမား မညာချင်ပါဘူး။ ကျိန်စာစူးတာမစူးတာ ကိုယ့်မျက်မြင်ကိုယ်တွေ့ကြည့်ရှုလို့မရတဲ့အရာမို့ပါ။

သမားရှောင်ထွက်သွားဖို့ ခြေလှမ်းပြင်လိုက်တာနှင့် လေးလေးက သူ့ရှေ့မှာ လျှင်မြန်စွာ ပိတ်ရပ်လိုက်သည်။

''မင်း ဒီလိုရှောင်ထွက်သွားလို့မရဘူးလေ''

''လေးလေးက တကယ်ကြပ်တယ်ဗျာ''

''မင်းဝန်ခံလိုက်ရင် ပြီးသွားမယ့်ကိစ္စကို ဘာလို့ ဝန်မခံဘဲ ဆင်ဖေ့ရန်ရှောင်လုပ်နေသေးလဲ''

''ကျွတ်!''

သမား ဒုတိယအကြိမ် သက်ပြင်းချမိပြန်၏။ ဝန်ခံလိုက်ရင် တကယ်ပဲ ပြီးသွားမှာတဲ့လား။ ဝက်ပါက ကိုယ့်အချစ်ဆုံးသူငယ်ချင်းမို့ အချစ်ချင်းတူရင် စစ်ခင်းယူမယ်လို့မကြေငြာဘဲ လက်နက်ချအရှုံးပေးနေတာကို ဘာလို့များ လက်ထဲကို သတ်



www.burmeseclassic.com

www.burmeseclassic.com



နက်တွေ ထည့်ပေးချင်နေပါလိမ့်။

ပြီးတော့ . . .

ဝက်ပါက အစကတည်းက နှိုးနှိုးရင်ထဲမှာ နေရာယူခဲ့တဲ့လူ။ သမားဆိုတာက နှိုးနှိုးကို ဖေမကျူညီရှံသက်သက်ကနေ ရင်းနှီးခွင့်ရခဲ့တာလေ။ အစက စိတ်မဝင်စားပေမယ့် အခု ဝက်ပါလည်း နှိုးနှိုးကိုစိတ်ဝင်စားနေပြီ။ လူကြီးချင်းကလည်း သဘောတူခဲ့ဖူးကြတော့ ကိုယ့်ရင်ဘတ်ကိုဖွင့်ပြပြီး ငိုနေစရာမှမရှိတာ။

"လေးလေးကြိုက်သလို တွေးထင်လို့ရပါတယ်၊ ဒါက လေးလေးရဲ့စိတ်ပိုင်းဆိုင်ရာ လွတ်လပ်ခွင့်ပါပဲ"

❀❀❀



# အခန်း (၂၂)

သမားတစ်ယောက် သူငယ်ချင်းတွေနှင့် ခွဲထွက်ပြီး တစ်ဦးတည်း သီးသန့်နေဖြစ်ခဲ့တာကြာပြီ။ ကျောင်းကို နောက်ကျမှ ရောက်လာပြီး ပြန်တော့ ရှေ့ဆုံးက။ သူငယ်ချင်းတွေမေးလာရင် အကြောင်းအမျိုးမျိုးပြခဲ့တာလည်း ရိုးတယ်ကိုမရှိအောင်ပါဘဲ။ မျက်နှာချင်းဆိုင်မိကြတော့လည်း ဘာဖြစ်လို့ ညာဖြစ်လို့ဆိုတာတွေ မေးချိန်မရအောင် သမားက ဖန်တီးပစ်သူပါ။

"ဟိုမှာ သွားပြီ"

ဘုန်းမြတ် လက်ညှိုးထိုးပြရာသို့ ကြည့်လိုက်တော့ ကားဆီကို တလွှားလွှားသွားနေသောသမား။ ဘယ်သူ့ကိုမှနှုတ်မဆက်ဘဲ ပြန်တော့မည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"သမား"

သူရိယ သမားနောက်သို့ပြေးလိုက်သွား၏။ ဘုန်းမြတ်ကတော့ ပုံမှန်ခြေလှမ်းများနှင့်သာ လိုက်သွားလျှက်...

"သမား"

သမားကိုမီတာနှင့် သူရိယ လွယ်အိတ်ကြိုးကို ဆွဲထားလိုက်သည်။

"ဟော့ကောင် သမား"

"သြော်...သူရိယ"

"ဒီနေ့ရော ဘယ်သူနဲ့မှ မျက်နှာချင်းဆိုင်ပြီး စကားမပြောနိုင်ဘဲ အလောတကြီးပြန်ရတဲ့အကြောင်းလေး ပြပါဦး"

သမား ပြုံးလိုက်ပြီး...

"မပြပါဘူး"

"မပြရင် မင်း...တို့နဲ့လိုက်ခဲ့"

"ဘယ်ကိုလဲ"

"တစ်ခုခုစားရအောင်"

သမား မငြင်းသာ၍ လိုက်ခဲ့ရသည်။ ဆိုင်ထဲသို့ရောက်တာနှင့်...

"မင်း တို့နဲ့ ဘာလို့ခွဲထွက်နေတာလဲ။ အဲဒါကို ငါသိ





ချင်တယ် သမား"

"ဟုတ်တယ် သမား၊ မင်းဘာဖြစ်နေတာလဲ"

နှစ်ယောက်ညှပ်မေးလိုက်တာ သိုလှောင်ကုန်တွေ ထုတ်ပဲ့အတိုင်းပါပဲ။

"ငါနဲ့နိုးနိုးကို ဝက်ပါ တစ်မျိုးထင်နေမှာစိုးလို့ပါ"

"ဘာဆိုင်လို့လဲ"

"နိုးနိုးတို့အဖွဲ့နဲ့ တို့အဖွဲ့က ပူးပေါင်းမိနေပြီလေ။ ငါရှိနေလို့ ဝက်ပါစိတ်အနှောင့်အယှက်ဖြစ်တာမျိုး...ငါမလိုချင်ဘူး သူရိယ"

ဘုန်းမြတ်က သမားကို စူးစနဲ့ကြည့်၍...

"ဝက်ပါက မင်းကိုဘာပြောလို့လဲ"

"မပြောပါဘူး"

"ဒါနဲ့များ"

"သူတို့နှစ်ယောက် အဆင်ပြေနေတဲ့ကြားမှာ ငါက အမှိုက်ဖြစ်နေမှာစိုးလို့ပါ"

"အဲဒါ မင်းဘက်က တစ်ဖက်သတ်အတွေးလေ။ လည်ပင်းဖက်လာတဲ့သူငယ်ချင်းတွေကို ခုကျမှ သွေးကွဲစရာလား"

"ဘယ်သူက သွေးကွဲလို့လဲ၊ ဝက်ပါက အမြဲတမ်းငါ့



www.burmeseclassic.com

www.burmeseclassic.com



ရဲ့အချစ်ဆုံးသူငယ်ချင်းပဲ။ အခုက ငါ အလိုက်သိပေးနေတာဆိုတာ မင်းသိဖို့ကောင်းတယ်"

သူရိယက ငြိမ်သက်နေပြီး စားပွဲကိုတော့ လက်ညှိုးနှင့် တဒေါက်ဒေါက်ခေါက်နေသည်။ သမားနှင့် ဘုန်းမြတ် အသံတိတ်သွားပြီး ခဏအကြာမှာပဲ သူရိယအသံထွက်လာ၏။

"သမားပြောတာ ဟုတ်တယ် ဘုန်းမြတ်။ ဝက်ပါက နိုးနိုးပါးစပ်ကနေ သမားနာမည်ထွက်လာရင် သိပ်ကြိုက်တာ မဟုတ်ဘူးဆိုတာ မင်းလည်းသိတယ်"

"အဲဒါ မင်းတို့အမြင်စောင်းနေတာပါ။ ဝက်ပါက နိုးနိုးကို သမားနာမည်ထည့်မပြောနဲ့၊ ငါမကြိုက်ဘူးလို့ ဘယ်နှခါများ ပြောဖူးလို့လဲ"

"ဟ! ပြောမှသိရမှာလား။ မျက်ဝန်းဆိုတာ စိတ်နဲ့ဆက်သွယ်နေတဲ့ နှလုံးသားရဲ့ ပြတင်းပေါက်။ သူ့ရင်ထဲမှာ ဘာရှိတယ်ဆိုတာ မျက်ဝန်းကိုကြည့်လိုက်တာနဲ့ သိတယ်"

"ဘာလဲ၊ မင်းက စိတ်ဖတ်သူလား။ မျက်ဝန်းဖတ်သူလား"

"ဟယ် . . . ဟိုမှာ သမား"

ခပ်စူးစူးအသံလေးကြောင့် အားလုံး စကားစတွေပြတ်၊





ပြီး လှည့်ကြည့်လိုက်ကြသည်။ ဆိုင်ထဲကိုဝင်လာတာ ဝက်ပါနှင့် နိုးနိုးတို့သူငယ်ချင်းတွေပါ။ သမား ထသွားချင်ပေမယ့် ဆက်ထိုင်နေလိုက်ရ၏။

"သမား . . . တို့ မင်းကိုလိုက်ရှာနေတာ"

ဝက်ပါက အရင်စကားစလေတော့. . .

"ဘာကိစ္စရှိလို့လဲ"

"ရွှေစကားက ခရစ္စမတ်နေ့မှာ သူငယ်ချင်းတွေအားလုံးကို လာခဲ့ဖို့ဖိတ်နေတာလေ။ အဲဒါ မင်းကိုမဖိတ်ရသေးလို့ လိုက်ရှာနေတာ"

"ဟုတ်တယ် သမား၊ အဲဒီနေ့ကျ သမားလာခဲ့ရမယ်နော်။ မလာရင် သမားက အထာကိုင်တယ်၊ ဘဝင်မြင့်တယ်လို့ တစ်ကျောင်းလုံးသိအောင် လိုက်ကြေငြာပစ်လိုက်မယ်"

သမားပြုံးပြီး သူရိယကိုလှမ်းကြည့်လေတော့ သူရိယက ခေါင်းညိတ်ပြလေသည်။

"ကောင်းပြီလေ၊ တို့လာဖြစ်အောင် ကြိုးစားပါ့မယ်"

"ကြိုးစားလို့မရဘူး။ လာကိုလာရမယ်။ အဲဒီနေ့ကျ နိုးနိုးကိုယ်တိုင် သမားကိုလာခေါ်မယ်သိလား"

နိုးနိုးဝင်ပြောလိုက်တော့ ဝက်ပါ့မျက်နှာဆီသို့ အကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားကြသည်။ ပကတိတည်ငြိမ်နေသောကြောင့် ဘုန်းမြတ်က 'ဘယ်လိုလဲ၊ မင်းတို့ပြောသလို မဟုတ်ပါလား' ဆိုသောအပြုံးမျိုးဖြင့် မေးဆတ်လေ၏။

"သမား"

နိုးနိုးက သမားဘေးမှာ ဝင်ထိုင်ရင်း ခေါ်လေသည်။

"ဘာတွေအလုပ်ရှုပ်နေလို့ နိုးနိုးတို့နဲ့အတူတူ မသွားမလာဖြစ်နေတာလဲ"

"ဩော် . . . ဒါလား"

"အင်း . . . ဆင်ခြေပေးပါဦး"

"ဟို! လေးလေးကျန်းမာရေးမကောင်းဖြစ်နေလို့ လေးလေးအလုပ်တွေကို တစ်ဖက်တစ်လမ်းကနေ ကူနေရလို့ပါ"

"ဟင်! လေးလေးက ကျန်းမာရေးမကောင်းဘူးလား။ နိုးနိုးတို့မြင်နေတာတော့ သွားလာနေတာ ဒေါင်ဒေါင်မြည်ပုံစံနဲ့ပါ သမားရဲ့"

"အပြင်ပန်းမှာသာ ဒေါင်ဒေါင်မြည်နေပေမယ့် အတွင်းရောဂါက လူမမြင်နိုင်ဘူးလေ နိုးနိုးရဲ့။ ဒီကောင့်လေးလေးက အတွင်းရောဂါဖြစ်နေတာ"

သူရိယ လျင်မြန်စွာ ဝင်ဖြေလိုက်တော့ . . .





"ဟင်! ဘာအတွင်းရောဂါလဲ"

"ဟို . . . ခေါင်းကိုက်ရောဂါစွဲနေတာကို ပြောတာပါ။ အဲဒါ ခေါင်းထဲမှာ ကိုက်နေတာကို လူမမြင်ရဘူးလေ"

"အင်း . . . ဟုတ်တယ်၊ သူရိယပြောသလိုပဲ"

သမား ရယ်ကျဲကျဲနှင့်ဖြေတော့ သူရိယ လူအလစ်မှာ မျက်စောင်းထိုးလေ၏။

"သမားတစ်ယောက်လုံးရှိနေတာ လေးလေးကို ဘာမှ လုပ်မပေးဘူးလား သမားရဲ့"

"သူ့လေးလေးရောဂါက ဟိုတုန်းက ဘုရင်ကြီးတစ်ပါးလို သူ့ခေါင်းကိုက်ဝေဒနာကို ကုစားပေးနိုင်ရင် သမီးတော်နဲ့ လက်ဆက်ပေးမယ်လို့ ကြေငြာရသလိုမျိုးဖြစ်နေတာ နေမှာပေါ့။ ခုလည်း သူ့ခေါင်းကိုက်ရောဂါကိုပျောက်အောင် ကုပေးနိုင်တဲ့သူကို သမားနဲ့လက်ဆက်ပေးမယ်ထင်ပါရဲ့"

"ဟာ! ဟေ့ကောင်၊ မင်းပြောပုံက ငါဘာဖြစ်သွားပြီလဲ"

"Queen လေ Queen.... ဟဲဟဲ"

"လက်သီးမြည်းချင်နေတာလား ဟေ့ကောင်"

သူရိယ စလေတော့၊ လက်သီး တရွယ်ရွယ်နှင့်ဖြစ်လေလျှင် အားလုံး ဝိုင်းရယ်ကြလေ၏။ သမားမျက်နှာလေး ရဲနေတော့



www.burmeseclassic.com

www.burmeseclassic.com



နီးနီးက ငေးနဲ့ကြည့်၍ . . .

"အယ် . . . သမားရှက်တတ်တယ်တော့၊ ရှက်တဲ့ပုံက ချစ်စရာလေး"

လို့ပြောပြီး လက်ခုပ်တီးကာ ရယ်လေတော့ ဝက်ပါမှာ အောင့်သက်သက်ဖြစ်သွားသည်။ မပြောသာလို့ မပြောလိုက်ပေမယ့် ရင်ထဲမှာက ပန်းနဲ့အပေါက်ခံရသလိုမဟုတ်ပေ။

❀❀❀



## အခန်း (၂၃)

ရွှေစကားတို့အိမ်မှာလုပ်တဲ့ ခရစ္စမတ်ပွဲလေးမှာ သူငယ်ချင်းတွေအားလုံး ရောက်လာကြပြီး လူစည်နေပါ၏။ စကားနဲ့ အကယ်ရင်းနှီးတဲ့ သူငယ်ချင်းတွေ များပေမယ့် သိပ်မရင်းနှီးဘဲ ဝက်ပါနှင့်သမားတို့လာကြမည်ဆို၍ စိတ်ဝင်စားစွာ ရောက်လာသူတွေလည်း ပါသည်လေ။

အထူးသဖြင့် . . .

ဖူးဖူးနှင့် ယမင်းသဇင်တို့ ရောက်လာကြခြင်းပါ။ အမြတ်တနိုးနှင့် ဝက်ပါ၊ သမားတို့သုံးပွင့်ဆိုင်ဇာတ်လမ်းဖြစ်နေသလား၊ ဘယ်လိုမျက်နှာချင်းဆိုင်ကြမလဲဆိုတာကို စူးစမ်းချင်ကြတာပါ။ အရင်က အမြတ်တနိုးကို သမားက ဂရုစိုက်နေပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



အခုနောက်ပိုင်းမှာ . . .

သမားက ဘေးရောက်ပြီး အမြွတ်တနိုးအနားမှာ အငြိမ်ရှိနေသူက ဝက်ပါဖြစ်နေတာကို သူတို့ လုံးဝမကျေနပ်ပေ။

''ဟော! ဟိုမှာ သမားတို့လာပြီ''

''ဝက်ပါနဲ့နိုးနိုးလည်း လာတယ်''

စကားက နိုးနိုးလက်ကလေးကို ပြေးဆွဲပြီး . . .

''နောက်ကျလိုက်တာ နိုးနိုးရယ်''

''နောက်ကျမှာပေါ့၊ သမားလေ . . . မလိုက်ချင်ဘူးဆိုပြီး ဂျီဂျောင်လုပ်နေလို့ သူရိယတို့ပါ ဝိုင်းဆွဲခေါ်လာရတာ''

နိုးနိုးက မျက်စောင်းလေးထိုးကာ ပြောလေ၏။

''ဟုတ်လား သမား''

စကားမေးတော့ သမား ပြုံး၏။

''ကဲ . . . လာကြ''

လူကြီးတွေမပါဘဲ လူငယ်တွေချည်းပဲမို့ ကဲကြ သဲကြနှင့် ပျော်နေကြ၏။

''ဝက်ပါ''

''ဟင်''

ဝက်ပါ နောက်မှာ ရပ်ကျန်ခဲ့စဉ် သူ့ရှေ့သို့ ဖူးဖူးနှင့်





ယမင်းရောက်လာ၏။ နှစ်ယောက်စလုံး လှောင်ပြုံးတွေနှင့်ပါ။

''ဘယ်လိုလဲ ဝက်ပါ၊ ခုမှ ယမင်းရုပ်ကလေး ကောက်ရထားသလို အရိုပ်တကြည့်ကြည့်ဖြစ်နေပါလား''

''ယမင်းရုပ်နဲ့ မတင်စားပါနဲ့ ဖူးဖူးရယ်၊ နိုးနိုးက ဘယ်သောက်များ လှနေလို့လဲ။ ကိုယ်ထင်လို့ ကုတင်ရွှေနန်းဖြစ်နေတာပါ''

''အင်းနော် . . . စကားပုံတစ်ခု ကြားဖူးတယ်။ ထန်းလက်ရုပ်ကို နတ်ရုပ်ထင်တယ်ဆိုလားဘာဆိုလား။ နိုးနိုးက ထန်းလက်ထက်တော့ သာပါတယ်။ အချစ်မှာ မျက်စိမပါဘူးဆိုတော့ ဝက်ပါလည်း အချစ်မျက်ကန်းတစ်ယောက်ဖြစ်နေတာပေါ့''

''ဒီမှာ''

ဝက်ပါ မျက်မှောင်ကြုတ်ကြည့်လိုက်တော့ နှစ်ယောက်စလုံးက ပခုံးတွန့်လေသည်။

''ငါ့ဘာသာ ထန်းလက်ရုပ်ကို နတ်ရုပ်ပဲထင်ထင်၊ နွံ့ထဲက ကော်ရုပ်ကိုပဲ ရေကောက်ဆေးဆေး၊ လူမှန်ရင် ကိုယ့်အမိုင်းကိုယ်ရေးကြတာချည်းပဲ။ ငါ့သမိုင်းကို မင်းတို့ ဘာမှဝေဖန်သုံးသပ်စရာမလိုဘူး . . . နားလည်လား''

''အမေ့!''



www.burmeseclassic.com

www.burmeseclassic.com



ဝက်ပါ ပခုံးချင်းတိုက်ပြီး ထွက်သွားတော့ ယိုင်နဲ့ဖြစ်ကျန်ခဲ့တဲ့ယမင်းကို ဖူးဖူးက ထိန်းပေးလိုက်၏။ ဘဝတူတွေမို့လို့လေ။

“ကဲ! ပြီးရင် အားလုံး ပျော်ပျော်ရွှင်ရွှင်လေးဖြစ်သွားအောင် ကစားပွဲလေးတစ်ခု စီစဉ်ထားပါတယ်။ အဲဒီကစားပွဲလေးက တကယ့်ကို စိတ်ဝင်စားစရာလေးပါ။ ကြို့ပြီး ရင်ခုန်မနေကြနဲ့နော်”

ရွှေစကားအသံစူးစူးလေး ထွက်လာတော့ ကျန်တဲ့လူတွေ ငြိမ်သက်၍ စိတ်ဝင်စားစွာ နားထောင်နေကြသည်။

“နံပါတ်တစ် ပထမဆုံးအနေနဲ့က ဒီဖလားလေးထဲက မဲလိပ်ကိုနှိုက်ပြီး မဲကျရာ လုပ်ရပါမယ်။ မိန်းကလေးတစ်ယောက် ယောကျ်ားလေးတစ်ယောက်စီ နှိုက်ရပါမယ်”

“ဘယ်သူအရင်နှိုက်ရမှာလဲ”

“ပြောမယ် . . . ပြောမယ်၊ နားထောင်ကြပါ”

ဆူဆူညံညံအသံတွေ ထွက်လာပြီး ပြန်၍တိတ်ကျသွားပြန်သည်။

“ဒီဖလားအသေးထဲမှာ လာတဲ့လူအရေအတွက်အတိုင်း မဲလိပ်တွေရှိပါတယ်။ ပေါက်မဲက မိန်းကလေးတွေအတွက် ဖလား





ထဲမှာ တစ်မဲပဲပါပြီး၊ ယောကျ်ားလေးတွေအတွက် ဖလားထဲမှာ တစ်မဲပါ။ မဲပေါက်တဲ့သူက ဖလားအကြီးထဲကမဲကို စနှိုက်ရပါ့မယ်ရှင်”

စကားက ဖလားအကြီးကိုပိုက်ထားပြီး အောင်ကျော်မိုးက ဖလားအသေးတစ်လုံးကို ကိုင်ထားသည်။ နောက်ဖလားအသေးတစ်လုံးကတော့ နိုးနိုးလက်ထဲမှာ။

“နောက်ထပ်ကတော့ ပထမမဲပေါက်တဲ့သူ လက်ညှိုးထိုးပြီး ခေါ်လို့ရပါတယ်။ ကဲ! စလိုက်ကြရအောင်”

စကားက မျက်စပစ်ပြလိုက်တာနှင့် အောင်ကျော်မိုးက ယောကျ်ားလေးတွေကို မဲလိုက်နှိုက်ခိုင်းပြီး နိုးနိုးက မိန်းကလေးတွေကို တာဝန်ယူရသည်။

“ဟာ! ယောကျ်ားလေးထဲက သန်းထိုက်ဇော် ပေါက်တယ်ဟေ့”

“ကိုသန်းထိုက်ဇော် ရှေ့ကိုကြွပါ”

သန်းထိုက်ဇော် ရှေ့ကိုထွက်ရတော့၏။ မိန်းကလေးဘက်က အသံမကြားရသေးသဖြင့် လည်တဆန့်ဆန့်ဖြစ်နေကြစဉ် . . .

“မိန်းကလေးက မြလေးငုံဖြစ်ပါတယ်ရှင်”



www.burmeseclassic.com

www.burmeseclassic.com



မြလေးငုံလည်း ရှေ့သို့ထွက်ခဲ့ရလေတော့၏။ ကျရာလုပ်ရမည့်မဲကို စနှိုက်ကြတော့. . .

"ဟာ! သွားပါပြီ"

"ဘာလဲ"

"မျောက်က ကပြပါတဲ့"

"ဟား . . . ဟား . . . အဲဒီမျောက်ကွ၊ သိယိုပြည်ကို မီးနဲ့ရှို့တာ"

အသံတွေ ဆူသွား၏။

"မြလေးငုံကရော"

မြလေးငုံ မျက်နှာလေး ရှုံ့ရှုံ့မဲ့မဲ့နှင့် . . .

"ဖြူဖြူကျော်သိန်းရဲ့ သီချင်းတစ်ပုဒ်ဆိုပြပါတဲ့"

"အဲ . . . တီတွန်သံ ကြားရဦးမယ်"

မြလေးငုံက ခပ်အေးအေးသမားဖြစ်ပြီး စကားနည်းသူမို့ ရယ်သံတွေ ထွက်လာသည်။

"မဆိုလို့မရဘူးလား"

"မရဘူး . . . မရဘူး၊ မဲကျရာ လုပ်ပြရမှာပဲ"

ငြင်းလို့မရသည့်အဆုံး အပျော်ပွဲလေးမို့ ရှက်ရှက်နှင့်ပဲ မဲကျရာလုပ်ပြကြရသည်။ ကစားနည်းတွေက တစ်မျိုးပြီးတစ်မျိုး





မရိုးနိုင်စွာ ရှိနေပြီး အားလုံးပျော်ရွှင်နေကြတာ စိတ်လွတ်ကိုယ်လွတ်တွေပါ။

"ဒီတစ်ခါအစီအစဉ်ကတော့ တကယ်စိတ်ဝင်စားစရာလေးပါ။ လုံးဝမဲနှိုက်စရာ မလိုတော့ပါဘူးရှင်"

"မြန်မြန်ပြောပါတော့"

ရွှေစကားက နှင်းဆီပွင့်လေးနှစ်ပွင့်ကို ယူလိုက်ပြီး. . .

"ယောကျ်ားလေးဘက်က နှင်းဆီတစ်ပွင့်၊ မိန်းကလေးဘက်က နှင်းဆီတစ်ပွင့်ယူပြီး သီချင်းတစ်ပုဒ်စဖွင့်လိုက်တာနဲ့ တစ်ဦးကိုတစ်ဦး လက်ဆင့်ကမ်းရပါ့မယ်။ ဒီကသီချင်းကို ပိတ်လိုက်တာနဲ့ ဆက်ကမ်းဖို့ မလိုတော့ပါဘူး။ လက်ထဲမှာ ပန်းကိုင်နေဆဲရှိတဲ့နှစ်ယောက်က ရှေ့ကိုထွက်ပြီး ဇာတ်ဝင်ခန်းတစ်ခုကို သရုပ်ဆောင်ရမှာပါ။ အဲဒါက ဘာလဲဆိုတော့"

အားလုံးစိတ်ဝင်စားနေချိန်မှာ စကားဖြတ်ထားလိုက်လေတော့ ရွှေစကားကို လှမ်းအော်ကုန်ပြန်၏။

"ကောင်လေးက ကောင်မလေးကို ရည်းစားစကားပြောရပါမယ်။ ကောင်မလေးကလည်း တစ်ခါတည်းအဖြေပေးပြီး တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်လက်ဆောင်ပေးရမှာပါ။ အဖြေက ချစ်တယ်ဆိုတဲ့အဖြေကိုပဲ ပေးရမှာနော်။ ဒါ ဒီပွဲလေး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့သတ်မှတ်ချက်မို့ပါ။ ပွဲပြီးလို့ အိမ်ပြန်တာနဲ့ ကစားခဲ့တာကြာ ကို အတည်မယူဘဲ ဒီနေရာမှာပဲ အဆုံးသတ် ခွာချထားခဲ့နိုင်ပါတယ်''

''ဟေး . . . ဝေး''

''ဒီအစီအစဉ်ကောင်းတယ်ဟေ့''

''သီချင်းဖွင့်ပေးမယ့်သူကို မျက်လုံးအဝတ်စည်းပေးထားမှာပါ။ ဘယ်သူ့လက်ထဲ ပန်းရောက်နေတယ်ဆိုတာကို လုံးဝ မမြင်စေရပါဘူး။ ,ကဲ! စလိုက်ကြရအောင်''

''Ready!... ဖြစ်ပြီလား''

''OK!... ''

ဘုန်းမြတ် အားလုံးအသင့်လုပ်ထားပြီးသားမို့ အင်္ဂလိပ် သီချင်းသံလေး စထွက်လာတာနှင့် ရွှေစကားက နှင်းဆီနှစ်ပွင့်ကို ယောကျ်ားလေးတစ်ယောက် မိန်းကလေးတစ်ယောက်ဆီသို့ တစ်ပွင့်စီ ပစ်ချပေးလိုက်၏။

ပထမဆုံးကိုင်မိသူ၏လက်မှ နှင်းဆီနှစ်ပွင့်က တစ်လက်မှတစ်လက်သို့ ပြောင်းရွှေ့ကာ ပိုင်ရှင်ကိုရှာလို့ကောင်းနေဆဲပါပဲ။

နှင်းဆီပန်းလေးက ဝက်ပါ့လက်ထဲသို့ ရောက်လာပြီး





ဝက်ပါက သမားကိုတစ်ဆင့်ကမ်းပေးပြီး လက်အရှုတ်မှာပဲ သီချင်းသံက တိခနဲပြတ်ကျသွား၏။

''ဟင်!''

သီချင်းသံပြတ်သွားတာနှင့် နှင်းဆီပန်း ဘယ်သူ့လက်ထဲကျန်ခဲ့သလဲ စိတ်ဝင်စားကုန်ကြပြီ။

''ယောကျ်ားလေးဘက်က ဘယ်သူလဲ၊ ရှေ့ကိုထွက်ပါ''

''သမားတော်ဟေ့ . . . သမားဘော်''

ကောင်လေးတွေ ဝိုင်းအော်လေသဖြင့် သမား ထရပ်လိုက်ရသည်။

''မိန်းကလေးဘက်ကရော''

''ဒီဘက် အမြတ်တနိုး''

''ဟင်! ''

သမား မျက်နှာပျက်သွား၏။ ရှေ့ထွက်ဖို့ လှမ်းလိုက်တဲ့ ခြေလှမ်းက နောက်ပြန်ဆုတ်ဖြစ်သွားပြီး ဝက်ပါ့ကိုကြည့်လိုက်တော့ ခပ်တည်တည်နှင့်ပဲ မျက်နှာလွှဲသွားသည်။

ပြီးမှ . . .

''သွားလေ''

''ဒီနှင်းဆီပန်းကို မင်းယူထားသင့်တာ''



www.burmeseclassic.com

"ဒီပွဲက အတည်မှမဟုတ်တာ၊ ငါ့ဘာမှမဖြစ်ဘူး။ မင်း သွားမှာသာ သွားပါ"

"သမား ထွက်လေ၊ ရှေ့ကို"

အားလုံးဝိုင်းအော်ကြလေသဖြင့် သမား နေ့ကွေးသော ခြေလှမ်းများနှင့် ရှေ့သို့ထွက်လာခဲ့သည်။ နိုးနိုးကလည်း လေးတွဲ့သောခြေလှမ်းများနှင့် ထွက်လာပြီး မျက်နှာချင်းဆိုင်မိကြလေတော့ တစ်ဦးကိုတစ်ဦး ငေးစိုက်စိုက်လေး ကြည့်မိကြက၊ နောက်မှ နိုးနိုးက မျက်လွှာလေး ချသွား၏။

"ပြောလေ၊ အချိန်ဆွဲမနေနဲ့"

"ကြာတယ်ဟေ့"

သမားမျက်လုံးကို စုံမှိတ်ပြီး အသက်ကို ဝအောင်ရှူသွင်းလိုက်သည်။ ပြီး မျက်လုံးကိုပြန်ဖွင့်လိုက်ကာ နိုးနိုးမျက်နှာလေးကို ငုံ့ကြည့်လိုက်ပြီး . . .

"နိုးနိုး"

"ဟင်"

"ကိုယ်အခုပြောမယ့်စကားကို နားနဲ့တင် နားထောင်တာမျိုးမဟုတ်ဘဲ နှလုံးသားက ခံစားနားလည်ပေးစေချင်တယ်"

"အင်း . . . ပြောလေ"





သမားမျက်ဝန်းတွေက ရီဝေဆွေးမြေ့ခြင်းသို့ ကူးပြောင်းသွားလေ၏။ နိုးနိုး သူ့မျက်ဝန်းတွေကို ဖျတ်ခနဲမော့ကြည့်မိပြီး ရင်ထဲမှာ နင့်ခနဲဖြစ်သွားတာ ဘာကြောင့်မှန်းမသိ။

"အချစ်ဘယ်ကစလဲလို့ မေးသူရှိရင် သနားခြင်းက စခဲ့တယ်လို့ ကိုယ်ဖြေမိမယ်ထင်တယ်။ အစက ကိုယ် နိုးနိုးကို အရမ်းသနားခဲ့တာပါ"

"ဘာဖြစ်လို့ သနားတာလဲဟင်"

"ဘာကြောင့်လဲဆိုတော့ နိုးနိုးနဲ့ကိုယ် ဒုတိယအကြိမ်ပြန်ဆုံခဲ့တဲ့နေ့လေးကို နိုးနိုးပြန်စဉ်းစားမိရင် သိမှာပါ။ အဲဒီတုန်းကတော့ စိတ်မကောင်းဖြစ်ရုံပါပဲ၊ နောက် နိုးနိုးရဲ့ဖေဖေ ဆုံးသွားတော့ မိဘမဲ့ချင်းကိုယ်ချင်းစာစိတ်နဲ့ သနားခဲ့မိတယ်"

သမားနဲ့ ဒုတိယအကြိမ်ဆုံဖြစ်တုန်းက ဝက်ပါ့ကို နိုးနိုး ဒုတိယအကြိမ်ဝင်တိုက်မိတဲ့နေ့လေးကဆိုတာ၊ နိုးနိုးမှတ်မိနေ၏။ သူလည်း တကယ်အမှတ်ရနေခဲ့တာလား။

"သနားလို့ ကူညီဖေးမခဲ့ရာကနေ ကိုယ့်ရင်ထဲကို မထင်မှတ်ဘဲ ဝင်ရောက်လာတာ အချစ်ပဲ နိုးနိုး"

အခွင့်အရေးရတဲ့ဒီအချိန်လေးမှာ ငါ့ရင်ထဲက သိုလှောင်ထားတဲ့စကားလုံးတွေကို ဒီနေရာမှာပဲ ငါဖွင့်ထုတ်ခဲ့ပါရစေလား

www.burmeseclassic.com



ဝက်ပါ။ အဲဒီအတွက် ငါ့ကိုခွင့်လွှတ်ပေးပါ။ နောင်တစ်ချိန်မှာ မင်းက နိုးနိုးကိုပိုင်ဆိုင်ရမယ့်သူ။

ငါက ဟန်ဆောင်မျက်နှာဖုံးစွပ်ပြီး လှမြင်ကွယ်ရာ အရပ်ရောက်မှ မျက်ရည်ကိုအဖော်ပြုရမယ့်ကောင်ပါကွာ။ ဒီအချိန်လေးအတွက်တော့ မင်း ငါ့ကိုခွင့်လွှတ်ပေးပါသူငယ်ချင်းရယ်။

''သမားက ဘယ်သူ့ကိုချစ်မိသွားတာလဲဟင်''

''ဘယ်သူရှိရဦးမှာလဲ နိုးနိုးရယ်။ နိုးနိုးကိုပဲပေါ့။ ကိုယ် နိုးနိုးကို အရမ်းချစ်မိသွားခဲ့တယ်''

''သမားရယ်''

''နိုးနိုးရင်ထဲမှာ ကိုယ့်အတွက် နေရာမရှိမှန်း ကိုယ်သိပါတယ်။ သိသိနဲ့ပဲ ကိုယ့်ဘာသာ ဖန်ဆင်းခဲ့တဲ့အိပ်မက်ကမ္ဘာလေးထဲကနေ လန့်နိုးသွားမှာ ကိုယ်ကြောက်နေခဲ့မိတယ် နိုးနိုး''

''နိုးနိုးရင်ထဲမှာ သမားအတွက် နေရာရှိပါတယ် သမားရယ်။ နိုးနိုးလည်း သမားကို''

စကားသံက ရှေ့ဆက်မလာဘဲ တိခနဲပြတ်ကျသွားလေလျှင် . . .

''ဖြေလေ၊ ချစ်တယ်လို့ အစကတည်းက ပြောထားပြီးသားကို''





''ဒီနေရာမှာ ခေါင်းခါခွင့်မရှိဘူးနော်''

နိုးနိုးအသံလာရာဘက်ကို ငဲ့ကြည့်ပြီးမှ သမားဘက်ကို ပြန်လှည့်လာတော့ ခေါင်းလေးငုံ့သွားပြီး . . .

''နိုးနိုး သမားကိုချစ်ပါတယ်''

သမားနှုတ်ခမ်းထောင့်ချိုးလေး ကွေးသွားအောင် ပြုံးလိုက်ပြီး . . .

''အဲဒီစကားအတွက် နိုးနိုးကို ကိုယ် ကျေးဇူးတင်ပါတယ်''

ပြောပြီး သမား သူ့လည်ပင်းက ဆွဲကြိုးလေးကို ဖြုတ်ယူလိုက်၏။

''ကိုယ် ဒီဆွဲကြိုးလေးကို နိုးနိုးအတွက် လက်ဆောင်ပေးပါရစေ။ လက်ခံပါနော်''

''နိုးနိုးလည်း ပြန်ပေးမှာပေါ့''

နိုးနိုးကလည်း သူ့လည်ပင်းက ဆွဲကြိုးလေးကိုဖြုတ်ပြီး ပစ္စည်းချင်းတူပေမယ့် နှလုံးသားချင်း လဲလှယ်လိုက်ကြသည်။ တစ်ဦးကိုတစ်ဦး အပြန်အလှန်ဆွဲကြိုးလေးတွေ ဆွဲပေးနေကြစဉ် . . .

''တကယ်ကြီးလားဟေ့''



www.burmeseclassic.com

www.burmeseclassic.com



"သရုပ်ဆောင်တာဆိုရင်လည်း အကယ်ဒမီချိတ်မှာကွ"

"တိတ်တိတ်နေစမ်းပါ၊ ဇာတ်ရှိန်တက်နေတာကို"

သူရိယ ဝင်္ကပါ့မျက်နှာကို အကဲခတ်သလို ကြည့်လိုက်တော့ အေးစက်စက်မျက်ဝန်းတွေနှင့် သမားတို့ကိုကြည့်နေသည်။ နှုတ်ခမ်းကိုလည်း တင်းတင်းစေ့ထား၏။

"ဒီနှင်းဆီပန်းလေးက ကိုယ့်အတွက်တော့ အဖိုးမဖြတ်နိုင်တဲ့ အမှတ်တရပစ္စည်းလေးပါ"

"ဒါဆို သိမ်းထားလေ"

"အင်း. . . သိမ်းထားမှာပေါ့၊ နိုးနိုးကရော သိမ်းထားမှာပဲလား"

"သမားက သိမ်းထားစေချင်လို့လား"

"အင်း"

"ဒါဆို သိမ်းထားမယ်လေ"

ဒီအချိန်လေးက တကယ့်အဖြစ်အပျက်ကလေးသာဆိုရင် သိပ်ကောင်းမှာပဲ နိုးနိုးရယ်။

နိုးနိုးက သမားလက်ထဲက နှင်းဆီပွင့်လေးကို ဆွဲယူလိုက်ပြီး သူမလက်ထဲက နှင်းဆီပွင့်လေးကို သမားရဲ့အင်္ကျီအိတ်ထဲ ထိုးစိုက်ပေးလိုက်၏။





"မိုက်တယ်ဟေ့"

"ဝေး. . . ဟေး. . . ဟေး"

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

လက်ခုပ်သံတွေ ဆူညံသွားချိန်မှာ ဝင်္ကပါ့ရင်ထဲမှာတော့ အသံတိတ်ဗုံးတစ်လုံး ပေါက်ကွဲသွားသလိုပါပဲ။ ဒီအချိန်မှာ ဝင်္ကပါ့ကိုကြည့်ပြီး လှောင်ရယ်နေကြမည့်သူတွေကလည်း ရှိနေပါ၏။ သူတို့က ဖူးဖူးနဲ့ယမင်းသဇင်လေ။

"သမားကွ"

"နိုးနိုးရေ့ တကယ်လားဟေ့"

ဝင်္ကပါ နားကိုပိတ်ထားချင်မိပေမယ့် မဖြစ်သာလို့ ကြားနေရတဲ့အသံတွေကို အဆိပ်ခွက်သာဆို အသေခံပြီး သောက်ချလိုက်ချင်အောင် မုန်းသည်။

"တောက်!"

"ဟင်"

ဝင်္ကပါ ထရပ်လိုက်တော့. . .

"ဝင်္ကပါ"

သူရိယ လက်ကိုလှမ်းဆွဲဖို့ ကြိုးစားလိုက်ပေမယ့် အချိန်နှောင်းခဲ့တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဝက်ပါ"

သူရိုယလိုက်သွားမလိုပြင်ပြီးမှ လိုက်မသွားဖြစ်လိုက်တာသည် ရုပ်ပျက်မှာစိုးလို့ပါ။

❀❀❀



## အခန်း (၂၄)

ဝက်ပါ ပြန်သွားနှင့်လေသဖြင့် နိုးနိုးကို သမားပဲပြန်ခေါ်လာခဲ့သည်။ ကားလေးက ပက်ပါတို့ခြံထဲကို ဖြည်းဖြည်းချင်းမောင်းဝင်လာတော့ ဝက်ပါ အိမ်ထဲက ထွက်လာတာကို မြင်နေရငါ။

"သမား အိမ်ထဲမဝင်တော့ဘူးလား"

"မဝင်တော့ဘူး နိုးနိုး။ လေးလေး မျှော်နေမှာစိုးလို့ပါ"

နိုးနိုး ကားပေါ်ကဆင်းလေလျှင် ဝက်ပါက သမားဘက်က ကားတံခါးနား ရောက်လာပြီး. . .

"မင်း ခဏဆင်းဦး. . . သမား"

သမားက ပြဿနာတစ်ခုဖြစ်လာပြီဆို ခေါင်းရှောင်တတ်



www.burmeseclassic.com

www.burmeseclassic.com



သူမဟုတ်ပေ။ ဝက်ပ့်ါကိုတစ်ချက်ကြည့်ပြီး ကားပေါ်မှဆင်းလိုက်သည်နှင့် . . .

"ငါ့အပေါ်မှာ သစ္စာမရှိတဲ့ကောင်"

"ခွပ်!"

"အို . . . ဝက်ပါ"

"ကဲကွာ"

"ခွပ်!"

"မလုပ်ပါနဲ့"

သမားရှောင်လို့ရပါလျက်နဲ့ လုံးဝမရှောင်ပေ။ ဒီလိုဖြစ်နိုင်ချေရှိတာကို ကြိုတင်ပြီးခန့်မှန်းထားပြီးသားပါ။ နီးနီးပြေးလာပြီး ဝက်ပ့်ါကိုဆွဲပေမယ့် . . .

"ခွပ်!"

"ဝက်ပါ တော်ပါတော့၊ လုပ်ကြပါဦး . . . သမား ခံထိုးလေ"

နီးနီးအော်သံကြောင့် လူကြီးတွေ ပြေးထွက်လာကြ၏။

"အို . . . သား"

"ဟော့ကောင်! ရပ်စမ်း"

ဦးကမ္ဘာကျော်နှင့် ဒေါ်ဖြိုးဖြိုးကြည် လှမ်းအော်ပေမယ့်





ဝက်ပါက ရပ်တန့်မသွားဘဲ သမားအကျီစကိုဆွဲ၍ ထပ်ထိုးဖို့သာ လုံးပမ်းနေသည်။

"သား မလုပ်ပါနဲ့"

"ဝက်ပါ ရပ်စမ်းလို့ပြောနေတာ မကြားဘူးလား"

"တောက်!"

ဝက်ပါ ဆောင့်တွန်းလိုက်သဖြင့် သမား ယိုင်ခနဲဖြစ်၍ ကားဘော်ဒီမှာ ကျောကပ်သွားသည်။ ဦးကမ္ဘာကျော် နှစ်ယောက်ကြားမှာ ဝင်ရပ်လိုက်ပြီး ဝက်ပ့်ါကို စူးစူးရဲရဲကြည့်ကာ . . .

"ဘာဖြစ်တာလဲ"

"ဒီကောင် . . . တောက်!"

သမားကို လက်ညှိုးငေါက်ငေါက်ထိုးပြီးမှ ဝက်ပါ တက်ခေါက်၍ နောက်ဆုတ်သွား၏။ သမားက ကျေနပ်သောအပြုံးဖြင့်

"မင်းကျေနပ်ပြီလား ဝက်ပါ"

"ဖြစ်နိုင်ရင် မင်းကိုသတ်ချင်တာကွ"

"မင်းဆန္ဒရှိတဲ့အချိန်ပြောပါ၊ ငါလာပြီး လည်စင်းပေးပါ့မယ်"

"ဟာ . . . ကွာ"

"ဟော့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



ဝက်ပါရှေ့တိုးလာတော့ ဦးကမ္ဘာကျော် သားဖြစ်သူ
ရင်ဝကို ဆောင့်တွန်းပစ်လိုက်၏။ သမားက ပါးစပ်ထဲမှ စီးကျ
လာသောသွေးစေးများကို လက်ဝါးနှင့်ပွတ်သုတ်လိုက်ပြီး ကား
ပေါ်သို့တက်လိုက်သည်။ ဘက်ခ်ဆုတ်ပြီး သမားကားလေး ပြ
ထွက်သွားတာနှင့် . . .

"မင်းက ကျောက်တုံးကို ပုဆိန်နဲ့ထုပြီး ငါကွဲလို့ အော်
ချင်တာလား ဝက်ပါ။ ကိုယ့်ကို ဘာမှခံမလုပ်ဘဲ ငြိမ်နေတဲ့သူကို
မင်း စိတ်ရှိလက်ရှိထိုးနှက်ပြီး ငါတော်လှပြီလို့ ထင်နေတာလား။
ဒီလောက်ထိ မင်းပေါက်ကွဲသွားအောင် သမားက ဘာလုပ်လို့
လဲ ပြောစမ်း"

"အဲဒီကောင်"

ပြောမလို့ပြင်ပြီး နိုးနိုးမျက်နှာကို လှမ်းကြည့်လိုက်တော့
မျက်ရည်တွေနှင့်ပါ။ ပြောမှဖြစ်မှာမို့ . . .

"နိုးနိုးကို ရည်းစားစကားပြောလို့"

"ဟာ! အဲဒါနဲ့ပဲ မင်း ဒီလောက်အထိ လုပ်ရလားကွ။
အပျိုနဲ့လူပျို သူ့မှာ ကြိုးစားပိုင်ခွင့်ရှိသလို မင်းကြိုးစားရင်လည်း
ရတာပဲလေ။ လက်ခံတာမခံတာက နိုးနိုးရဲ့အပိုင်း။ အခု မင်းက
တစ်လျှောက်လုံး လည်ပင်းဖက်ကြီးလာပြီး ချစ်ခဲ့ကြတဲ့သူငယ်ချင်း





ကို . . . တောက်! မင်းကွာ"

"ဟုတ်သားပဲ သားရယ်၊ ပြဿနာကို အေးအေးဆေး
ဆေးဖြေရှင်းလို့ရရဲ့သားနဲ့ သားဘက်က လက်ပါတာတော့ ဘယ်
ကောင်းပါ့မလဲကွယ်"

ဝက်ပါနှုတ်ခမ်းကို ဖိကိုက်ပစ်လိုက်၏။ မခံစားနိုင်လို့
ပေါက်ကွဲမိတော့ ကိုယ်ပဲလွန်ပါလား။

"အဲဒီကိစ္စကို နိုးနိုးရှင်းပြပါ့မယ် အန်ကယ်၊ ပြီးရင်တော့
နိုးနိုး ကိုယ့်အိမ်မှာပဲ ကိုယ်ပြန်နေပါရစေတော့။ သိပ်ချစ်ကြတဲ့
သူငယ်ချင်းနှစ်ယောက် နိုးနိုးကြောင့် စိတ်ဝမ်းကွဲတာမျိုး မဖြစ်
စေချင်လို့ပါ"

"ဟင်!"

ဦးကမ္ဘာကျော် သက်မကြီးသာ ချလိုက်မိတော့၏။ ကိုယ့်
သားကြောင့် ပြဿနာက ကြီးသွားပြီမို့ နိုးနိုးတောင်းဆိုမှုကိုသာ
လိုက်လျောရတော့မည်။

အဖြစ်က ဒီလိုပါ အန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

"ကောင်းတယ် . . . သိပ်ကောင်းတယ်၊ နောက်တစ်ခါ မင်းကို လက်သီးနဲ့အထိုးမခံနဲ့တော့။ ဓားပေးပြီးသော ရင်ဖွင့်ပေးလိုက် သမားတော်။ ဘယ့်နှယ်ကွာ . . . ယောကျ်ားချင်းကို သူများထိုးတာကြိတ်တာ ခေါင်းငုံ့ခံပြီး ပြန်လာရတယ်လို့။ ဟော့ကောင် . . . သမားတော်"

ဦးမျိုးသိုက် ကြွမ်းပြီ။ လူကြီးမို့ ထိန်းသိမ်းသောအားဖြင့် တစ်ဖက်ကို သွားပြီးစိန်မခေါ်ပေမယ့် အသုံးမကျတဲ့ကိုယ့်တူကိုပဲ ရိုက်သတ်ချင်စိတ်ပေါက်လာသည်။ ကိုယ်ကတော့ ကိုယ့်ကလေးကို အရိပ်လိုကြည့်ပြီး မထိရက်မတို့ရက်။

အခု . . .

**ရွှေဝဒေသာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းဆိုတဲ့ကောင်က ထိုးကြိတ်လွှတ်လိုက်တာ ပါးစပ်ထဲကသွေးတောင် ကျတာကို မောင်မင်းကြီးသားက အပြုံးမပျက်နဲ့ ငြိမ်ချက်သားကောင်းနေတာ ဘယ်လောက်ဒေါသဖြစ်ဖို့ ကောင်းလိုက်ပါသလဲ။

"မင်းရှိနေရင် ငါအသက်တိုလိမ့်မယ်။ အဲဒီတော့ မင်း နိုင်ငံခြားက မင်းအဖေနောက်ကို လိုက်သွားမလား။ ဒါမှမဟုတ် မင်းချစ်လှပါတယ်ဆိုတဲ့သူငယ်ချင်းကို ပြတ်မလား။ မင်း တစ်ခုကို စဉ်းစား"

"တစ်ခုမှကို စဉ်းစားလို့မရတာ"

"ဘာကွ"

"လေးလေးကိုက ဘာမဟုတ်တာကို ပုံကြီးချဲ့နေတာ။ သားက ဘာမှမဖြစ်ဘူးဆိုမှ မဖြစ်နဲ့တော့ပေါ့"

"သမားတော်"

ဦးမျိုးသိုက်အသံကြီးက ဟိန်းထွက်သွားလေသည်။ ဒီလောက် မျက်နှာမှာ ဖူးရောင်လာတာတောင် ဘာမှမဖြစ်ဘူးတဲ့။ စိုးရိမ်လို့ပြောမိတဲ့ကိုယ့်စကားကပဲ သဲထဲရေသွန်ဖြစ်နေပါလား။

"မင်း မှန်ရှေ့မှာ သွားရပ်ကြည့်လိုက်စမ်း သမားတော်၊ မျက်နှာပေါ်က ဒဏ်ရာတွေက ဘာမှမပြောပလောက်ဘူးဆိုရင်





ငါ ဝက်ပါကိုသွားခေါ်ပေးမယ်။ မင်း ဘယ်နည်းနဲ့သေချင်သလဲပဲ စဉ်းစားထား"

"လေးလေးက သားကို တကယ်သေစေချင်တာလား"

"သူများနှိပ်စက်လိုက်တဲ့ဒဏ်ရာကိုကြည့်ပြီး အသည်းနာနေရမယ့်အစား မင်းရောငါရော သေသွားမှ အေးမှာလေ"

ဒဏ်ရာတွေ နာနေတဲ့ကြားက လေးလေးဒေါသဖြစ်နေတာကိုကြည့်ပြီး သမား သနားလည်းသနား၊ ရယ်လည်းရယ်ချင်သွား၏။ လေးလေးဘက်ကကြည့်ရင်လည်း မှန်နေတာပဲလေ။ သူက သမားကိုရိုက်ဖို့မပြောနဲ့၊ လက်နဲ့တောင်မှ မရွယ်ခဲ့တာ၊ သူများကြောင့် ဒဏ်ရာရလာတော့ စိတ်ဆိုးမှာပေါ့။

တူကိုချစ်လွန်းလို့ မိန်းမပင်မယူဘဲ ကလေးတစ်ယောက်နှင့် လူပျိုကြီးလုပ်နေခဲ့တာ ယနေ့ထက်ထိ။

"ကျွန်တော်က သေချင်နေတာ၊ လေးလေးသွားခေါ်ပြီး သတ်ခိုင်းမယ်ဆို အဆင်ပြေတာပေါ့"

"သမား. . . မင်း ငါ့ကိုရွဲ့နေတာလား"

"မရွဲ့ပါဘူး၊ လေးလေးပြောလို့ သားက ပြောတာပါ"

"မင်းကွာ, . . တောက်!"

သူ့ကိုမြင်နေသရွေ့ လေးလေး ဒေါသတွေ ထွက်နေဦး

www.burmeseclassic.com



မှာပဲမို့ သမား ရှောင်ထွက်သွားဖို့ ထရပ်လိုက်စဉ် . . .

"မင်းအဖေနောက်ကို လိုက်သွားဖို့ပဲ မင်းပြင်ပေတော့ သမားတော်"

စိတ်ဆိုးတုန်းပြောတဲ့စကားမို့ သမား မတုန်လှုပ်မိပေ။ ဖေဖေနဲ့လေးလေး ယှဉ်လိုက်လျှင် သမား လေးလေးကိုပို၍ချစ်သည်။ လေးလေးရင်ခွင်ရိပ်ကိုခိုပြီး ကြီးပြင်းလာခဲ့သူမို့ ဖေဖေ့ကို ဖေဖေလို့ခေါ်ရပေမယ့် ပါးစပ်ထဲမှာ အရသာမတွေ့သလို ပေါ့ရွှတ်ရွှတ်နှင့်ပါ။

လေးလေးကျတော့ . . .

လေးလေးလို့ တစ်ခွန်းခေါ်ရတိုင်း သမားအတွက် အင်အားတစ်ခုတိုးလာသလို လေးနက်လွန်းလှသည်။ လေးလေးက သမားကိုမခွဲနိုင်သလို သမားကလည်း လေးလေးကို မထားခဲ့နိုင်ပေ။

အတွေးနှင့်လျှောက်လာစဉ် ဘောင်းဘီအိတ်ထဲမှ ဟန်းဖုန်းမြည်သံကြောင့် သမား ထုတ်ကြည့်လိုက်တော့၊ နံပါတ်က သူရိယဖုန်းနံပါတ်ပါ။

"သူရိယ . . . ပြော"

"ဝက်ပါနဲ့မင်းရဲ့အခြေအနေကို သိချင်လို့ဆက်တာ"





"မင်းမှန်းကြည့်လေ"

"မှန်းကြည့်ရင်တော့ မင်းမျက်နှာမှာ ကာလာခြယ်ထားသလိုပဲ။ နီနီ ညိုညို ကိုကိုတွေလေ"

"အဟွန်း . . ."

"ဟော့ကောင် သမား"

"ပြော"

"ငါပြောတာ မှန်လား"

"ကျောက်ပျဉ်တောင် ပါသေးတယ်"

တစ်ဖက်မှ သူရိယအသံ တိတ်သွားလေ၏။ အတန်ကြာမှ . . .

"မင်း ဘာမှပြန်မလုပ်ဘူးလား"

သမား ပြန်မဖြေဘဲ အသံတိတ်သွားတော့ သူရိယ သဘောပေါက်သွားဟန်ရှိကာ . . .

"တောက်!"

"သူရိယ . . . ဟဲလို . . . သူရိယ"

သူရိယ ဖုန်းချသွားလေပြီ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

နိုးနိုးက ဘယ်လိုမှတားလို့မရတော့ဘဲ သူ့အိမ်ကို သူ ပြန်သွားလေသဖြင့် ဝက်ပါပဲ အပြစ်ရှိသူဖြစ်ခဲ့ရသည်။ ဖေဖေက ဆူလိုက် မေမေက မာန်လိုက်နှင့် ဝက်ပါ ခေါင်းငုံ့နေခဲ့ရသည့်သာ။

"အခု မင်းဘာဆက်လုပ်မလဲ ဝက်ပါ"

ဖေဖေ့အမေးကြောင့် ဝက်ပါ ခေါင်းမော့ကာ သူတောင်းဆိုချင်သည့်ဆန္ဒအတိုင်း . . .

"သား နိုးနိုးကိုလက်ထပ်ချင်တယ် ဖေဖေ"

"လက်ထပ်ချင်တယ်ဆိုတာ ဘယ်လိုပုံစံမျိုးနဲ့လဲ"

"ဖေဖေ ဘာကိုမေးတာလဲ၊ သားနားမလည်ဘူးဖေဖေ"

"မင်း . . . နိုးနိုးကိုတကယ်ချစ်လို့ လက်ထပ်ချင်တာ



www.burmeseclassic.com

www.burmeseclassic.com



လား။ သမားကိုအနိုင်ရချင်လို့ လက်ထပ်ချင်ဘာလားလို့ မေးတ
လေ။ တစ်ဖက်က အရှုံးပေးသမျှ မင်းကအနိုင်လိုချင်တဲ့လောဘ
တွေနဲ့ကောင်မို့လို့ ငါမေးရတာ''

''ရှစ်ကလည်း မေးလိုက်ကတည်းက ထော်လော်ကန်
လန့်တွေ''

''ဒီကိစ္စမှာ မင်းဘာမှဝင်မပြောနဲ့ ဖြိုး။ တို့ဘက်က ကိုယ့်
သားမို့လို့ အကောင်းမြင်ဝါဒနဲ့ အတ္တကြီးတယ်လို့ ကိုယ်အပြော
မခံနိုင်ဘူး။ တို့က တို့သားတစ်မျက်နှာကိုပဲကြည့်ပြီး ဆုံးဖြတ်
လိုက်ရင် ဟိုဘက်မှာ တူတစ်ယောက်လုံး ခံလိုက်ရတဲ့ ကိုမျိုးသိုက်
ဘယ်လိုခံစားသွားရမလဲ။ ကိုယ်ချင်းစာကြည့်လေ''

''ဒါကတော့ မိဘတိုင်းမှာ ကိုယ့်သားသမီးအတွက် မတူ
ညီတဲ့ အတ္တကိုယ်စီရှိနေကြတာပဲ''

ဦးကမ္ဘာကျော် ခေါင်းကိုခါရမ်း၍ သက်ပြင်းချလိုက်မေ
အတ္တကိုယ်စီ လူတိုင်းရင်မှာ ရှိကြတာမှန်ပေမယ့် အဲဒီရှိတဲ့အတ္တ
က တစ်ဖက်စောင်းနင်းမနိုင်ဖို့တော့ လိုသည်လေ။

''လောကမှာ လူရယ်၊ လူ့ရယ်၊ လူးရယ်ဆိုပြီး လူသုံး
မျိုးရှိတဲ့အနက် လူပီသချင်တယ်ဆိုရင် လူသားဆန်စွာ စာနာ
ထောက်ထားခြင်းဆိုတာတွေ ရှိရမယ် ဖြိုး။ တရားသဘောနဲ့





ပြန်ရှုကြည့်ရင် သားသမီး၊ ပစ္စည်းဥစ္စာ ဘယ်အရာမှ ကိုယ့်ကို
တစ်သက်လုံး ဖက်တွယ်နေမှာမဟုတ်ဘူး''

''မတည်မြဲခြင်းတွေကို လူတိုင်းသိတယ်လေ။ သိသိနဲ့
ကိုယ့်သားသမီးကို ဥပေက္ခာပြုပြီး သူများဖို့တွေးပေးတဲ့လူ အရှား
သားပဲ။ ရှင်သာ သူ့ဖို့ ကိုယ့်ဖို့ တွေဝေပုံနဲ့ ညီမျှခြင်းချကြည့်နေ၊
ဘုန်းကြီးဖြစ်ရင်တောင် သပိတ်ကို ရေဆေးသောက်ပြီး ဝမ်းလျှား
မှောက်နေရမယ်၊ သိလား။ ကျွန်မကတော့ သားဆန္ဒကို မဖြစ်
ဖြစ်အောင် ဖြည့်ဆည်းပေးရမှာပဲ''

ဒေါ်ဖြိုးဖြိုးဘက်ကလည်း မလျှော့ပေ။ အခြေအတင်
ပြောလာကြပြီဆိုတော့ မဆိုင်တာတွေရော ဆိုင်တာတွေရော ပါ
လာနိုင်၏။

''မင်းလုပ်ချင်တိုင်း လုပ်လို့မရဘူးလေ၊ နိုးနိုးရဲ့ဆန္ဒက
အရေးအကြီးဆုံးပဲ။ သူ့ဆန္ဒမပါဘဲနဲ့ မင်းဘာလုပ်လို့ရမှာလဲ။ ပြော
စမ်း''

''လူကြီးချင်း ပြောခဲ့ဆိုခဲ့ကြတာ ရှိတယ်လေ''

''အဲဒီလူကြီးက အခု သက်ရှိထင်ရှားရှိနေသေးလို့လား
တွ''

ဦးကမ္ဘာကျော်ပြောတော့ ဒေါ်ဖြိုးဖြိုးကြည့် မျက်နှာလွှဲ



www.burmeseclassic.com

သွား၏။ သူပြောတာဟုတ်နေပေမယ့် သားအတွက် မိခင်တစ်ယောက်ရဲ့အတ္တနှင့် နှိုင်းယှဉ်ပြီး လက်မခံနိုင်ဖြစ်နေသည်။ ရှု ကြီးချင်းပြောခဲ့တာကို ပြောပြလိုက်ရင် နိုးနိုး ငြင်းနိုင်ဦးမလား။

နိုးနိုးက မိဘစကားကို နားထောင်မည်လို့လည်း ယုံ ကြည်မိ၏။ သူ့အဖေ သက်ရှိထင်ရှားမရှိတာကိုက သေသူစကား မတတ်ပုံစံနှင့် သားစိတ်ချမ်းသာအောင် နိုးနိုးကို ဖျောင်းဖျရ ရမှာ။

"သက်ရှိထင်ရှားမရှိတော့ပေမယ့် မိဘရဲ့ကတိစကားကို တော့ သားသမီးက လိုက်နာသင့်တာပဲလေ"

"ဘာ! ကတိစကား. . . ဟုတ်လား"

ဦးကမ္ဘာကျော် ခါးကိုကိုင်း၍ မျက်နှာကိုရှေ့သို့တိုးကာ

"ကတိစကားလို့ပြောရအောင် သာထက်နဲ့ငါကြားမှာ စကားရှိခဲ့တာမှန်ပေမယ့် ကတိမထားခဲ့ကြဘူး ဖြူ။ မင်း,သားရဲ့ မွေးနေ့ပွဲမှာ ကလေးချင်းဆုံပေးပြီး မင်း,သားကို သာထက်က သဘောကျမသွားခဲ့ဘူးဆိုတာ မင်းသိရဲ့လား"

"အို. . . သားကို သဘောမကျရအောင် သားက ဘာ ဖြစ်နေလို့လဲ။ ကျွန်မသားက ဥစ္စာပေါ ရုပ်ချော ပညာတတ်လေ"

"အဲဒီအရာတွေ ပြည့်စုံတိုင်း အိမ်ထောင်ဖက်ကောင်း





တစ်ယောက်ဖြစ်မလာနိုင်တာကို သာထက် သိတယ်။ နိုးနိုးက သည်း မင်း,သားလို အရည်အချင်းတွေနဲ့လေ။ သူ့သမီးကို မတူ တန်သလို ဆက်ဆံခဲ့တဲ့ကောင်ကို ဖအေလုပ်သူက အားတုံ့ အားနာနဲ့ သားမက်အဖြစ် ရွေးချယ်မတဲ့လား။ မင်းဆိုရင်ကော ကိုယ့်သမီးကို မတူမတန်ဆက်ဆံခဲ့တဲ့ကောင်နဲ့ ဖွတ်မိုတ်ပေးစား မှ ဆုံးဖြတ်မလား. . . ပြော"

"ရှင် စကားကို ကပ်ဖိုးကပ်ဖဲ့မပြောပါနဲ့"

"ကဲ. . . တော်ကြပါတော့"

ဝင်းပါက စိတ်မရှည်သလိုပြောလိုက်မှပဲ မတူညီသော မျက်ဝန်းနှစ်စုံက ဝင်းပါ့မျက်နှာပေါ်သို့ ရောက်လာကြသည်။ ပြီး နှုတ်ခနဲ မျက်နှာပြန်လွှဲသွားကြ၏။

"သားက သားရွှေအိုးထမ်းပြန်လာတာကို မြင်ချင်တာ။ နိုးနိုးကိုချစ်သလို သမားကိုလည်း နိုင်ချင်တယ်။ အဲဒါကြောင့် ဖေဖေ မေမေတို့ကို အသိပေးတာ"

"အသိပေးတာ. . . ဟုတ်လား"

ဝင်းပါ နှုတ်ခမ်းကိုတင်းတင်းစေ့၍ ထရပ်လိုက်သည်။ မိဘအားကိုးနဲ့သိမ်းပိုက်ရလောက်အောင် သူမညံ့သေးပါဘူး။ အခု အတော့ သမားက သူ့ရဲ့အချစ်ဆုံးသူငယ်ချင်းပါ။ အချစ်နဲ့ပတ်

www.burmeseclassic.com



သက်လာတော့ ကိုယ့်နှလုံးသားကိုစတေးပြီး လမ်းခင်းမပေးနိုင်တာက သူ့ရင်ထဲမှာ ဖြစ်တည်နေတဲ့နင့်သီးမှုတွေကြောင့်လေ။

အစက မချစ်တတ်ခဲ့တာ မှန်ပါသည်။

တွေ့နေမြင်နေကျဖြစ်လာတော့ နိုးနိုးရဲ့အလှတရားမှာ ယစ်မူးပြီး သူ့နှလုံးသားတွေ အရည်ပျော်သွားခဲ့၏။ ချစ်ခြင်းမှာ မစွန့်လွှတ်နိုင်ခြင်းတွေ ဖော်လိုလိုက်လာတော့ ကိုယ်နှင့်ပြိုင်ဖက်ဖြစ်လာသည့် သူငယ်ချင်းဆိုတာကို သဘောထားကြီးစွာနဲ့ လည်ပင်းဆက်ဖက်ပြီး အရှုံးမပေးနိုင်တာ ဝက်ပါ မလွန်ဘူးထင်ပါသည်။ ကိုယ့်မှာ ရှုံးပွဲမရှိခဲ့ဖူးသေးတော့ ရှုံးရမှာကိုလည်းကြောက်၏။

"သား ကိုယ့်ကြိုးစားမှုနဲ့ကိုယ် နိုးနိုးကိုရအောင် လက်ထပ်မှာပါ"

"အေး. . . မင်းရဲ့ကြိုးစားမှုက မှန်ကန်ပါစေ ဝက်ပါ"

"အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူးဆိုတဲ့စကား ရှိနေတာပဲ ဖေဖေ"

ဦးကမ္ဘာကျော် ထရပ်လိုက်ပြီး ဝက်ပါနှင့်မျက်နှာချင်းဆိုင်မှာ သွားရပ်လိုက်ပြီး. . .

"စစ်ရှုံးရင် သေတာက အသက်၊ အချစ်ရှုံးလို့ သေမှာက ဘဝပဲ ဝက်ပါ။ အသက်သေတာထက် ဘဝသေတာက ပို





ဆိုးတယ်ကွ"

"ဘဝမသေချင်လို့ကို အချစ်ကိုရအောင်ယူဖို့ သားပြောနေတာပါ ဖေဖေ"

ဦးကမ္ဘာကျော် မဲ့ပြုံးနှင့်ခေါင်းခါလိုက်ကာ. . .

"ငါပြောတာကို မင်းသဘောမပေါက်ပါဘူး၊ မင်းဘက်က နိုင်ပေမယ့် နိုးနိုးဘက်က ရှုံးသွားခဲ့ရင် သေကြရမှာက သုံးဘဝလေ။ အရှင်းဆုံးပြောရရင် ခရစ္စမတ်ညက သမားနဲ့နိုးနိုးတို့ သရုပ်ဆောင်ခဲ့တာမဟုတ်ဘဲ တကယ့်ရင်ထဲက လာတဲ့စကားတွေ ဖြစ်နေခဲ့ရင် သားရဲ့ဆုံးဖြတ်ချက် မှားလိမ့်မယ် သား။ သား ရအောင်ယူလို့ နိုးနိုးကိုပိုင်ဆိုင်ခွင့်ရပေမယ့် ချစ်သောသူနဲ့ ကွေကွင်းရခြင်းဒုက္ခ၊ မချစ်မနှစ်သက်သောသူနဲ့ ပေါင်းသင်းရတဲ့ဒုက္ခ၊ ကိုယ်ကချစ်နေပါလျက်နဲ့ ကိုယ့်ကိုပြန်မချစ်လို့ ခံစားရတဲ့ဒုက္ခ၊ ဒီဒုက္ခတွေအသီးသီးက သားတို့သုံးယောက်ရဲ့ဘဝကို သတ်သေ့လက်နက်တွေဆိုတာ သားတွေးမိရဲ့လား"

"အစကတည်းက နိုးနိုးစိတ်ဝင်စားခဲ့တာက သားကိုပါဖေဖေ။ နိုးနိုးရင်ထဲမှာ ရှိနေတာက သားပါ။ အခု သမားက သူ့ဘက်ပါအောင် ဖြတ်ခုတ်ပြီး သိမ်းသွင်းနေတာလေ"

အစက စိတ်ဝင်စားတာ ဥပေက္ခာတရားနဲ့နောက်မှာ နိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြည်တည်မြဲနေပါဦးမလား။ အမြဲတမ်းအရှုံးပေး အနစ်နာခံခဲ့တဲ့ သူငယ်ချင်းကို အကောင်းမမြင်နိုင်တော့လောက်အောင် အချစ်က ဖုံးလွှမ်းသွားပြီလား။

သားစကားကို မယုံမရဲနှင့်သာ နှုတ်ဆိတ်လိုက်မိတော့၏။ လူ့စိတ်ဆိုတာ သစ်ပင်ကို ဓားခုတ်ရာနှင့် ထစ်မှတ်သလိုမျိုး တစ်သမတ်တည်း မရှိတတ်လေတော့ သားကံကောင်းပါစေလို့သာ မိဘတစ်ယောက်၏အတွေးနှင့် ဆုတောင်းရတော့မည်။

"အခု သား ဘယ်ကိုသွားမလို့လဲ"

"နိုးနိုးတို့အိမ်ကိုပါ"

"ဘာသွားလုပ်မှာလဲ"

"သားဘက်က သူ့အချစ်ကိုရဖို့ ကြိုးစားရမယ်လေ"

ဦးကမ္ဘာကျော် ခေါင်းညိတ်ပြီး သက်ပြင်းချလိုက်မိပြန်၏။ ဝက်ပါ တက်ကြွသောခြေလှမ်းများနှင့် ထွက်လာခဲ့သည်။ နိုးနိုးရင်ထဲမှာ ရှိနေခဲ့တာ ကိုယ်မှန်းသိသိနဲ့တောင် လူအများရှေ့မှာ သရုပ်ဆောင်ကြတာကိုပဲ သည်းမခံနိုင်။ သဝန်တိုခဲ့တာ နိုးနိုးကို သိပ်ချစ်မိလို့ပါ။

နိုးနိုးအပေါ်မှာ သမားက ကိုယ့်ထက် ကောင်းခဲ့သူမို့ ကိုယ့်နေရာမှာ အစားထိုးလိုက်ရင်လို့တွေးပြီး ကြောက်ခဲ့တာပါ။





တကယ်တော့ အချစ်ဆိုတာ စက်ပစ္စည်းတစ်ခု ချို့ယွင်းသွားသလို အစားထိုးပြင်ဆင်လို့မှမရတာ။

ဝက်ပါ. . . နိုးနိုးတို့အိမ်ကိုရောက်တော့ ဦးချစ်မောင်နှင့် သူ့တူတွေက မကြည်ကြည်နှင့် ဆီးကြိုကြသည်။ ဂရုစိုက်စရာလား။ နိုးနိုးနှင့်တွေ့တော့လည်း. . .

"ဒီကိုလာတာ ဘာကိစ္စရှိလို့လဲ ဝက်ပါ"

"ကိုယ်က ကိစ္စရှိမှ လာခွင့်ရှိသလား နိုးနိုး"

"ညှော်သည်လာရင် အိမ်ရှင်ကတော့ ကြိုဆိုရမှာပါ။ နိုးနိုးက လူမှုရေးမခေါင်းပါးပါဘူး"

"နိုးနိုး ကိုယ်တို့အိမ်ကိုလာခဲ့တုန်းက ကိုယ် မချေမငံ ဆက်ဆံခဲ့တာတွေအတွက် လက်စားချေတာလား"

"နိုးနိုးမှာ လက်စားချေတတ်တဲ့အကျင့် မရှိပါဘူး။ ထိုင်လေ"

နိုးနိုးက ဆိုဖာပေါ်မှာ အရင်ထိုင်ချလေတော့ ဝက်ပါ နိုးနိုးနှင့် နီးကပ်စွာပင် ဝင်ထိုင်လိုက်သည်။

"နိုးနိုး"

"ဟင်"

ဝက်ပါ နိုးနိုးမျက်နှာလေးကို ငေးမောနေမိလေတော့



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်ပြီး ဘာမှလည်းမပြောပါလား၊ ပြောစရာရှိရင် ပြော လေ"

"ပြောချင်လို့ပဲ လာခဲ့တာပါ နိုးနိုးရယ်"

"အင်း. . . ပြောလေ၊ နိုးနိုး နားထောင်နေတာပဲဟာ"

နိုးနိုးမျက်နှာလေးက ရှက်ခြင်းကြောက်ခြင်းတို့ ကင်းမဲ့စွာ တည်ငြိမ်နေသည်။ ဝက်ပါ မချင့်မရဲနှင့် နိုးနိုးလက်ကလေးကို ဆုပ်ကိုင်လိုက်ပြီး. . .

"ကိုယ် နိုးနိုးကိုအရမ်းချစ်တယ်၊ ချစ်လွန်းလို့ ကိုယ်မှားခဲ့မိတာအတွက်လည်း ကိုယ်တောင်းပန်ပါတယ် နိုးနိုးရယ်"

"ဝက်ပါတောင်းပန်ရမှာ နိုးနိုးမဟုတ်ဘူး ဝက်ပါ။ မရှု မလှုခံခဲ့ရတာက သမားလေ။ သမားကို တောင်းပန်ရမှာပါ"

အုပ်ထားတဲ့ ဝက်ပါ့လက်က ခပ်ဖွဖွသာဖြစ်ပြီး အင်အားပျော့သွားသည်။ ဝက်ပါ့လက်သီးချက်တွေကို မရှောင်မတိမ်း မခုခံဘဲနှင့် အသားအနာခံသွားသည့် သမားပုံရိပ်က နိုးနိုးမျက်လုံးထဲက မထွက်ပေ။ သူငယ်ချင်းကိုချစ်လွန်းလို့ ခံမထိုးရက်တာလား။ သရုပ်ဆောင်ခြင်းအတွက် ပြောခဲ့ရတဲ့စကားတွေအတွက် သူမှားတယ်ထင်လို့ ငြိမ်ခံသွားတာလား။ ဘာကြောင့်ပဲဖြစ်ဖြစ် သူ့အတွက်စိတ်မကောင်းဖြစ်ပြီး နိုးနိုးငိုခဲ့ရသည်သာ။





"နိုးနိုးဆီက အဖြေရပြီးရင် ကိုယ် သမားကိုတောင်းပန်ပါ့မယ်"

နိုးနိုးဆီက အဖြေမရရင် မတောင်းပန်ဘူးဆိုတဲ့သဘောလား ဝက်ပါ။

"ဝက်ပါက ဘယ်လိုအဖြေမျိုး ကြားချင်တာလဲဟင်"

"မေးနေစရာလိုသေးလို့လား နိုးနိုးရယ်။ နိုးနိုးနှုတ်ဖျားက ချစ်တယ်ဆိုတဲ့အဖြေကိုပဲ ကြားချင်တာပေါ့"

"ခဏခဏ ကြားခဲ့ဖူးနေတာများ မရိုးနိုင်သေးဘူးလား ဝက်ပါရဲ့"

"မတူဘူးလေ နိုးနိုးရဲ့၊ အရင်က ချစ်တယ်မုန်းတယ် ကစားကြည့်ခဲ့တာ။ ဒီတစ်ခါ အတည်"

"ဩ်"

အတည်ချစ်တတ်လာတယ်ဆိုလို့ ဝမ်းသာအားရ လက်ခုပ်ထတီးလိုက်ရမည့်အဖြစ်ပါလား။ ဘယ်ရည်းစားကို အချစ်ဆုံးလဲလို့ မေးရလောက်အောင်လည်း နိုးနိုးမကြောင်သေး။ ရည်းစားဦးကို မြေးဦးရသည်အထိ မမေ့ဘူး၊ နောက်ဆုံးလူကိုမှ ပထမလူတွေဆီကအချစ်တွေကိုပါပေါင်းပြီး အချစ်ဆုံးဆိုတဲ့စကားတွေ။

တကယ်တော့ ဦးဆုံးပဲဖြစ်ဖြစ်၊ နောက်ဆုံးပဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားရဲ့လက်ခံနိုင်မှုအင်အားပေါ်မှာပဲ မူတည်တာပါ။

"နိုးနိုး"

"ဟင်"

"ဖြေလေ"

နိုးနိုးပြုံးလိုက်ပုံက ချစ်စဖွယ်လေးပါ။

"ဝက်ပါ့ကိုအဖြေပေးဖို့အတွက် နိုးနိုးရင်ထဲမှာ အဖြေ အဆင်သင့်ရှိမနေဘူး ဝက်ပါ"

"ဘာ!"

"အခုက လူအများရှေ့မှာ ပျော်ပွဲရွှင်ပွဲလုပ်ပြီး သရုပ်ဆောင်ပြနေတာ မဟုတ်ဘူးလေ"

ပြောပြီး နိုးနိုး လက်ကလေးကို ရုန်းပစ်လိုက်၏။ ဝက်ပါကလည်း အလိုက်သင့်လေး လွှတ်ပေးလိုက်သည်။

"ကိုယ် ဘယ်လောက်စောင့်ရမှာလဲ နိုးနိုး"

"သိပ်မစောင့်ရပါဘူး။ ဒီနှစ်က ဖိုင်နယ်လေ။ ကျောင်းပြီးတဲ့အထိတော့ သည်းခံလိုက်ပါ။ ဒီကြားထဲ ခေါ်ရုံပြောရုံ နှုတ်ဆက်ရုံနဲ့ ပုံမှန်ပဲ ဆက်ဆံကြတာပေါ့။ ဘယ့်နှယ်လဲ"

ဝက်ပါ လေးတွဲ့စွာ ခေါင်းညိတ်လိုက်ရင်း...

"ကောင်းပြီလေ၊ ကိုယ်စောင့်ပါ့မယ်"

❦ ❦ ❦



## အခန်း (၂၇)

"စာကလေး တစ်နေ့ အမြီးပေါက်နိုး၊ တစ်နေ့ အမြီး ပေါက်နိုးနဲ့ စောင့်ရသလို၊ ကြာရင် ကျွန်တော်တို့ပဲ ဆံဖြူပြီး သွားကျိုးသွားလိမ့်မယ်။ အခုထိ ဘာမှမထူးခြားသေးပါလား ဦး ချစ်မောင်"

ကျော်ဇင်က စိတ်မရှည်သလိုပြောလာပြီ။ ဘယ်စိတ် ရှည်ပါတော့မလဲ။ ဒီအိမ်မှာ သူတို့နေခဲ့ရတာပဲ ကြာပြီ။ အခုထိ ဘာမှမလှုပ်ရှားသေးတာ မလွန်လွန်းဘူးလား။

"ကျော်ဇင်ပြောတာ ဟုတ်တယ် ဦးချစ်မောင်။ ကျုပ် တို့ ဒီမှာ ဘယ်လောက်ကြာကြာနေရဦးမှာလဲ။ အခုဆိုရင် ကောင် မလေးပဲ ကျောင်းပြီးသွားပြီလေ။ သူကျောင်းပြီးသွားတော့ အပြင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်တာ နည်းသွားပြီ။ ကျုပ်တို့ ဘာဆက်လုပ်ရမှာလဲ။ တစ်နေ့တစ်နေ့ ကောင်မလေးအလှကို ထိုင်ငေးပြီး သူပြောသမျှကို ခေါင်းညိတ်နာခံနေရတာနဲ့ ပြီးသွားမှာလား"

"မင်းတို့ နည်းနည်းလေး စိတ်ရှည်ရှည်ထားကြစမ်းပါကွာ။ ဆွမ်းကောင်းစားချင်ရင် နေမြင့်ခံပြီး စောင့်ရတယ်တဲ့။ အရင်က တန်ဖိုးကြီးပစ္စည်းတွေ ထားနိုင်တဲ့နေရာမှန်သမျှ တို့ရှာပြီးပြီမဟုတ်လား။ အဲဒါအတွက် သူနိုးဝင်မွှေတာပါလို့ မျက်နှာငယ်ငယ်နဲ့ပြောထားရတာ နောက်ထပ်မွှေရင် ရိပ်မိသွားမှာပေါ့ကွ"

ကျော်ဖင်နဲ့ကျော်ထင် အကြည့်ချင်းဆုံသွားကြသည်။ သူတို့က လူငယ်တွေပီပီ တုံးဆိုတိုက်၊ ကျားဆိုကိုက် လုပ်ပစ်ချင်သူတွေပါ။ စောင့်ရတဲ့အလုပ်ကို သိပ်စိတ်ရှည်တာမဟုတ်ဘဲ စောင့်နေရတာ ဦးချစ်မောင်က အချိုကြီးရမယ်ဆိုလို့လေ။ တကယ့် သူဌေးမို့ ကြေးပါမှာကို မျှော်ကိုးပြီး သူကျွေးတာစား၊ သူပေးတာယူ၊ သူခိုင်းတာလုပ်နေရတာ ဘယ်လောက်စိတ်ကျဉ်းကျပ်လိုက်ပါသလဲ။

"ကျုပ်ကတော့ စိတ်မရှည်ချင်တော့ဘူး ဦးချစ်မောင်။ စောင့်နေရတာ ကြာတယ်၊ ကျုပ်အစီအစဉ်ဆွဲပြီး လုပ်စရာရှိတာ





လုပ်ချင်တယ်"

"မင်းက ဘယ်လိုစိတ်ကူးထားလို့လဲ"

"နိုးကြောင်နိုးဂုက်လှုပ်ရှားနေရမယ့်အစား ကောင်မလေးကိုအပိုင်ကိုင်ပြီး လိုချင်သလောက် တောင်းလိုက်မယ်"

"ပါးစပ်ကပြောတာ လွယ်တယ် ကျော်ဖင်၊ ဒီကိစ္စ မပိရိလို့ ပေါက်ကြားသွားရင် အကုန်ဂျောင်းကုန်မှာ။ နားလည်လား"

"ကျွတ်!"

ကျော်ထင်က မျက်မှောင်ကြုတ်၍ စဉ်းစားဟန်ပြုနေ၏။ မပိရိရအောင် ဒီအိမ်မှာ လူဘယ်နှယောက် အပိုရှိနေလို့လဲ။

"ကျုပ်စဉ်းစားမိပြီ"

"ဘာလဲ"

"ကောင်မလေးဆီမှာ အတွင်းပစ္စည်းတွေတောင်းပြီး ရတာနဲ့ နှုတ်ပိတ်ပစ်လိုက်"

"ဟိုက လွယ်လွယ်ကူကူပေးဦးမှ ဖြစ်မှာကို"

"မလွယ်ရင် လွယ်တဲ့နည်းသုံးရမှာပေါ့။ ဒီလိုလေ"

ခေါင်းသုံးလုံးဆိုင်ပြီး ကျော်ထင်က သူ့အစီအစဉ်ကို ပြောပြလေသည်။ ဒါကိုလှမ်းမြင်ပြီး လှစ်ခနဲပြေးသူက ညိုညို ရယ်ပါ။ ဒီကိစ္စ မမကိုပြောပြရမည်လေ။ သူတို့ဘာတွေပြောနေ



www.burmeseclassic.com

www.burmeseclassic.com



ကြမှန်းမသိပေမယ့် ပုံမှန်မဟုတ်တဲ့အကြောင်းကိုတော့ ပြောပြမှ ဖြစ်မှာ။

"မမ"

"..."

"မမ"

"ဟင်"

ညိုညိုအခန်းထဲဝင်လာပုံက သုတ်သီးသုတ်ပြာနှင့် တစ်ခုခုကို စိုးရိမ်နေဟန် ရှိလေတော့၊ နိုးနိုး သူမကြည့်နေသော သော့ချိတ်ကလေးကို စာကြည့်စားပွဲ၏အံဝှက်ထဲသို့ ပြန်ထည့်လိုက်ရင်း...

"ဘာလဲ ညိုညို"

"မမကို ညိုပြောစရာရှိလို့၊ အရေးကြီးတယ် မမ"

နိုးနိုး မျက်မှောင်ကြုတ်ကာ စဉ်းစား၍...

"ပြောလေ"

ညိုညိုက နိုးနိုးအနားသို့ တိုးကပ်သွားပြီး...

"ဦးချစ်မောင်တို့တူဝရီးတွေ မူမမှန်ဘူး မမ။ တစ်ခုခုကို ကျိတ်ကြံနေပုံရတယ်။ မမသတိထားဖို့ လိုလာပြီ"

"ညိုညို ဘာတွေကြားခဲ့ရလို့လဲ"





"ကြားတော့ မကြားဘူးမမ၊ မြင်ခဲ့တာအရဆိုရင် သူတို့ နိုးသားဘူး။ သတိဆိုတာ ပိုတယ်မရှိပါဘူးမမရယ်။ ညိုညိုတို့ ဘာလုပ်ကြမလဲဟင်"

နိုးနိုး တွေးတွေးငေးငေးလေး ဖြစ်သွားသည်။ ဒီကိစ္စကို သမားရိုးကျအတိုင်း တွေးကြည့်မြင်ကြည့်လို့မရဘူးဆိုတာ နိုးနိုး သိသည်။ အိမ်ကို သူနိုးဝင်မွှေခံရတယ်ဆိုတာကိုက စဉ်းစားစရာ ဖြစ်နေတာပါ။ ယောက်ျားသုံးယောက် ရှိနေတာတောင် မလုံခြုံတာ ဘယ်လောက်ဆိုးလိုက်ပါသလဲ။ သူတို့သုံးယောက်ကြားမှာ နိုးတို့မိန်းကလေးနှစ်ယောက်တည်းနေရတာလည်း နေသာနေရ ဘဝကတော့ ခပ်ချွမ်းချွမ်းရယ်ပါ။

"ညိုညို"

"ရှင်...မမ"

"နင် ဟန်မပျက်နေ၊ မူမပျက်စေနဲ့...ကြားလား"

"မမ"

"ငါပြောတာကိုပဲ နားထောင်စမ်းပါ။ သူတို့ဘာပဲလုပ်လုပ် မသိချင်ယောင်ဆောင်နေလိုက်။ လောလောဆယ်ကြီးတော့ သူတို့ ဘာမှမလုပ်လောက်သေးပါဘူးဟယ်"

"ရန်သူကို လျှော့မတွက်နဲ့ မမရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ညိုညိုပြောတာလည်း ဟုတ်ပါသည်။ ရန်သူကိုလွှော တွက်လို့မရတာ သိပေမယ့် ကိုယ်က ဘယ်လိုကာကွယ်ရမလဲ ဆိုတာ စဉ်းစားရတာခက်၏။ ကံမကောင်း အကြောင်းမလှလို့ သူတို့က သတ်မည်ဆိုလျှင်လည်း သေရုံသာရှိတော့သည်လေ။

မွေးတစ်နေ့သေတစ်နေ့ပဲဟာ၊ နိုးနိုးသေရမှာ မကြောက်ပါဘူး။ ဒါပေမဲ့ အဓိပ္ပာယ်မဲ့သေဆုံးခြင်းကို လက်မခံနိုင်တာကြောင့် ကြိုတင်ပြင်ဆင်မှုဆိုတာ လုပ်ကိုလုပ်ထားရမည်။

"မတော်တဆ ငါတစ်ခုခုဖြစ်ခဲ့ရင်"

"အို! မမကလည်း၊ ဖွဟဲ့ . . . လွဲပါစေ ဖယ်ပါစေ"

"အန္တရာယ်က ကိုယ့်ဆီ ဘယ်အချိန်လာမယ်မှန်းမှ မသိတာ ညိုညိုရဲ့။ ငါတစ်ခုခုဖြစ်ပြီဆိုတာနဲ့ နင်လွတ်အောင်ပြေး ညိုညို။ မဆိုင်တဲ့နင် အဆစ်ပါမှာစိုးလို့ပြောတာ"

နိုးနိုး ဖုန်းကိုထုတ်ပြီး ဝက်ပါ့ဖုန်းနံပါတ်ကို နှိပ်လိုက်၏။ အရေးကြီးလာရင် နိုးနိုးမှာ အားကိုးစရာဆိုလို့ သူတို့ပဲရှိတာပါ။

"ဟဲလို"

"ဝက်ပါ . . . နိုးနိုးပါ"

"ဩော် . . . နိုးနိုး၊ ကိုယ့်ဆီကို ဖုန်းတွေဘာတွေဆက်လို့ပါလား။ ကိစ္စရှိလို့လား"





"ရှိတယ် ဝက်ပါ၊ အရမ်းအရေးကြီးတယ်"

"ဟုတ်လား . . . ပြောလေ"

"ဒီလို ဝက်ပါရဲ့"

နိုးနိုး ဦးချစ်မောင်တို့တူဝရီးသုံးယောက်နှင့်ပတ်သက်ပြီး ယောက်ဖွယ်ရာတွေကို ပြောပြလိုက်သည်။

"ဒါဆို ကိုယ်လာခဲ့မယ်၊ နိုးနိုး ဘာမှမကြောက်နဲ့နော်"

"မြန်မြန်လာခဲ့နော် ဝက်ပါ"

"အင်းပါ . . . စိတ်ချ"

နိုးနိုးနဲ့ဝက်ပါ ဖုန်းပြောနေကြတုန်းမှာ ညိုညို အောက်ထပ်သို့ပြန်ဆင်းလာခဲ့သည်။ ညိုညိုအကူအညီတောင်းဖို့ သတိရသွားတာက သမားကိုပါ။ ညိုညိုက သမားကို ဝက်ပါထက် ပိုခင်ပြီး ပို၍အားကိုးသူလေးပါ။ ဝက်ပါနဲ့သမားနှစ်ယောက်စလုံး ရောက်လာရင် ပိုကောင်းတာပေါ့။

ဖုန်းကိုကောက်ကိုင်ပြီး ညိုညို ကိုသမားကိုဆက်လိုက်တော့ လာခဲ့မယ်တဲ့။ မဆိုင်းမတွဖြေလိုက်တဲ့အသံ။ စိုးရိမ်မှုတွေ အပြည့်နှင့်မို့ ညိုညိုအားတက်သွားသည်။

"ဟိုကောင်မလေးရော"

"မီးဖိုခန်းထဲမှာရှိရင်ရှိ၊ မရှိရင် နိုးနိုးအခန်းထဲ ရောက်



www.burmeseclassic.com

www.burmeseclassic.com



နေမှာပေါ့''

''ကျော်ထင်၊ မီးဖိုခန်းထဲသွားကြည့်စမ်း။ တွေ့ရင် တစ်ခါတည်း ဆွဲခေါ်လာခဲ့''

ညိုညိုကြားလိုက်ရသံတွေကြောင့် ဗီရိုအကွယ်သို့ တိုးဝင်လိုက်ပြီး ခြေဖျားလက်ဖျားတွေ အေးစက်လာသည်။

''ဘုရား. . . ဘုရား. . . ''

ညိုညို ဘုရားတ၍ ရင်ဘတ်ကို လက်နှင့်ဖိထားလိုက်သည်။ မမက ခုလောလောဆယ်တော့ သူတို့ဘာမှမလုပ်နိုင်သေးပါဘူးဆိုပေမယ့် အခုပဲ သူတို့ပုံစံတွေက ဗီဒီယိုထဲက လူကြမ်းတွေလို ဖြစ်နေပြီ။

''တွေ့လား''

''မတွေ့ဘူး''

''ဒါဆို နှစ်ယောက်စလုံး အပေါ်မှာထင်တယ်''

''ဟုတ်မှာပေါ့၊ သွားရအောင်''

''ကျော်ဇင်၊ မင်း ဓာတ်ဆီပုံးသွားယူလာခဲ့''

''အေး''

''အေးအေးဆေးဆေး ပြောလို့မရရင် နှစ်ယောက်စလုံး မီးရှို့သတ်ပစ်မယ်''





''ကို''

ညိုညို တံတွေးကိုမျိုချလိုက်မိ၏။ သူတို့ မမဆီကိုသွားတော့မှာ။ ညိုညို ဘာလုပ်ရမလဲ။ ထွက်ပြေးရမလား။ အို! မဖြစ်သေးပါဘူး။ ဖုန်းကို တုန်ယင်သောလက်နှင့်ကိုင်ပြီး သမားဆီသို့ ထပ်ခေါ်လိုက်ပြန်၏။

''ကိုသမား''

''ပြော. . . ညိုညို. . . ပြော''

'မမ ဒုက္ခရောက်တော့မယ်၊ ကိုသမား မြန်မြန်လာပါ''

''ငါ ကားပေါ်ရောက်နေပြီ''

ပြောပြီးတာနှင့် သမားဘက်က အရင်ဖုန်းချသွားသည်။ ညိုညို့မှာ တစ်ယောက်တည်း ကြောက်ဒူးတုန်ရင်းနှင့်သာ. . .



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

"ဝုန်း!"

"ဟင်"

တံခါးကို ဆောင့်ကန်တွန်းဖွင့်လိုက်တာမို့ နီးနီး လန့်ဖျပ်သွားသည်။ ဝင်လာကြတော့ ဦးချစ်မောင်နှင့် သူ့တူတွေ။

"ဦးလေး"

"ဟင်း . . . ဟင်း . . . ဟင်း"

ဦးချစ်မောင်က တဟင်းဟင်းရယ်၍ နီးနီးဆီသို့ တိုးကပ်သွားလေသည်။

"ရှင် . . . ရှင်တို့ ကျွန်မအခန်းထဲကို ဘာလာလုပ်ကြတာလဲ။ ထွက်သွား"



www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ဆွေးနွေးစရာရှိလို့ လာခဲ့တာပဲ နိုးနိုး"

"ဘာဆွေးနွေးမှာလဲ၊ မလိုချင်ဘူး. . . ထွက်သွားကြ သွား"

"ဟော့ကောင်တွေ"

ဦးချစ်မောင် မျက်စပစ်ပြလိုက်တာနှင့် ကျော်ထင်နှင့် ကျော်ဇင်က နိုးနိုးအနားဆီ ဘေးတစ်ဖက်တစ်ချက်သို့ ရောက်လာကြ၏။ နိုးနိုးဘာမှတောင် ကြိုတင်ပြင်ဆင်ချိန်မရလိုက်ပါလား။ ညိုညိုပြောသလို ရန်သူကိုလျှော့မတွက်နဲ့ဆိုတဲ့စကားက မှန်နေပြီ။ လောလောဆယ် ဘာမှမဖြစ်လောက်သေးဘူးလို့ ထင်ထားတာ၊ အခုပဲ နိုးနိုး အန္တရာယ်တွေ ဝိုင်းရံခြင်းကို ခံလိုက်ရပြီလေ။

နိုးနိုး . . .

ဦးချစ်မောင်မျက်နှာကို စူးစူးရဲရဲကြည့်၍ ထရပ်လိုက်၏။

"တို့ပြောတာကို အေးအေးဆေးဆေးနားထောင်၊ ပြီးရင် ဆုံးဖြတ်။ ကလန်ကဆန်လုပ်ရင် သတ်ပစ်မယ်"

ဒါက ကျော်ဇင်ပြောလိုက်တာပါ။

"ရှင်တို့က ဘာကိုဆွေးနွေးမှာလဲ"

"မြွေမသေ တုတ်မကျိုးရအောင် မင်းဆီမှာရှိနေတဲ့ ရတနာပန္နည်းတစ်ဝက်ကို တို့လိုချင်တယ်"





"ရှင်တော်တော်ယုတ်မာပါလား ဦးချစ်မောင်"

"ယုတ်မာတယ်လို့ မပြောနဲ့ နိုးနိုး၊ တို့က ယုတ်မာတာ မဟုတ်ဘူး၊ ပန္နည်းကိုလိုချင်လို့ ဓားပြတိုက်တဲ့သဘောပဲရှိတာ။ ငါလိုချင်တာရရင် ပြီးရော၊ နင့်ကို ဘာမှထိခိုက်နစ်နာတာတွေ မဖြစ်စေချင်ဘူး"

"ရှင်တောင်းတိုင်း ကျွန်မက ပေးရမှာလား။ ကျွန်မမှာ ရှိသမျှစည်းစိမ်အားလုံးက ကျွန်မမိဘရဲ့ချွေးနဲ့စာတွေ။ လွယ်လွယ်ကူကူ သူများကိုပေးမပစ်နိုင်ဘူး"

"တောက်!"

"အ. . ."

ကျော်ဇင် တက်ခေါက်ပြီး နိုးနိုးလက်ကို ဖိချုပ်လိုက်လေသဖြင့် နိုးနိုး နာကျင်စွာ မျက်နှာလေးရှုံ့မဲ့သွား၏။ ပန္နည်းတွေကို နိုးနိုး မမက်မောပေမယ့် ဒါ အလှူဒါနပြုနေရတာမှ မဟုတ်ဘဲလေ။

"နင်ခေါင်းမမာနဲ့နော် နိုးနိုး၊ သေသွားချင်လို့လား"

"ရှင်တို့က ကျွေးတဲ့လက်ကို ပြန်ကိုက်နေကြတာပဲ"

"ဘာ"

"ကဲ!"



www.burmeseclassic.com

www.burmeseclassic.com



“ဖြန်း...”

“အား...”

ဒေါသနှင့်အော်လိုက်တာက ကျော်ဇင်၊ ရိုက်ချလိုက်တာက ကျော်ထင်ပါ။

“ကျော်ထင်”

ဦးချစ်မောင် လက်ကာပြလိုက်၏။ နိုးနိုး ပါးတစ်ဖက်ကို လက်နှင့်ဖိပွတ်ရင်း နှုတ်ခမ်းကို ဖိကိုက်ထားလိုက်မိသည်။

“နိုးနိုး”

“...”

“နင်အသားမနာချင်ရင် တို့တောင်းတာကို အေးအေးဆေးဆေးပေးနော်”

“မပေးဘူး”

“နင်တော်တော်ခေါင်းမာပါလား”

“ရှုပ်ပါတယ်ဗျာ၊ သူ့ကိုသတ်ပစ်လိုက်။ ပြီးမှ ကိုယ့်ဘာသာ ရှာယူလည်းရတာကို”

နိုးနိုးဒုက္ခရောက်နေချိန်မှာ ညိုညိုဘယ်ရောက်နေလဲ။ ထွက်ပြေးရင်လည်း ပြေးပါစေ။ သူ့ခမျာ ဘာမဆိုင်ညာမဆိုင် ဓားစာခံဖြစ်သွားမှာကိုပဲ နိုးနိုးက စိုးရိမ်တာပါ။ နိုးနိုးကို မဲနေတော့





ညိုညို့ကို သူတို့သတိမရကြပေ။

ဝက်ပါနှင့် သမားတို့မှာလည်း...

သမားကားက ရှေ့မှထွက်သွားပြီး၊ ဝက်ပါကားက ခြံထဲကနေ နောက်မှထွက်လာသည်။ သမားကားကိုမြင်လိုက်ရတော့ ဝက်ပါအားတက်သွားသည်။ ဘာပဲဖြစ်ဖြစ် အရေးကြီးရင် သွေးစည်းကြတာပဲမဟုတ်လား။ တစ်ယောက်တည်းသွားတာထက် နှစ်ယောက်သွားရင် ပိုပြီးအဆင်ပြေမည်ဟုတွေးကာ သမားရဲ့ကားနောက်ကို မီအောင်လိုက်သည်။ သမားကိုအကူအညီတောင်းရင် ငြင်းမှာမဟုတ်ပါဘူးလေ။

သူလည်း နိုးနိုးဒုက္ခရောက်မှာကို ကြည့်နေနိုင်မယ့်သူမှ မဟုတ်တာ။

“သမား”

ဝက်ပါ ကားချင်းယှဉ်မိတာနှင့် အကျယ်ကြီးအော်ခေါ်လိုက်သည်။

“မင်းကားကို ခဏရပ်ဦး”

အော်ပြောပြီး သူ့ကားကိုရပ်လိုက်တော့ သမားကားကလည်း ရပ်သွား၏။

“ဘာလဲ၊ ဒီမှာ အရေးကြီးနေလို့”



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း အရေးကြီးတာပြောမလို့"

"အချိန်မရဘူး၊ မြန်မြန်ပြော ဝက်ပါ"

"မင်းအခု ဘယ်သွားမလို့လဲ"

"နိုးနိုးတို့အိမ်ကို"

"ငါလည်း အဲဒီကိုသွားမှာ၊ နိုးနိုး အရေးတကြီးဖုန်းဆက်ခေါ်လို့"

"ဒါဆို အချိန်ဆွဲနေလို့မဖြစ်ဘူးလေ။ မြန်မြန်သွားရအောင်"

ပြောပြီးတာနှင့် သမားကားက အရင်ထွက်သွားလေပြီ။ ကားနှစ်စီးက မြားတွေအလားပမား။ ဒီအချိန်မှာ အရေးကြီးတာက နိုးနိုးဘာမှမဖြစ်ဖို့ပါပဲ။ ဝက်ပါ စိတ်ပူစွာနှင့် ကားကိုလည်း သတိထားမောင်းနေရသည်။ ဒီအချိန်မှာ သူ့အတိမ်းအရှောင်ဖြစ်လျှင် နိုးနိုးလည်း ဒုက္ခရောက်လေမလား။

ဒါ သူ့အပြစ်တွေပါ...

နိုးနိုးသာ သူတို့အိမ်မှာ ဆက်နေခဲ့လျှင် ဘာအန္တရာယ်မှ ရှိမှာမဟုတ်ပေ။ သူစိတ်လိုက်မာန်ပါ လုပ်ခဲ့တာတွေအတွက် နိုးနိုးရှက်ပြီး သူ့အိမ်သူပြန်သွားခဲ့တာမဟုတ်လား။

"ကိုသမား"





ကားနှစ်စီးလုံး ရှေ့ဆင့်နောက်ဆင့်ရပ်လိုက်တာနှင့် ညိုညိုပြေးထွက်လာပြီး ကသောကမျောနှင့်...

"ကိုသမား...မမ...မမဒုက္ခရောက်နေပြီ၊ ကယ်ပါ"

"ဟင်"

"မမ်ကို သူတို့...ဟီး"

ဝက်ပါ ဆက်နားထောင်မနေတော့ဘဲ ပြေးတက်လာခဲ့တော့၏။ သမားက ညိုညို့ကို ကွေ့ပတ်ရှောင်နေရသဖြင့် နောက်ကျကျန်ခဲ့သည်။

"ပေးမလား...မပေးဘူးလား"

"မပေးဘူး"

"တော်တော်အကြောမာတဲ့ ကောင်မ"

"ကျော်ထင်၊ ဒီအခန်းကို ဓာတ်ဆီလောင်း၊ ပြီးရင် မီးရှို့သတ်ပစ်မယ်"

ကျော်ထင် ဓာတ်ဆီပုံးကိုယူပြီး မြှောက်လိုက်စဉ်...

"ဘုန်း!"

"ဟာ..."

"ဝုန်း!"

ဝက်ပါ ပုံးကိုပြေးကန်ထည့်လိုက်တော့ ပုံးက လွင့်ကျ



www.burmeseclassic.com

www.burmeseclassic.com



လွင့်ထွက်သွားသည်။

"ဝက်ပါ"

"ဩော်. . . မင်းကိုး"

"ကယ်တင်ရှင်ကြီးကို မကာယ်နိုင်အောင် လုပ်ပေးရမယ်"

သုံးယောက်တစ်ယောက် ထိုးကြကြိတ်ကြဖြစ်သည်နှင့် နောက်ထပ် သမားပါ ရောက်လာသည်။

"ရော့"

"ခွပ်!"

"ဖြောင်း. . ."

နိုးနိုးရဲ့အခန်းထဲကနေ ရောင်ကြ တိမ်းကြ တိုက်ကြနှင့် အပြင်သို့ရောက်သွားကြသည်။ နိုးနိုးလည်း တစ်ကိုယ်လုံး ရိုက်နှက်နိုပ်စက်ထားကြလို့ မလှုပ်နိုင်အောင် နာကျင်နေပြီ၊ သတိမလစ်အောင် စိတ်ကိုတင်းထားရင်း ထရပ်နိုင်ဖို့ ကြိုးစားနေရ၏။

အပြင်ဘက်မှာလည်း. . .

သမားက ကျော်ဖင်နှင့်ယှဉ်နေရသည်။ ကျော်ဖင့်လက်ရည်က မညံ့တော့ လုံ့သိပ်နိုင်ရေး မနည်းကြိုးစားနေရ၏။ ဝက်ပါက နှစ်ယောက်တစ်ယောက်ဖြစ်နေသည်။ သမား ကျော်ဖင့်ကို အလဲထိုးပြီး ဝက်ပါ့ဘက်ကိုလှည့်လိုက်ချိန်တွင် ဦးချစ်မောင်ဆီ





မှ ဓားရောင် လက်ခနဲမြင်လိုက်ရသဖြင့်. . .

"ဝက်ပါ"

"ဟင်"

"အား. . ."

'တောက်!"

သမားကို ဓားထိုးမိသွားသဖြင့် ဝက်ပါ ဦးချစ်မောင်ကို ကန်ထုတ်ပစ်လိုက်၏။

"ဖောင်း!"

"အ. . ."

"ကဲကွာ"

"ဒုတ်!"

"အင့်"

ကျော်ထင်ပါ ယိုင်ထွက်သွားလေသဖြင့်. . .

"သမား"

ဝက်ပါ သမားဘက်သို့ပြန်လှည့်လိုက်ချိန်မှာ ဦးချစ်မောင်နှင့် ကျော်ထင် ပြန်ထလာလေတော့၊ ဝက်ပါ့ကို အောက်ထပ်အထိ မှူးခေါ်ဖို့ ဆင်းပြေးသွားသည်။ ဝက်ပါလည်း လိုက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝက်ပါ"

ကိုယ့်ရင်ဝက ဒဏ်ရာကို လက်နှင့်ဖိရင်း သမား ဝက်ပါ့ကို စိတ်မချသဖြင့် ဆင်းလိုက်ခဲ့သည့်တွင် . . .

"လုပ်ကြပါဦး . . . မီးတွေလောင်နေပြီ"

အခွင့်အရေးရတာနှင့် ကျော်ဇင်က နိုးနိုးအခန်းထဲက ဓာတ်ဆီပုံးကိုယူသွန်ပြီး မီးရှို့လိုက်တာပါ။ ခုမှတော့ မထူးတော့ဘူးလေ။

သမားနဲ့တက်လိုက်သွားပြီး ဦးသဲသာထက်နေခဲ့သည့်အခန်းထဲမှာ ဝင်ပုန်းနေခဲ့တဲ့ညိုညို၊ မီးလောင်နေတာမြင်ပြီး အောက်ထပ်သို့ ပြန်ပြေးဆင်းလာခဲ့တာပါ။

"မမကို ကယ်ကြပါဦး"

"ဟင်!"

"မမအခန်း မီးလောင်နေပြီ"

"နိုးနိုး"

ဝက်ပါ ချက်ချင်းပြန်ပြေးတက်သွား၏။ သမားက ရေရှိနိုင်မည့်နေရာသို့ အရင်ပြေးပြီး သူ့တစ်ကိုယ်လုံးကို ရေတွေလောင်းချလိုက်ပြီး ပြေးရပြန်သည်။

"နိုးနိုး"





တံခါးဝက မီးတောက်ကိုကြည့်ပြီး ဝက်ပါ မဝင်နိုင်ဖြစ်နေ၏။ မီးနားကို မကပ်နိုင်တာနှင့်ဘဲ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။

"နိုးနိုး"

"ဟာ! သမား၊ မဝင်နဲ့ . . . မရတော့ဘူး"

"မဝင်ရင် နိုးနိုးသေသွားမှာပေါ့ကွ"

"သမား"

ဝက်ပါ သမားကိုချုပ်ထားလိုက်၏။ ပဋိပက္ခတွေ ရှိခဲ့ပေမယ့် မုန်းလို့မှမဟုတ်ခဲ့ဘဲ။ သေတွင်းထဲ ယက်ဆင်းမယ့်အဖြစ်မျိုးတော့ ဝက်ပါကြည့်မနေနိုင်ပါဘူးလေ။ ပြီးတော့ သမားရင်ဝမှာ ဓားဒဏ်ရာက ရှိသေး၏။

နိုးနိုးကို ကယ်တင်ဖို့က နည်းလမ်းရှာမရနိုင်ဖြစ်နေပြီး မျှော်လင့်ချက်က ကင်းမဲ့နေပြီ။

"သမား"

"မင်းဖယ်နော်"

"ဟော့ကောင်"

"ခွပ်!"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



“ခွပ်!”

ရှိသမျှခွန်အားနှင့် သမားတတ်နိုင်သလောက် ကြိုးစားပြီး နိုးနိုးကိုကယ်ရမည်။ သူ့ကိုဆွဲထားတဲ့ ဝက်ပါ့ကို လက်သီးနှင့် နစ်ချက်ဆင့်ထိုးပြီး လွတ်သွားတာနှင့် မီးထဲသို့ ပြေးဝင်သွားလေ၏။

“သမား”

တစ်ကိုယ်လုံး ရေတွေစိုနေသဖြင့် ဂျာကင်ကိုချွတ်ကာ ခေါင်းကို အုပ်၊ မျက်နှာကို ကာ၍၊ ရအောင်ဝင်ခဲ့ပြီးလျှင် . . .

“နိုးနိုး . . . နိုးနိုး”

“သမား”

“နိုးနိုး”

နိုးနိုးကလည်း နောက်ဆုံးခွန်အားလေးနှင့် သမားကို ခေါ်လိုက်တာ အားကိုးတကြီးနှင့်ပါ။ သမား နိုးနိုးကိုပွေ့ခေါ်မလို့ ပြင်လိုက်စဉ် နိုးနိုးနောက်ကျောဘက်က သောက်ရေသန့်ဘူးကြီးကို မြင်လိုက်ရသဖြင့် စောင်တစ်ထည်ကိုပါ ဆွဲယူပြီး ရေစွတ်လိုက်၏။

ပြီးမှ နိုးနိုးကိုယ်ကို ပတ်ပေးလိုက်ပြီး ပွေ့ခေါ်လာခဲ့လေသည်။





“သမား . . . နေဦး”

လှူရိပ်တွေမြင်လိုက်ပြီး ရေတွေနှင့် ပက်ကြသည်ထင်ခဲ့ရ။ အရာမထင်ပေမယ့် ပြန့်သွားတဲ့မီးညွန့်ကြားကပဲ သမား ပြေးထွက်ခဲ့ရသည်။

“သမား . . . နိုးနိုး”

ဝက်ပါ စိုးရိမ်တကြီးခေါ်လေသည်။ နိုးနိုးကိုယ်ကစောင်ကို ဆွဲခွာသူက ခွာလေ၏။ ပိုးဖလံလို မီးထဲတိုးဝင် တိုးထွက်ခဲ့တဲ့သမား မျက်နှာနှင့်ခေါင်းကို မီးမလောင်ပေမယ့် ကျန်တဲ့နေရာတွေက မီးပူဟပ်တာကြောင့်ရယ်၊ မောဟိုက်ရာကြောင့်ရယ် တို့နှင့် သတိလစ်သွားလေတော့သည်။ နိုးနိုးမှာလည်း သတိလစ်နေပြီ။

“မမ . . . မမ”

“မီးသတ်ကားတွေ ရောက်လာပြီ”

“သူတို့ကို ဆေးရုံပို့ရအောင်”

ဝက်ပါ ပျာယာခတ်ပြီး ဘေးလူတွေ အကူအညီနှင့် သမားနှင့်နိုးနိုးကို ဆေးရုံပို့ဖို့ ပြေးရလွှားရလေတော့၏။

သမားနဲ့ နိုးနိုး အသက်ဘေးမှ ချမ်းသာရာရကြပါစေ။

“မမ . . . မမ”



www.burmeseclassic.com

www.burmeseclassic.com



ညိုညို့မှာလည်း မျက်ရည်လေးစက်လက်နှင့် သမ
နဲ့ နိုးနိုးကြားမှာသာ။

"ကိုသမား . . . ကိုသမား . . . မမ"



## အခန်း (၂၉)

သမားအတွက် သေွးလိုသည်ဆိုသောကြောင့် သွေးချင်း
တဲ့ ဦးမျိုးသိုက်ကပဲ သွေးလှူခွင့်ရသည်။ တူဖြစ်သူ၏မျက်နှာ
ကြည့်ရင်း အံတကျိတ်ကျိတ်နှင့်ပါ။ ကိုယ်ကတော့ ရိုက်ဖို့မပြော
ရှယ်တောင်မရှယ်ရက်အောင် ချစ်ခဲ့တာ။

ဝက်ပါဆိုတဲ့ကောင်ကတော့ . . .

အချစ်ဆုံးသူငယ်ချင်းဆိုပြီး ကိုယ့်တူလေးကို လက်သီး
ထိုးတာက တစ်မျိုး၊ အခုလည်းကြည့်၊ ဝက်ပါ့ကိုကာကွယ်
း တားထိုးခံရတာတဲ့။ နိုးနိုးကိုကယ်လိုက်ရလို့ မီးလောင်ခံရတာ
တစ်မျိုးနှင့် မြင်ရတာ မရှုမလှပါ။

"သမား သတိရပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"မရသေးဘူး"

"စိုးရိမ်ရလားဟင်"

"ဆရာဝန်ကြီးကတော့ ဘာမှမစိုးရိမ်ရဘူးလို့ ပြောသွားတယ်"

"တော်ပါသေးရဲ့"

ဦးမျိုးသိုက် ခပ်သဲ့သဲ့စကားသံတွေကြားလို့ ပြန်ငဲ့ကြည့်လိုက်တော့ ဝက်ပါနှင့်နိုးနိုးပါ။ နိုးနိုးလည်း သတိရလာပြီကိုး။

"လေးလေး"

"ဟင်"

နိုးနိုးရော ဝက်ပါပါ သမားအနားသို့ရောက်လာကြပြီး သမားကို စိုးရိမ်စွာကြည့်လိုက်ကြသည်။

"အား . . . ဟင်း . . . ဟင်း"

"ဟင်"

"ကျွတ်! ကျွတ်! "

"သမား"

သမားထံမှ ညည်းသံထွက်လာသဖြင့် အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

"သမား"





သမားမျက်လုံးတွေ ဖွင့်ကြည့်လာသည်။ ပထမတော့ မျက်နှာတွေကိုသာ လိုက်ကြည့်နေ၏။ အတန်ကြာမှ . . .

"နိုးနိုး"

"သမား"

"မင်း ဘာမှမဖြစ်ဘူးနော်"

"ဟင့်အင်း . . . နိုးနိုးဘာမှမဖြစ်ပါဘူး သမားရဲ့။ သမား ဘယ်လိုနေသေးလဲဟင်"

သမားပြုံးလိုက်ပြီး . . .

"ကိုယ်မသေနိုင်ပါဘူး နိုးနိုးရဲ့"

"သမား . . . သူငယ်ချင်း"

"ဝက်ပါ"

ဝက်ပါက သမားလက်ကို ခပ်တင်းတင်းဆုပ်လိုက်၏။ သူ့ရိယနှင့်ဘုန်းမြတ် လာသွားပြီး၊ သူရိယက ဝက်ပါ့ကို မကျေနပ်ကြည့်နှင့်ကြည့်သွားတာကို ဝက်ပါစိတ်မကောင်းဖြစ်နေမိတာ သမားဘာမှမဖြစ်လို့ တော်သေးတာပေါ့။

သမားသာ တစ်ခုခုဖြစ်လျှင် . . .

အပြစ်မကင်းစွာနှင့် တစ်သက်လုံးနောင်တရနေမည့်သူက ဝက်ပါပါ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါကျေးဇူးတင်ပါတယ် သမားရာ။ ငါ့မှာ မင်း ပေးတဲ့အသက်ပဲ ရှိတော့တာပါ"

"နိုးနိုးလည်း အတူတူပါပဲ၊ သမားသာ မကယ်ရင် နိုးနိုး သေမှာ သမားရဲ့"

ဦးမျိုးသိုက် ထရပ်လိုက်ပြီး အပြင်သို့ထွက်လာခဲ့တော့သည်။ ကြာကြာနေရင် သူပြောမိတော့မှာလေ။ တကယ်တမ်း ဖြစ်လာပြီဆိုတော့ ရင်ပူဟပ်ရတာ ဦးလေးဖြစ်တဲ့သူပဲမဟုတ်ပါ လား။



## အခန်း (၃၀)

"ရော့! ဒီမှာ လေယာဉ်လက်မှတ်၊ မင်းအဖေနောက် ကို မင်းလိုက်သွားတော့ သမား။ မင်းဒီမှာဆက်ရှိနေရင် ငါလည်း ဒေါသတွေ မောဟတွေဖုံးပြီး သေသွားလိမ့်မယ်"

နှစ်ယောက်ကြားကို ချပေးလိုက်တဲ့ လေယာဉ်လက် မှတ်ကိုကြည့်ပြီး ဝက်ပါ့ရင်ထဲမှာ နင့်ခနဲဖြစ်သွားသည်။ သမား မျက်ဝန်းတွေကလည်း ရီဝေဆွေးမြေ့ခြင်းတို့နှင့်ပါ။ တကယ်သွား တော့မယ်ဆိုရင် သမားက သွားရမည့်သူပါလေ။

ငယ်ငယ်ကတည်းက . . .

လေးလေးက သမားဆန္ဒမှန်သမျှကို ဖြည့်ဆည်းပေးခဲ့ သူ။ သူ့ဆန္ဒကိုတော့ သမား ငြင်းပယ်ပစ်လို့ဖြစ်မတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



လေးလေးရဲ့ကျေးဇူးတွေက သမားအပေါ် ကြီးမားလွန်းလှသည်မို့ အဲဒီကျေးဇူးတွေကိုဆပ်ဖို့ လေးလေးက သွားဆိုရင်သွား၊ လေးလေးက လာဆိုရင် လာခဲ့ပေးဖို့ သမားဆုံးဖြတ်ထားပြီးသားပါ။

"လေးလေး"

ဝင်းပါခေါ်လိုက်တော့ ဦးမျိုးသိုက်က စူးခနဲကြည့်သည်။

"သမားကို နိုင်ငံခြားလွှတ်တာ ကျွန်တော့်ကြောင့်လား လေးလေး"

"ဘယ်သူ့ကြောင့် ဘယ်ဝါကြောင့်လို့ သူများကို ငါ အပြစ်မဖို့ချင်ဘူး ဝင်းပါ။ သည်းခံပါရမီနဲ့ ပြည့်စုံလွန်းတဲ့ ငါ့တူကိုပဲ ငါမကျေနပ်တာ။ သူ့မှာ ဒုက္ခရာတွေရလာတိုင်း မြင်ရတဲ့ ငါ့ရင်ထဲမှာ နေဆယ်စင်းပူသလို ခံစားရတယ်။ သူမရှိတော့ရင် ငါမြင်လည်းမမြင်ရဘူး၊ ခံစားစရာလည်း မလိုတော့ဘူးပေါ့ကွာ"

"ကျွန်တော်မှားခဲ့တာတွေကို ဝန်ခံပါတယ် လေးလေးရယ်။ ပျက်အစဉ်ပြင်ခဏ၊ အချိန်မီချုပ် အစုတ်သက်သာဆိုတဲ့ စကားအရ ကျွန်တော် သမားအပေါ်မှာ နိုင်ခဲ့သမျှ ပြန်ပြီးပေးဆပ်ပါရစေ။ ကျွန်တော် နောင်တတွေရနေပါပြီ၊ သမားကို နိုင်ငံခြား မလွှတ်ပါနဲ့ လေးလေးရယ်နော်"

"ဘာ!"





သမားက ခေါင်းကိုသာ ငုံ့ထား၏။ သူ့မှာ ခွန်းတုံ့ခံပြန်ပြောဖို့စကားလုံး မရှိတော့ပါဘူး။ ဝင်းပါကိုချစ်သလို နိုးနိုးကိုလည်း သူ့ရင်ထဲမှာ နှင့်နေအောင်ချစ်ခဲ့သည်။ ကိုယ်ချစ်တဲ့သူတွေအတွက် အသက်နဲ့ရင်းပြီး ကာကွယ်ခဲ့တာ အနစ်နာခံခဲ့တာတွေအတွက် ချမှတ်ခံရတဲ့ပြစ်ဒဏ်ကို သမား ကျေကျေနပ်နပ်နဲ့ ခံယူသွားမှာပါ။

နိုးနိုးရယ် . . .

မင်းကို ကိုယ်လေ ကိုယ့်အသက်နဲ့ထပ်တူ ချစ်ခဲ့ပါတယ်။ ဒါပေမဲ့ မင်းရင်ထဲမှာ ကိုယ်မရှိခဲ့သလို ကိုယ့်ရဲ့ပြိုင်ဘက်ကလည်း ကိုယ့်အချစ်ဆုံးသူငယ်ချင်း ဝင်းပါဖြစ်နေတော့၊ မင်းတို့နှစ်ယောက်ကြားမှာ ကိုယ်က အမှိုက်စ မဖြစ်ချင်ပါဘူးကွာ။

ဒါကြောင့် . . .

အားလုံးစိတ်ချမ်းသာဖို့အတွက် ကိုယ်အဝေးဆုံးကိုထွက်သွားပေးပါ့မယ်။ ခရစ္စမတ်ညက နိုးနိုးဖြေတဲ့အဖြေ တကယ်ဖြစ်ရင် သိပ်ကောင်းမှာပဲလို့ ကိုယ်စိတ်ကူးယဉ်ခဲ့ပေမယ့် မဖြစ်နိုင်မှန်းကိုလည်း သိပါတယ်။ ကိုယ် အိပ်မက်ကနေ နိုးထပါရစေတော့။

"မင်း ဘယ်လောက်ထိ ပြန်ပေးဆပ်နိုင်မှာလဲ ဝင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"သမားအတွက် လိုအပ်သမျှ ဘာပဲဖြစ်ဖြစ်ပါ"

"နှလုံးသားတစ်ခု ဆိုရင်ရော"

"ဗျာ!"

"လေးလေး"

လေးလေးစကားကြောင့် သမား ရုတ်တရက်ထရပ်လိုက်သည်။

"မဖြစ်နိုင်တာကို မတောင်းဆိုပါနဲ့ လေးလေး။ လေးလေး သွားဆိုရင် ကျွန်တော် နိုင်ငံခြားကိုသွားမှာပါ။ အဲဒီအတွက် နောင်တတွန်သံပေးဖို့ ကျွန်တော် ဘယ်တော့မှစိတ်ကူးမှာမဟုတ်ဘူး လေးလေး။ ကျွန်တော် ဘယ်သူ့ကိုမှ စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါရစေနဲ့"

"မင်းပါးစပ်ကိုပိတ်ထား သမားတော်၊ ငါပြောနေတဲ့အချိန်မှာ မင်းဘာမှဝင်ပြောစရာမလိုဘူး"

"လေးလေး"

"သမား"

ဝက်ပါ လက်ကာပြလေသဖြင့် သမားပါးစပ်ပိတ်သွားသည်။ ဦးမျိုးသိုက် မဲ့ပြုံးပြုံးလိုက်ရင်း...

"မင်းကို သမားတော်လို့ နာမည်ပေးခဲ့တာကိုက တို့





မှားခဲ့တာ။ မင်းက မင်းနာမည်ရဲ့ဂုဏ်သိက္ခာကို တော်တော်ထိန်းသိမ်းတတ်တာပဲကွ။ သူများဝေဒနာတွေကိုတော့ ကုစားပေးပြီး ကိုယ်ကတော့ အသေခံမယ့်သဘောပဲ။ ချီးကျူးပါတယ် မင်းကို"

"လေးလေး ကျွန်တော့်ကို မခနဲ့ပါနဲ့"

"မင်းဘယ်လိုပဲ ဟန်ဆောင်ကောင်းကောင်း၊ မင်းရင်ဘတ်ထဲကို ဖောက်ထွင်းပြီးမြင်နေတာ ငါတစ်ယောက်တည်းပဲ မဟုတ်ဘူး သမားတော်။ မင်း... နိုးနိုးကို"

"လေးလေး... တော်ဗျာ"

လေးလေးကလည်းလို့ မာမာပင် ခံမပြောဖူးတဲ့ သမားပါးစပ်က အခု လေသံမာမာထွက်လာတော့ ဦးမျိုးသိုက်ရင်ထဲမှာ တဆစ်ဆစ်နာကျင်သွားလေတော့၏။

ဝက်ပါ...

သမားလက်မောင်းကို ခပ်တင်းတင်းဆုပ်ကိုင်လိုက်၏။ သူကရော မသိဘဲနေပါ့မလား။ တကယ်ဆို ပန်းမျိုးတာက သမားဖြစ်ပြီး သူက ပွင့်လာမှ ပန်ချင်တဲ့သူပါ။ အစက သူပဲ နိုးနိုးကို မှိုချိုးမျှစ်ချိုးပြောပြီး ကြည့်မရဖြစ်နေချိန်မှာ သမားက နိုးနိုးကို ဖေးမကူညီခဲ့တဲ့သူ။ အားပေးနှစ်သိမ့်ပေးခဲ့သူ။ သမားပြုပြင်ပေးလို့ နိုးနိုးအလှတွေ ထင်ပေါ်လာမှ ကိုယ်က စိတ်ပြောင်းပြီး အချစ်



www.burmeseclassic.com

ဆိုတာကို နားလည်ခံစားတတ်လာတာလေ။

သမားကလည်း လူထဲကလူမို့ ချစ်တတ်တဲ့နှလုံးသားနဲ့ နိုးနိုးကို ကိုယ့်အရင်က ချစ်ခဲ့တာ မဆန်းပေ။

"မင်း ဟန်ဆောင်နေစရာ မလိုတော့ပါဘူး သမားရာ။ လေးလေးပြောသလို ငါလည်း မင်းနှလုံးသားက ခံစားမှုတွေကို မြင်နေခဲ့ပါတယ်။ မြင်လျက်နဲ့ ဥပေက္ခာပြုပြီး အနိုင်ယူခဲ့တာ ငါ အတ္တကြီးခဲ့တာပါ။ တကယ်တော့ နိုးနိုးနဲ့ထိုက်တန်သူက မင်းပါကွာ"

"မဟုတ်ဘူး ဝက်ပါ၊ ငါ. . . ."

"မြင်လို့ မြင်ပါတယ်ပြောတဲ့သူကို မင်းက မျက်လုံးထိုးဖောက်ပြီး အလကားပါလို့ ညာချင်သေးလို့လား သမား။ ချစ်ကြတာချင်းအတူတူ မင်းမှာရော ကြိုးစားခွင့်မရှိလို့လား။ ခုတော့ အချစ်ဆိုတာ ပေးဆပ်ခြင်းဆိုတဲ့ခေါင်းစဉ်ကြီးတပ်ပြီး မင်းအသေခံသွားလည်း ဘယ်သူကမှ ရာဇဝင်မှာ စာတင်ပြီး ကမ္ဘည်းကျောက်စာထိုးပေးမှာ မဟုတ်ဘူး။ ပေါ် ကြောင်ဆိုပြီး နှာခေါင်းရှုံ့တဲ့သူနဲ့ သနားပါတယ်ဆိုပြီး စုပ်သပ်တဲ့သူ၊ တစ်ဖက်တစ်ချက်စီမှာ ရပ်ပြီး မင်းရဲ့ပနမှာ ကျွေးတာစား၊ ပေးတာယူပြီး ပြန်ကြရုံပဲရှိမှာ"





ပြောလိုက်ရင် အဲဒီလို ပါးစပ်ကြမ်းတာ လေးလေးရဲ့ ဝါသနာ။ လူကောင်းစိတ်တို့ပီပီ ဒေါသဖြစ်လာရင် ပြောချင်တာကို ပြောလိုက်ရမှ ကျေနပ်သူမို့ပါ။

"လေးလေးပြောတာ မှန်တယ် သမား။ မင်း နိုးနိုးကို ဖွင့်ပြောလိုက်ပါ။ ငါ့ကိုထည့်စဉ်းစားမနေနဲ့။ ဒီပွဲကနေ ငါနှုတ်ထွက်လိုက်ပြီ"

"မဖြစ်ဘူး ဝက်ပါ"

"ဘာလို့မဖြစ်ရမှာလဲ"

"နိုးနိုးရင်ထဲမှာ ငါမရှိဘူး။ ပြီးတော့ မင်းတို့နှစ်ယောက်ကို လူကြီးချင်းသဘောတူထားကြတာပဲဟာ။ မင်းနဲ့သာ နိုးနိုးက ထိုက်တန်တာပါကွာ"

ဦးမျိုးထိုက် သေစမ်းဆိုပြီး တူဖြစ်သူကို ရိုက်သတ်ချင်စိတ်ပေါက်သွားချေ၏။

"နိုးနိုးရင်ထဲမှာ မင်းရှိနေခဲ့ရင်ရော သမား"

"မဖြစ်နိုင်တာ ငါသိနေတယ်လေ"

"မင်း နိုးနိုးကို ဖွင့်ပြောလိုက်ပါ"

"မင်းပဲ လက်ထပ်လိုက်ပါကွာ"

"မဖြစ်ဘူး"

www.burmeseclassic.com



"ငါလည်းပြောမှာမဟုတ်ဘူး"

"ဒီကိစ္စကို ငါဆုံးဖြတ်မယ်"

ဩဇာသံအပြည့်နှင့် လှမ်းပြောပြီးဝင်လာသူက ဦးကမ္ဘာကျော်ပါ။

"ဖေဖေ"

"အန်ကယ်"

ဦးကမ္ဘာကျော်က ဦးမျိုးသိုက်လို ဒေါသသံမပါဘဲ တည်ငြိမ်သောမျက်နှာထားနှင့် ဆိုဖာပေါ်မှာ အေးအေးဆေးဆေးဝင်ထိုင်လေသည်။ ဦးမျိုးသိုက်က သူ့ဘက်ကိုယ့်ဘက် မှားတွေးတာရှိပေမယ့် ကိုယ့်တူချည်းပဲ အနစ်နာခံနေရတာမို့ မမှားတာကိုပြောချင်လျက် ထောက်ထားစရာတွေရှိနေလို့ မျိုသိပ်ရင်း နိုင်ရာကို မဲပြော၍ ပေါက်ကွဲနေသူ။

ဦးကမ္ဘာကျော်ကတော့...

မှန်မှန်တတတွေးပြီး နှစ်ဦးနှစ်ဖက် အဆင်ပြေအောင် ဖြေရှင်းပေးချင်သူ။ ကိုယ့်သားကချည်းပဲ အနိုင်ရဖို့လိမ်ခွဲနေပြီး သမားအနစ်နာခံနေတာကိုလည်း သိ၏။ နှလုံးသားရေးကိစ္စကို နှလုံးသား၏အလိုဆန္ဒအတိုင်း ဆုံးဖြတ်မှရမည်လေ။

"သားတို့နှစ်ယောက်စလုံး မှတ်ထားကြ... အချစ်ကို





ကလေးကစားသလို ဒီအရုပ် မင်းနဲ့တန်တယ်၊ မင်းယူ။ ငါကတော့လိုချင်တယ်၊ မင်းကစားရင် ငါမယူပါဘူးဆိုတာမျိုး လုပ်လို့မရဘူးလေ"

"အဲဒီတော့ ကိုကမ္ဘာက ဘယ်လိုဆုံးဖြတ်ပေးမှာလဲ"

ဦးကမ္ဘာကျော် ကလေးနှစ်ယောက်မျက်နှာကို တစ်လှည့်စီကြည့်၍...

"အဓိကက နှိုးနှိုးရဲ့ဆန္ဒပါ၊ သူတကယ်ချစ်တဲ့သူကို သူကိုယ်တိုင်ပဲ ရွေးချယ်ပါစေ"

သမားနှင့်ဝက်ပါ အကြည့်ချင်းဆုံသွားကြ၏။ တကယ်တော့ သူတို့နှစ်ယောက်ကသာ နှိုးနှိုးကိုချစ်နေကြတာ။ နှိုးနှိုးရင်ထဲမှာက ဘယ်သူရှိနေသလဲ တိတိကျကျဘယ်သူမှမသိကြပေ။ ဝက်ပါ့ကိုစိတ်ဝင်စားခဲ့တာရှိသလို သမားကိုလည်း တွယ်တာခဲ့တာပဲလေ။

"ဘယ်လိုလဲ၊ သားတို့သဘောတူရဲ့လား"

"ဟုတ်ကဲ့၊ သဘောတူပါတယ်"

ဖြေသံက ပြိုင်တူပါ။

"ကောင်းပြီလေ၊ ဒါဆို ဒီကပြန်တာနဲ့ ငါ နှိုးနှိုးဆီကိုသွားလိုက်မယ်။ သူ့ကိုပြောပြပြီး စဉ်းစားချိန် သုံးရက်ပေးထား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့မယ်ဆိုရင် လုံလောက်ပါပြီ။ သုံးရက်ပြည့်တဲ့နေ့မှာတော့''

ဦးကမ္ဘာကျော် စကားကိုဖြတ်ထားပြီး ကြည့်လိုက်တော့ နှစ်ယောက်စလုံး ခေါင်းငုံ့သွားကြ၏။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိဘူးဆိုတာကို ဖော်ညွှန်းလိုက်သလိုပါပဲ။

''ဆက်ပြောလေဗျာ''

ဦးမျိုးသိုက်ပြောမှ ဦးကမ္ဘာကျော် ခေါင်းညိတ်လိုက်ပြီး

''ငါချိန်းပေးတဲ့နေရာကို မင်းတို့သွားကြပေါ့''



## အခန်း (၃၁)

**ဒီနေ့…**

နိုးနိုး . . . နှလုံးသားရဲ့အရှင်သခင်ကို ရွေးရမည့်နေ့ပါ။ အနိုကယ်ကမ္ဘာကျော် လာမပြောခင်ကတည်းက နိုးနိုးရဲ့နှလုံးသားက ရွေးချယ်ထားပြီးသားလေ။ တစ်ယောက်အတွက်တော့ နိုးနိုး စိတ်မကောင်းဖြစ်ရုံကလွဲပြီး ဘာတတ်နိုင်မှာလဲ။ နှစ်ယောက် ရွေးချယ်လို့ရတဲ့ကိစ္စမှ မဟုတ်တာ။ ကိုယ်တကယ်ချစ်ခဲ့သူကိုပဲ ရွေးချယ်ရတော့မည်ပေါ့။

''မမ''

''ဟင်''

''အနိုကယ်ကမ္ဘာ ရောက်နေပြီ''



www.burmeseclassic.com

www.burmeseclassic.com



"အေးအေး"

နိုးနိုး လက်ကိုင်အိတ်ကလေးကိုကောက်ယူလိုက်တော့

"မမ"

"ဟင် . . . ဘာလဲ ညိုညိုရဲ့"

ညိုညိုက နိုးနိုးမျက်နှာလေးကို ငေးကြည့်လျက် . . .

"မမ ဘယ်သူ့ကိုရွေးမှာလဲဟင်"

"ညိုညိုက ဘယ်သူ့ကို ရွေးစေချင်လို့လဲ"

"ညိုညိုကတော့ မမကို ကိုသမားနဲ့ပဲ သဘောတူတယ်၊ မမ ကိုသမားကို ရွေးမှာလားဟင်"

နိုးနိုး ညိုညို့မျက်နှာလေးကိုပြန်ကြည့်လျက် မဖြေဘဲ နှုတ်ဆိတ်နေသည်။ ပြီးမှ သက်ပြင်းချလိုက်ပြီး . . .

"မမနဲ့လက်ထပ်ရမယ့်သူကို မမရဲ့နှလုံးသားက ကြို တင် လက်ညှိုးထိုးပြီးသားပါ။ ဘယ်သူဆိုတာကို ကြိုမပြောခဲ့ တဲ့အတွက် ညိုညို မမကိုခွင့်လွှတ်ပေးပါ"

နိုးနိုးပြောပြီးတာနှင့် ထွက်လာခဲ့တော့၏။

"အန်ကယ်"

"ဪ . . . သမီး၊ အဆင်သင့်ဖြစ်ပြီလား"

"ဟုတ်ကဲ့"





"ဒါဆို သွားကြစို့ သမီးရေ"

ဦးကမ္ဘာကျော်နှင့်နိုးနိုးတို့ ချိန်းပေးထားတဲ့နေရာကို ထွက် ခဲ့ကြ၏။ နိုးနိုးရင်တွေ ခုန်နေ၏။ ကိုယ်တကယ်ချစ်တဲ့သူကို ချစ် ပါတယ်လို့အဖြေပေးပြီး တစ်ဘဝလုံး အားကိုးယုံကြည်ခြင်းများ နှင့် လက်တွဲသွားရတော့မည်သာ။

နိုးနိုး ဘယ်သူ့ကိုရွေးချယ်မည်ဆိုတာ ဦးကမ္ဘာကျော် သိနေ၏။ ဝမ်းနည်းဝမ်းသာခံစားမှုနှစ်ရပ်နှင့် တစ်လမ်းလုံး စကား မပြောဖြစ်ဘဲ တိတ်ဆိတ်နေကြသည်။ အောင်နိုင်သူအတွက် အပြုံး တစ်ဖက်နှင့် ရှုံးနိမ့်သူအတွက် စိတ်မကောင်းခြင်းက တစ်ဖက် ပေါ့ပါလေ။ လက်တွဲဖော်ဆိုတာ နှစ်ယောက်ရွေးလို့ရတဲ့အရာ မဟုတ်လေတော့၊ သူ့အတွက် စိတ်မကောင်းဖြစ်ပေးရုံကလွဲပြီး ဘာများတတ်နိုင်မှာလဲ။

"သမီး"

"ရှင်"

"ဟိုမှာတွေ့လား၊ သမားနဲ့ ဝက်ပါ အကျအဝေးတစ်ခု မှာ ရပ်နေကြတာ၊ သမီး ဒီကနေ ဆင်းသွားလိုက်ပြီးရင် သမီး ရွေးချယ်ရာလမ်းကို ကွေ့သွားလိုက်ပါ"

"ဟုတ်ကဲ့ပါ အန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



နိုးနိုး ကားပေါ်မှဆင်းလိုက်တော့ ဦးကမ္ဘာကျော် ကားကို ဘက်ခ်ဆုတ်ပြီး ပြန်မောင်းထွက်သွားလေသည်။ လမ်းက အင်္ဂလိပ်အက္ခရာတီပုံစံ ဖြစ်နေ၏။ လမ်းဖြောင့်တစ်ကြောင်းပေါ်မှာ ဝက်ပါက တစ်ဖက်၊ သမားက တစ်ဖက်။ နိုးနိုးက လမ်းဖြောင့်ပေါ်ကို လျှောက်သွားရမည့်အလယ်မျဉ်းပေါ်မှာ။

ဝက်ပါနှင့်သမား နိုးနိုး ဘယ်ဘက်ကိုချိုးကွေ့မလဲ စောင့်ကြည့်နေကြ၏။ နိုးနိုး တစ်ဖက်ကိုချိုးကွေ့လိုက်တာနှင့် ကျန်တစ်ဖက်ကလူက သဘောပေါက်စွာနှင့် ကျောခိုင်းပြန်ရမည်သာ။ တစ်လှမ်းချင်းလျှောက်လာတဲ့နိုးနိုးခြေလှမ်းတွေက ဆုံမှတ်သုံးခုနေရာမှာ ရပ်တန့်သွားလေသည်။

ပထမ . . .

သမားဘက်ကို ငဲ့ကြည့်နေ၏။ နောက်တော့ မျက်နှာနှင့်အတူ ခြေလှမ်းတွေက ဝက်ပါဘက်သို့ ချိုးကွေ့သွားလေတော့သည်။

"သား"

အဖြေက ရှင်းသွားပြီမို့ ဦးမျိုးသိုက် အသံတုန်တုန်ကြီးနှင့် ကားပေါ်ကနေ လှမ်းခေါ်သည်။ သားအတွက် မျက်ရည်တစ်စက်သည် ပါးပြင်ပေါ်သို့ ကြွေဆင်းသွား၏။





"ဆက်ကြည့်မနေနဲ့တော့ သား။ မင်းကျောခိုင်းပစ်လိုက်စမ်းပါ"

သမားလက်ထဲက လေယာဉ်လက်မှတ်ကိုကြည့်ပြီး ရင်ထဲမှာ နင့်သီးခြင်းတို့နှင့် မျက်ရည်တွေကျလာ၏။ သူ အားလုံးကို ခွဲခွာရတော့မည်လေ။ ကိုယ်ရှုံးနိမ့်သွားပြီဆိုတာနဲ့ ကိုယ်သိပ်ချစ်တဲ့ အမိမြန်မာပြည်ကိုပါ ခွဲခွာရတော့မှာပါ။

"ဝက်ပါ"

"နိုးနိုး"

ဝက်ပါ လက်ကမ်းပေးတာကိုမြင်လိုက်ရသည်နှင့် သမားချာခနဲကျောခိုင်းပစ်လိုက်သည်။ ခရစ္စမတ်ညက ပုံရိပ်ကလေးတွေ မျက်ဝန်းထဲမှာ ထင်ဟပ်လာ၏။

"နိုးနိုး"

"ဟင်"

"ကိုယ်အခုပြောမယ့်စကားကို နားနဲ့တင် နားထောင်တာမျိုးမဟုတ်ဘဲ နှလုံးသားက ခံစားနားလည်ပေးစေချင်တယ်"

"အင်း . . . ပြောလေ"

"အချစ် ဘယ်ကစလဲလို့ မေးတဲ့သူရှိရင် သနားခြင်းကစခဲ့တယ်လို့ ကိုယ်ဖြေမိမယ်ထင်တယ်။ အစက ကိုယ် နိုးနိုးကို



www.burmeseclassic.com

www.burmeseclassic.com



အရမ်းသနားခဲ့တာပါ''

''ဘာဖြစ်လို့ သနားတာလဲဟင်''

''ဘာကြောင့်လဲဆိုတာ နိုးနိုးနဲ့ကိုယ် ဒုတိယအကြိမ်ဆုံဖြစ်ခဲ့တဲ့နေ့လေးကို နိုးနိုးပြန်စဉ်းစားမိရင်သိမှာပါ။ အဲဒီတုန်းကတော့ စိတ်မကောင်းဖြစ်ရုံပါပဲ။ နောက် နိုးနိုးရဲ့ဖေဖေဆုံးသွားတော့ မိဘမဲ့ချင်း ကိုယ်ချင်းစာစိတ်နဲ့ သနားခဲ့မိတယ်''

သမား သက်ပြင်းလေးချလိုက်မိသည်။ ဒီအဖြစ်အပျက်ကလေးတွေက မနေ့တစ်နေ့ကလို ရင်ထဲမှာ စွဲထင်နေတုန်းပါပဲ နိုးနိုးရယ်။ အိပ်မက်နဲ့လက်တွေ့ဘဝက အရမ်းကွာခြားလွန်းပါလား။

''သနားလို့ ကူညီဖေးမခဲ့ရာကနေ ကိုယ့်ရင်ထဲကို မထင်မှတ်ဘဲ ဝင်ရောက်လာခဲ့တာ အချစ်ပဲ နိုးနိုး''

''သမားက ဘယ်သူ့ကိုချစ်မိသွားတာလဲဟင်''

''ဘယ်သူရှိရဦးမှာလဲ နိုးနိုးရယ်၊ နိုးနိုးကိုပဲပေါ့။ ကိုယ်နိုးနိုးကို အရမ်းချစ်မိသွားခဲ့တယ်''

''သမားရယ်''

''နိုးနိုးရင်ထဲမှာ ကိုယ့်အတွက်နေရာမရှိမှန်း ကိုယ်သိပါတယ်။ သိသိနဲ့ပဲ ကိုယ့်ဘာသာ ဖန်ဆင်းခဲ့တဲ့အိပ်မက်ကမ္ဘာလေး





ထဲကနေ လန့်နိုးသွားမှာ ကိုယ်ကြောက်နေခဲ့မိတယ် နိုးနိုး''

''နိုးနိုးရင်ထဲမှာ သမားအတွက် နေရာရှိပါတယ် သမားရယ်။ နိုးနိုးလည်း သမားကို''

သမားကိုခင်ပါတယ်ဆိုတဲ့အဖြေကို ပြန်ကြားရဖို့ အင်အားမဲ့မဲ့နဲ့ နားစွင့်ခဲ့ရတဲ့အချိန်မှာ မင်း ကိုယ်ထင်သလိုမဖြေခဲ့ဘူးလေ။ ကိုယ်က တကယ်ရင်ထဲကလာတဲ့စကားတွေနဲ့ သရုပ်ဆောင်ပြခဲ့တာမို့ မင်းကိုလည်း ကိုယ့်လိုပဲလို့ မျှော်လင့်ထားခဲ့မိတာ ကိုယ်အရမ်းမှားသွားခဲ့ပါတယ် နိုးနိုးရယ်။

''နိုးနိုး သမားကိုချစ်ပါတယ်''တဲ့။

တကယ်ဖြစ်ရင် သိပ်ကောင်းမှာပဲလို့အတွေးနဲ့ ရင်ခုန်သံတွေက အိပ်မက်ထဲထိ လိုက်နှောင့်ယှက်နေခဲ့တာ ခုတော့ပြီးဆုံးသွားခဲ့ပြီပေါ့။

''သား. . . လာလေကွာ''

လေးလေးရဲ့အသံကြောင့် သမားခြေလှမ်းတွေက ကားဆီသို့ ဦးတည်လာခဲ့တော့သည်။ မင်းလဲလှယ်သိမ်းထားစေချင်တဲ့ မင်းရဲ့ဆွဲကြိုးလေးရယ်၊ နှင်းဆီပွင့်လေးရယ်က ကိုယ့်ကိုလှောင်ပြောင်ရယ်မောနေကြပါပြီ နိုးနိုးရယ်။

သမားရဲ့လက်က လည်ပင်းမှဆွဲကြိုးလေးဆီသို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားလေ၏။ ဒီဆွဲကြိုးလေးကို သမားသိမ်းထားခဲ့ပြီးမှ ဒီနေ့မှ ထုတ်ဆွဲလာခဲ့မိတာ ကိုယ့်ကိုလှောင်ပြောင်စေဖို့ ဖြစ်ခဲ့ပြီ။

"လေးလေးတို့ သွားကြပါစို့ သား"

သမားခေါင်းညိတ်ပြီး ကားတံခါးကိုဆွဲဖွင့်လိုက်စဉ်. . .

"သမား"

သမားလက်တွေ တံခါးကိုမဖွင့်ဖြစ်သေးဘဲ တန့်သွား၏။ ကိုယ့်ကိုလာနှုတ်ဆက်တာလား နိုးနိုးရယ်။ နှုတ်မဆက်ပါနဲ့ နိုးနိုးရယ်။ မင်းသွားပါ . . . ကိုယ်မငိုပါရစေနဲ့တော့။

"သမား"

"ဟင်"

နောက်ကျောဘက်ကနေ ခါးကိုဖက်ခြင်းခံလိုက်ရပြီး လေးလေးက ကားကိုဘက်ခ်ဆုတ်သွားလေသည်။ သမား ဘာမှ မပြောလိုက်နိုင်ခင်မှာပဲ . . .

"နိုးနိုးကိုထားခဲ့ပြီး တကယ် နိုင်ငံခြားကို သွားတော့ မလို့လား သမားရယ်"

"ဒါ အားလုံးသဘောတူညီစွာနဲ့ ချမှတ်ခဲ့တဲ့စည်းကမ်းချက်ပါ။ ကိုယ်ရှုံးရင် . . ."

"သမား မရှုံးဘူးလေ"





"ဟင်!"

သမားခါးပေါ်က နိုးနိုးလက်ကလေးကို ဖယ်ချပြီး နိုးနိုးဘက်ကို လှည့်ရပ်လိုက်သည်။

"ကွန်ကရက်ကျူလေးရှင်းပါ သူငယ်ချင်း"

"ဝက်ပါ"

ဝက်ပါက ပြုံးနေလျက် . . .

"မင်းအတွက် ငါဝမ်းသာပါတယ်၊ နောက်ဆုံးတော့ သည်းခံခွင့်လွှတ်ခြင်းနဲ့ ပေးဆပ်အနစ်နာခံမှုတွေက အချစ်ကို အနိုင်ရ မိုလ်စွဲသွားအောင် ကူညီခဲ့တဲ့လက်နက်ကောင်းတွေပါ။ မင်းတို့နှစ်ယောက် ထာဝရပျော်ရွှင်ခြင်းနဲ့ အချစ်နဲ့ပျိုးတဲ့အိမ်ထောင်ရေးကမ္ဘာလေးကို တည်ဆောက်ခွင့်ရသွားပါပြီ"

"ဟင်! နိုးနိုး ဝက်ပါ့ကိုရွေးလိုက်တာ မဟုတ်ဘူးလား"

"ဟင့်အင်း"

ဝက်ပါက ခြောက်ကပ်ကပ်နှင့် ရယ်လိုက်ကာ . . .

"နိုးနိုး ငါ့ဘက်ကိုလာလို့ ငါ့ကိုရွေးလိုက်တယ်လို့ မင်းက ထင်တာလား။ ငါပေးထားတဲ့သော့ချိတ်ကလေးကို ပြန်လာပေးတာပါကွာ။ အစက ငါ့ကိုစိတ်ဝင်စားတာမှန်ပေမယ့် စိတ်ဝင်စားတာ အချစ်နဲ့မဆိုင်ဘူးတဲ့လေ။ နိုးနိုးက ငါ့မျက်နှာကို ထည့်



www.burmeseclassic.com

www.burmeseclassic.com



တည့်ကြည့်ပြီး ပြောတာကွ။ ဟား . . . ဟား . . . သူချစ်ခဲ့တာ သမားတဲ့။ သမားကို အားကိုးယုံကြည်မိတာကနေ စချစ်မိသွားတာပါတဲ့ကွာ''

သမား နီးနီးမျက်နှာလေးကို မယုံသလိုကြည့်လိုက်တော့ နီးနီးက ပြုံးနေသည်။

''တကယ်လားဟင် နီးနီး''

''ဩော် . . . မင်းကလည်း အခုထိမယုံသေးဘူးလား။ ကဲ! နီးနီး ကိုယ်ရှောင်ပေးပါ့မယ်။ ဒီကောင်ကြီးယုံအောင် သက်သေပြလိုက်ပါဦး''

ပြောပြီး ဝက်ပါ နောက်ဆုတ်သွားလျက် . . .

''ငါသွားပြီဟေ့''

ကားပေါ်သို့တက်ပြီး ဝက်ပါမောင်းထွက်ခဲ့လေတော့၏။ အောင်နိုင်ခြင်းရဲ့လက်နက်က သည်းခံခြင်းနဲ့ မေတ္တာတရားဆိုတာ ဝက်ပါ သိလိုက်ပါပြီ။ နောင်ဆိုတဲ့အချိန်တွေမှာ ဝက်ပါဆိုတာ သမားတော်လိုလူမျိုးတစ်ယောက်ဖြစ်အောင် နေထိုင်ကျင့်ကြံသွားဖို့ ဆုံးဖြတ်ချက်များနှင့် . . .

မင်းတို့ပျော်ရွှင်ကြပါစေ နီးနီးရယ်။ ကိုယ်ကတော့ ကိုယ့်ရင်ထဲကဒဏ်ရာကို ကုသဖို့ ကြိုးစားရဦးမှာပါ။



## အခန်း (၃၂)

**သမား...**

ဝက်ပါ့ကားလေး ထွက်သွားတာကို မျက်စိတစ်ဆုံးလိုက်ကြည့်နေမိသည်။ ငါ တကယ်စိတ်မကောင်းပါဘူး သူငယ်ချင်းရာ။

''ဒါ . . . ပေး''

''ဟင်!''

နီးနီး သမားလက်ထဲက လေယာဉ်လက်မှတ်ကို ဆွဲယူပြီး အပိုင်းပိုင်းဖြစ်အောင် လုပ်ပစ်လိုက်၏။ ဒီလက်မှတ်ရှိနေရင် သူတွေဝေပြီး နီးနီးကို ထားချင်ထားခဲ့ဦးမှာ။

''ဟာ . . . ဟေ့! ဘာလုပ်တာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်တာလေ"

"ဘာလို့လုပ်ရတာလဲ၊ အဲဒီလက်မှတ်ရဲ့တန်ဖိုးက"

"နိုးနိုး ဆယ်ဆပြန်လျော်မယ်၊ အဲဒီလက်မှတ်တန်ဖိုးက နိုးနိုးထက် အရေးကြီးနေလို့လား"

"ခင်ဗျားလေး ချမ်းသာမှန်းကို သိပါတယ်"

"ဦးချစ်မောင်တို့ ထောင်ကထွက်လာရင် ရှင် ကန်တော့လိုက်ဦး"

"ဟင်! ဘာဖြစ်လို့လဲ"

"သူတို့အကြံပက်စက်ပြီး နိုးနိုးဒုက္ခရောက်သမျှ ရှင်က အသက်စွန့်ပြီးကယ်ခဲ့တာလေ။ အဲဒါကြောင့် ခုလို သမားကိုရွေးချယ်ဖို့ ဆုံးဖြတ်ချက်ခိုင်မာသွားခဲ့တာ၊ သိလား"

သမားခေါင်းမော့ရယ်လိုက်ပြီး နိုးနိုးပခုံးလေးကို ဖက်လိုက်သည်။ နိုးနိုးက သမားလည်ပင်းက ဆွဲကြိုးလေးကို ကိုင်ကြည့်ပြီးမှ သူမလည်ပင်းဆီက ဆွဲကြိုးဆီသို့ လက်ပြန်ရောက်သွားသည်။ ခရစ္စမတ်ညက နိုးနိုးတို့ ဒီဆွဲကြိုးလေးတွေနဲ့ နှလုံးသားချင်း ဖလှယ်ခဲ့ကြတာပါ။

"နိုးနိုး"

"ဟင်"





"ကိုယ့်ကိုချစ်လား"

"သူကဖြင့် ဘာမှမပြောဘဲနဲ့"

"ပြောပြီးပြီလေ"

"ဘယ်တုန်းကလဲ"

"ခရစ္စမတ်ညက ကိုယ်ပြောခဲ့တာတွေက အတည်ပဲဟာ"

"ဒီကလည်း အတည်ဖြေခဲ့တာလေ၊ မသိဘူးလား"

သမား မျက်စောင်းလေးဝင့်ကာ ဆိုလိုက်တဲ့နိုးနိုးမျက်နှာလေးကို စိုက်ကြည့်လိုက်၏။ အချစ်သည် သူ့အတွက်တော့ သနားခြင်းက စခဲ့တာမို့ နိုးနိုး အရင်လို ပိန်ကပ်ကပ်နှင့် မလှမပဖြစ်နေခဲ့ရင်လည်း သူချစ်မိမှာပါပဲ။ သူ နိုးနိုးကို လှလာလို့ ချစ်ခဲ့တာမဟုတ်ဘူးဆိုတာ ကိုယ့်ဘာသာပဲသိသည်။

နိုးနိုးကလည်း . . .

သမားချောလို့ တော်လို့ ချစ်ခဲ့မိတာမဟုတ်ပေ။ ကိုယ့်အပေါ်မှာ အမြဲတမ်းကူညီဖေးမခြင်းနဲ့ မြင့်မြတ်တဲ့စိတ်ထား၊ အားကိုးထိုက်တဲ့ယောကျ်ားမို့ ယုံကြည်အားကိုးခြင်းကနေ စပြီး ချစ်ခဲ့မိတာပါ။

အချစ်ဘယ်ကာစ လို့မေးလျှင် . . .



www.burmeseclassic.com

နှစ်ယောက်စလုံး၏ရင်ထဲမှာ မတူညီခြင်းများနှင့် စခဲ့ကြသည့် အချစ်ဆိုတဲ့အရာသည် ကြင်နာခြင်း၊ မြတ်နိုးခြင်းများနှင့် ဖေးမ ကူညီလိုက်သည့်အခါ၊ အချစ်သည် ပျားရည်မြစ်ထဲက သကြားလုံးကလေးပါ။

"ညီညီကြလေ၊ မမနဲ့ကိုသမားကိုပဲ သဘောတူတယ်လို့ပြောနေတာ"

"ဟုတ်လား"

"အင်း . . . နိုးနိုး သူ့ကိုစချင်တာနဲ့ ဘာမှပြန်မဖြေခဲ့ဘူး။ သမားကို နိုးနိုးရွေးလိုက်မှန်းသိရင် သူ့အရမ်းဝမ်းသာနေမှာ သမားရဲ့"

"အဲဒီကောင်မလေးကို ဘောက်ဆူးကောင်းကောင်းပေးရဦးမယ်"

"ဟင်! သူနဲ့ဘာဆိုင်လို့လဲ၊ နိုးနိုးက ဆုံးဖြတ်ပေးရတာကို။ ပေးချင်းပေး . . . နိုးနိုးကိုပေးရမှာလေ"

သမားရင်ထဲမှာ နွေးနေသည်။ စောစောက နင့်သီးခဲ့ရသမျှ ခုကျတော့ ရင်ထဲမှာ ပေါ့ပါးလတ်ဆတ်ခြင်းများနှင့် အချစ်က အမွှေးနံ့သာဖြန်းပေးနေသည့်အလားပင်။

"နိုးနိုးကိုလည်း ပေးရမှာပေါ့"





"ဘာပေးမှာလဲ"

"အချစ်ဆုလာဒ်"

"အာ . . . သမားနော်"

သမားခေါင်းငုံ့လိုက်တာနှင့် နိုးနိုးက ရှောင်တိမ်းပြီး သူ့ရင်ဘတ်ကိုတွန်း၍ ထွက်ပြေးသွားလေသည်။ ခပ်လှမ်းလှမ်းကိုရောက်မှ သမားဘက်သို့ပြန်လှည့်ကြည့်၏။ သမားက ခါးထောက်၍ ရပ်ကြည့်နေဆဲတွင် . . .

"သမား"

သမားက မေးဆတ်၍ထူးလေလျှင် . . .

"ကားတွေလည်း တစ်စီးမှမရှိတော့ဘူး။ ဘယ်လိုပြန်ကြမလဲ"

သမား နိုးနိုးဆီသို့လျှောက်သွားပြီး နိုးနိုးလက်ကလေးကို ဆုပ်ကိုင်လိုက်ကာ . . .

"ကားမရှိလည်းနေပါစေ၊ ဒီနေ့ ကိုယ့်ခြေထောက်နဲ့ကိုယ် ကမ္ဘာပတ်မယ်"

"ကမ္ဘာပတ်မယ်"

"HAPPY WORLD ကိုပြောတာ"

သမားနော်၊ နိုးနိုးကို မညှင်းနဲ့၊ နိုးနိုး ကိုယ့်ခြေထောက်

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ကိုယ် မသွားနိုင်ဘူး''

''ကျွတ်! စလို့စမှန်းမသိပါလား၊ ကိုယ့်ချစ်သူအသစ်စက်စက်ကလေးကို နိုင်းရက်ပါ့မလား။ တက္ကစီနဲ့သွားမှာပေါ့။ ပြီးရင် ကျောပိုးခေါ်သွားပေးဦးမယ်၊ ကိုရီးယားလို''

''ဒါ မြန်မာပြည်ရှင့်''

ပြောပြီး နီးနီးနှုတ်ခမ်းစူလေသည်။ ဘာကိုသဘောမကျလို့ စူသွားမှန်းမသိတဲ့နှုတ်ခမ်းကို သမား လက်ညှိုးလေးနှင့်ဖိကာ စလေ၏။ နီးနီးက ဟိုဘက်လှည့်သွားလေတော့ . . .

''ဘာဖြစ်သွားတာလဲ''

နီးနီးက မဖြေ။

''ဟိတ်!''

သမား နီးနီးကိုယ်လေးကို သူ့ဘက်သို့ဆွဲလှည့်လိုက်ပြီးလျှင် . . .

''ဘာလို့နှုတ်ခမ်းစူတာလဲ၊ လှလည်းမလှဘဲနဲ့''

''နီးနီးက အသစ်စက်စက်ဆိုတော့ သမားမှာ အဟောင်းတွေက ရှိခဲ့သေးတယ်ပေါ့''

''ဟာကွာ''

သမား ရယ်လည်းရယ်၊ ခေါင်းကိုလည်း ကုတ်မိလေ၏။





နှုတ်ခမ်းစူတာလေးက ချစ်ဖို့ကောင်းပေမယ့် အပြုံးလောက် ဘယ်အေးချမ်းပါ့မလဲ။ နီးနီး သူ့ကိုစတာပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် အဲဒီလိုကျတော့ သမားမခံနိုင်ပေ။

ကိုယ့်ကို ဝက်ပါများ မှတ်နေသလားမသိ။ ကိုယ့်မှာ နီးနီးကလွဲလျှင် ဘယ်မိန်းကလေးကိုမှ စိတ်ဝင်စားခဲ့ဖူးတာမှ မရှိခဲ့တာလေ။

''ဒီမှာဗျ''

''ဘာလဲ''

''ကျွန်တော့်မှာ ခင်ဗျားကလွဲပြီး ချစ်ခဲ့တာ ကုတ်ခဲ့တာ ဘာအဟောင်းမှမရှိခဲ့ဘူးသိလား။ လူကို ဘယ်လိုကောင်များ မှတ်နေတယ်မသိဘူး''

ဝက်ပါ့လိုများ မှတ်နေသလားလို့ သူ မပြောရက်ပါ။ ဝက်ပါ ဘာပဲဖြစ်နေဖြစ်နေ သူဘာများပြောခဲ့ဖူးလို့လဲ။

''မသိနိုင်ဘူးလေ၊ အချို့က ကုပ်ကုပ်ကလေးနဲ့''

''နီးနီး''

သူ့မျက်နှာနီသွားလေတော့ နီးနီး ရယ်ချင်သွားလေ၏။ နီးနီး စနေတာပါသမားရယ်။ သမားဘာပဲဖြစ်နေဖြစ်နေ နီးနီးက နှင်းသွတ်ခြင်းနဲ့ချစ်နေမယ့်သူပါ။ သမားက ဝက်ပါ့လို ရည်းစား

www.burmeseclassic.com



တွေ ထည်လဲတွဲခဲ့ရင်တောင် . . .

နှီးနှီးကလေ . . .

နောက်ဆုံးချစ်သူဆိုတဲ့ဘွဲ့ကို သမားလက်ကို နိုင်နိုင်တွဲခွင့်ရတဲ့အတွက် ကျေကျေနပ်နပ်ကြီးနဲ့ လက်ခံ စုံမက်သွားမှာပါ။

"လူကို မယုံသင်္ကာနဲ့ စိတ်ကသိကအောက်ဖြစ်အောင် လုပ်တဲ့ ကောင်မလေး . . . ကဲ!"

"အို! သမား"

သမားဆွဲဖက်လိုက်တော့ နှီးနှီး အလန့်တကြားလေး မော့ကြည့်လေသည်။ သမားပြုံးတော့ နှီးနှီးနှုတ်ခမ်းလေးတွေ လည်း ပြုံးလာသည်။ သူတို့နှစ်ယောက်ကတော့ အချစ်စစ်က ဖန်ဆင်းပေးတဲ့လမ်းကြောင်းလေးပေါ်မှာ ပျော်ရွှင်စွာ လျှောက် လှမ်းကြတော့မည်။

ကိုယ်ရှုပ်တဲ့ကြိုးတွေ ကိုယ့်ကိုပြန်ပတ်ပြီး မျက်စိလည် လမ်းမှား၍ အမြင်နီး၍ ခရီးဝေးသွားခဲ့သူက ဝက်ပါရယ်ပါ။ ။

ပရိသတ်များကို ချစ်ခင်လေးစားလျက် . . .

မိုးစက်ပွင့်
18-9-12

ဩဂုတ်လ ၂၀၁၃ တွင် ဖတ်နိုင်ပါပြီ

**မမသန္တာမောင်**
မပြာမီကာဝါ

**ကြယ်စင်မှူးဝေ** (အုပ်၁၀ဖြည့်အထူးထုတ်)
ကန္တာရထဲက အချစ်လေညှင်းလေး

**မယ်နိုင်**
ဂျစ်ပစီ

**မိုးစက်ပွင့်**
အချစ်ဘာယကာစ

**အလင်းသစ်**
ခွင့်လွှတ်ပါမောင်

**ခေတ်ပါမြ**
တံခါးလေးဖွင့်ထားတယ်

ရွှေပဒေသာစာပေ
☎ : 01-384927

www.burmeseclassic.com